ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 22 January 2023 ၁၀၉၈၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်မတော်အနေဖြင့် နိုင်ငံတော်၏ လုံခြုံရေး၊ ကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များကို ထမ်းဆောင်လျက်ရှိပြီး ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် အကြမ်းဖက်မှုများ မရှိစေရေးအတွက်လည်း ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ရှိ ငပလီခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံတွဲတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**တနင်္ဂနွေ အထူးအချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဆောင်းပါးရှင် တက္ကသိုလ်မြတ်သူ၏ "အံ့ဩဖွယ်မကုန် ပီတိရသ...ဖြင့် ဆင်နွှဲခဲ့သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အောင်ပွဲ"တနင်္ဂနွေအထူးအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။



**နိုင်ငံ့စီးပွား၊ ဒေသစီးပွားတိုးတက်ရေး အထောက်အကူပြုစေမည့် နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း**

ဆောင်းပါး စာမျက်နှာ » ၁၈



ကြေးမုံ

# ထာဝရမိတ်ဆွေကောင်းအဖြစ် အစွန့်ရှည်ကြာခိုင်မြဲ

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဇန်နဝါရီလ ၂၀ ရက်နေ့က ရခိုင်ပြည်နယ် သံတွဲမြို့တွင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ သီးခြားတွေ့ဆုံ၍ တပ်မတော်နှစ်ရပ်အကြား ရှေ့ဆက်ဆောင်ရွက်ကြမည့်ကိစ္စများကို ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံသည် နိုင်ငံ၏သမိုင်းကြောင်းနှင့် ပထဝီနိုင်ငံရေးအခြေအနေများအရ လွတ်လပ်ရေးရပြီးသည့်ကာလမှစ၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅ ) ချက်ကို နိုင်ငံခြားရေးမူဝါဒ၏ အခြေခံအုတ်မြစ်အဖြစ် အစဉ်တစိုက်အသုံးပြုလာခဲ့သည်။ မျက်မှောက်ကာလတွင်လည်း လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုဆောင်ရွက်ခဲ့သည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းကျင့်သုံးလျက်ရှိသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံ၍ ရပ်တည်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံတကာရေးရာကိစ္စများတွင် နိုင်ငံအားလုံး တန်းတူရည်တူရှိမှုနှင့် မိတ်ဝတ်မပျက် မိတ်ဆွေအဖြစ် ဆက်ဆံရေးကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ လာအို၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နီးကပ်စွာ ဆက်သွယ်ဆက်ဆံ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းငါးနိုင်ငံ၏ ဆက်ဆံရေးသည် နှစ်ပေါင်းရှည်ကြာစွာ ချစ်ကြည်ရင်းနှီးမှုများဖြင့် မိတ်ကောင်းဆွေကောင်း၊ အိမ်နီးချင်းကောင်းများအဖြစ် အစဉ်တစိုက် ဆက်ဆံပေါင်းသင်းနေထိုင်ခဲ့ကြသည်။

နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံတကာဥပဒေများ၊ ပဋိညာဉ်များ၊ သဘောတူညီချက်များနှင့်အညီ ဆက်သွယ်ဆက်ဆံဆောင်ရွက်လျက်ရှိရာ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လိုသည့် အချို့အဖွဲ့အစည်းများ၊ အချို့နိုင်ငံများရှိသော်လည်း အိမ်နီးချင်းနိုင်ငံများအနေဖြင့်မူ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းပီသစွာဖြင့် ချစ်ခင်ရင်းနှီးစွာ လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ပထဝီနိုင်ငံရေးအခြေအနေအရ စိန်ခေါ်မှုများရှိသော်လည်း အိမ်နီးချင်းနိုင်ငံများအနေဖြင့်မူ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ချစ်ကြည်ရင်းနှီးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အလေးထားပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် “နိုင်ငံ၏နယ်နိမိတ်ကိုအသုံးပြုပြီး အိမ်နီးချင်းမိတ်ဆွေနိုင်ငံများအပေါ် ဆန့်ကျင်မည့် မည်သည့်အဖွဲ့အစည်းကိုမျှ လက်ခံသွားမည်မဟုတ်”ဆိုသည့် မူဝါဒကို အလေးထားကျင့်သုံးလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ နိုင်ငံ့တာဝန်ယူထားသည့်ကာလတစ်လျှောက်တွင် အမျိုးမျိုးသောဖိအားပေးမှုများကြား၌ မြန်မာနိုင်ငံ၏ ပကတိဖြစ်စဉ်အမှန်အပေါ် သဘောပေါက်သိရှိပြီး ပူးပေါင်းကူညီဆောင်ရွက်ကြသည့် အဖွဲ့အစည်းများ၊ နိုင်ငံများ၊ လူပုဂ္ဂိုလ်များရှိရာ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများသည် မြန်မာနိုင်ငံအပေါ် အိမ်နီးချင်းကောင်း၊ မိတ်ကောင်းဆွေကောင်းအဖြစ် အစဉ်တစိုက် လက်တွဲဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ ခိုင်မာပြီး ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ရှေးယခင်ကတည်းက အခိုင်အမာစိုက်ထူထားနိုင်ခဲ့သည်။

ယခုအခါ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုများနှင့် ဆက်ဆံရေး ပိုမိုတိုးမြှင့်နိုင်ရန် ရည်ရွယ်၍ မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၂၀၁၃ ခုနှစ်မှစ၍ ပြုလုပ်ခဲ့သည်။ ယခုကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှတစ်ဆင့် တပ်မတော်နှစ်ရပ်အကြား ယုံကြည်မှု၊ အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ပိုမိုတိုးတက်အားကောင်းလာစေရန် တည်ဆောက်နိုင်လိမ့်မည်ဟု ယုံကြည်သည်။ မြန်မာနိုင်ငံအနေဖြင့် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်တို့အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို အရှိန်အဟုန်မပျက်ဘဲ ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် နိုင်ငံများနှင့် မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနေထိုင်လျက်ရှိရာတွင် အထူးသဖြင့် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့်ဆက်ဆံရေး၌ မိတ်ကောင်းဆွေကောင်း၊ အိမ်နီးချင်းကောင်းများအဖြစ် ဆက်ဆံလျက်ရှိပြီး ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအရှိန်တိုးမြှင့်၍ အစွန့်ရှည်ကြာ ချစ်ကြည်လက်တွဲဆောင်ရွက်လျက်ရှိပါကြောင်း။ ။

## ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီလက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

## ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့နှင့် ဦးစီးဌာနမိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၂၁

ပြည်ထဲရေးဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ်ရှိ ကူးတို့ဆိပ်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြို့မရွှေကြာရုံကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိသာသနာ့ရက္ခိတကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ရာမညနိကာယသာသနာ့ရက္ခိတပရိယတ္တိ မွန်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ထေရဝါဒဓမ္မရောင်ခြည် ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ မဟာအတုလဝေယံဘုံသာတိပိဋကရွှေပါရမီကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ပညာပါရမီကျောင်းတိုက်နှင့် ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ပုဗ္ဗာရုံကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သရက်တောကျောင်းတိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ပညာစက္ကရာမကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မိုးကုတ်ရိပ်သာ(မြောက်)ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ နဂါးပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ်တောင်ကြီးမြို့နယ်ရှိ နောင်အင်ပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ လွယ်ဝိန်းတောရ ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းပွန်မြို့၌ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျှော့ချနိုင်ရေး ကွင်းဆင်းစစ်ဆေး

လွိုင်လင် ဇန်နဝါရီ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့နယ် မိုင်းပွန်မြို့



မြန်မာ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာ ဦးအောင်နိုင်ထွန်းနှင့် ဝန်ထမ်းများက မိုင်းပွန်မြို့တွင်း လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျှော့ချနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရပ်ကွက်အတွင်းလျှပ်စစ်ဓာတ်အားလျှော့နည်း ပျောက်ဆုံးမှုလျှော့ချနိုင်ရေး၊ ဓာတ်အားများ တရားမဝင်အသုံးပြုမှုမရှိစေရေးတို့ကို ကွင်းဆင်းစစ်ဆေးကြပြီး ဓာတ်အားလိုင်း ဓာတ်ကြိုးများနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## တိုင်းရင်းသားများ စည်းလုံးအားဖြင့် လက်တွဲမပျက် ရှေ့သို့ဆက်

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများ၊ သံတွဲတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

### နိုင်ငံရေးဖြစ်စဉ်ပြောင်းလဲမှု

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာ၌ သံတွဲတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံးကို တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ လုံခြုံရေး၊ ကာကွယ်ရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များကို ထမ်းဆောင်လျက်ရှိပြီး ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် အကြမ်းဖက်မှုများ မရှိစေရေးအတွက်လည်း ဥပဒေနှင့်အညီ ထိန်းသိမ်း ဆောင်ရွက်လျက်ရှိကြောင်း ဦးစွာပြောကြားပြီး ကမ္ဘာ့နိုင်ငံများတွင် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မြန်မာနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ ထိုကဲ့သို့သော မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့ဘဲ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှု အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အကျပ်အတည်းများနှင့် နိုင်ငံရေး အမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်ရပ်များကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်နေမှု အခြေအနေများနှင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆီဆေးပန်းချီကားကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးအား ပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က နိုင်ငံတော်၏ စီးပွားရေးမြှင့်တင်ဆောင်ရွက်နေမှုများအား ဆက်လက် ပြောကြားရာတွင် ယခင်အစိုးရသက်တမ်းတွင် စီမံခန့်ခွဲမှုအားနည်းခြင်းနှင့် ပြည်တွင်းစီးပွားရေးကို အားပေးမှုမရှိခြင်းကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ပြီး ကုန်သွယ်မှုလိုငွေများလည်း များစွာ ဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးခြင်း မရှိခြင်းကြောင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်ရမှုများရှိကြောင်း။

### နိုင်ငံ့စီးပွားမြှင့်တင်ရေး လုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိ

ထိုကဲ့သို့သော အခြေအနေများကြောင့် ကျဆင်းခဲ့သည့် စီးပွားရေးများပြန်လည်တိုးတက်လာစေရေးအတွက် မိမိတို့အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး နိုင်ငံ့စီးပွားရေးနှင့် ကိုက်ညီသင့်တော်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး MSME လုပ်ငန်းများကို အဓိကထား အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံ၏ စီးပွားရေးသည် အတိုင်းအတာ တစ်ခုအထိ ပြန်လည်တိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပြည်ပချေးငွေများကိုလည်း ပြန်လည်ပေးဆပ်လျက်ရှိကြောင်း၊ ပြည်တွင်းစီးပွားရေး လုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အဖိုးတန် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများ များစွာရှိပြီးဖြစ်သဖြင့် အဆိုပါသယံဇာတများဖြင့် ရှိပြီးသား လူသားအရင်းအမြစ်များကို စနစ်တကျအသုံးချမည်ဆိုပါက စီးပွားရေးလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံ့စီးပွားရေး အားကောင်းလာစေရန် အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဆိုပါက မကြာမီအချိန်တွင် အာဆီယံနိုင်ငံများ၌ အလယ်အလတ်အဆင့်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စီးပွားရေး လုပ်ငန်းများကို ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့ဝင်ငွေများ ပိုမိုရရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ပြီး ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### တပ်မတော်သားများ၏ သက်သာချောင်ချိရေး၊ ပညာရည်မြင့်မားရေးအတွက် ဖြည့်ဆည်းဆောင်ရွက်

တပ်မတော် အတွင်း၌လည်း တပ်မတော်သားများ၏ သက်သာချောင်ချိရေးကို အထောက်အကူပြုစေသည့် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသည် သမာအာဇီဝကျသည့် လုပ်ငန်းတစ်ခုဖြစ်ပြီး အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် မှီခိုသူများ၏ စားရေး၊ ဝတ်ရေးနှင့် နေရေးတို့ကို တတ်နိုင်သမျှ ပြည့်စုံအောင် စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

ထို့ပြင် မိမိတို့နိုင်ငံ၌ ပညာရေးအားနည်းမှုများရှိသဖြင့် ပညာရည်မြှင့်တင်မှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သားများ၏ ပညာရည်မြင့်မားရေး အတွက်လည်း ဆောင်ရွက်ခဲ့ကြောင်း၊ အတန်းပညာများရှိရန် လိုအပ်သကဲ့သို့ စာဖတ်မှ စာတတ်မည်၊ စာတတ်မှ အသိပညာနှင့် အတတ်ပညာများ ရရှိမည်ဖြစ်ကြောင်း၊ စာပေပညာများ တတ်ကျွမ်းမှသာလျှင် သက်ဆိုင်ရာ ပညာရပ်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများ ပညာရည်မြင့်မားရေးအတွက်လည်း မိဘကောင်းသဖွယ် စိတ်ဓာတ်ဖြင့် အားပေးမြှင့်တင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ တပ်မတော်သားများ၏ မိသားစုဝင်များ ပညာရည်မြင့်မားရေးအတွက် တပ်မတော်မှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အရာရှိ၊ စစ်သည်များ ဗဟုသုတနှင့် အသိအမြင်များ တိုးတက်ရေးအတွက် တပ်ရင်းတပ်ဖွဲ့များရှိ စာကြည့်တိုက်များတွင် စာအုပ်စာစောင်များကို ပြည့်စုံစွာ ဖြည့်ဆည်း ပေးထားကြောင်း၊ ထို့ကြောင့် အသိပညာ၊ အတတ်ပညာများ တိုးပွားရေးအတွက် စာအုပ်စာစောင်များကို အမြဲမပြတ် ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ စားဝတ်နေရေးအပြင် အသိပညာနှင့် ဗဟုသုတများ ပြည့်စုံစေရေးအတွက်ကိုပါ ဆောင်ရွက်ပေးထားခြင်းဖြစ်သဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိပြီး မိမိတို့၏ လုပ်ငန်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံ၏ ကောင်းရာ ကောင်းကျိုးကို ဆောင်ရွက်နေခြင်းဖြစ်ပြီး အရာရှိ၊ စစ်သည်များအနေဖြင့် ရန်သူကို နေလိုမီးလိုကျင့်ရန်နှင့် ပြည်သူကို ရေလိုလေလိုကျင့်ရန်လိုကြောင်း၊ နိုင်ငံ၏အကျိုးကို ဆောင်ရွက်နေသကဲ့သို့ မိမိတို့ကိုယ်ကို ကောင်းအောင်လုပ်ဆောင်ရန်၊ မိမိတို့တပ်မတော်ကို ကောင်းအောင် လုပ်ဆောင်ရန်နှင့် မိမိတို့နိုင်ငံကို ကောင်းအောင် လုပ်ဆောင်ရန် လိုအပ်ကြောင်း မှာကြားသည်။

စာမျက်နှာ ၄ သို့ »»

**○ မိမိတို့နိုင်ငံတွင် အဖိုးတန် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သယံဇာတများ များစွာရှိပြီးဖြစ်သဖြင့် အဆိုပါသယံဇာတများဖြင့် ရှိပြီးသား လူသားအရင်းအမြစ်များကို စနစ်တကျအသုံးချမည်ဆိုပါက စီးပွားရေးလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံ့စီးပွားရေး အားကောင်းလာစေရန် အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဆိုပါက မကြာမီအချိန်တွင် အာဆီယံနိုင်ငံများ၌ အလယ်အလတ်အဆင့်သို့ ရောက်ရှိနိုင်မည်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃ ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ချစ်ကြည်ရေးဘတ်စကက်ဘောပြိုင်ပွဲပိတ်ပွဲနှင့် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ၂၀၂၃ ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ချစ်ကြည်ရေးဘတ်စကက်ဘောပြိုင်ပွဲကို ကြည့်ရှုအားပေးကြစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၁**

၂၀၂၃ ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ချစ်ကြည်ရေးဘတ်စကက်ဘောပြိုင်ပွဲ ပိတ်ပွဲနှင့် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအိုင်ထွန်း၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ၂၀၂၃ ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ချစ်ကြည်ရေးဘတ်စကက်ဘောပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ တရုတ်ရိုးရာ နဂါးအကအဖွဲ့များနှင့် ခြသေ့်အကအဖွဲ့များ၊ ဗင်ခရာအဖွဲ့များ၊ ပန်းဖွားအကအဖွဲ့များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဗင်ခရာတီးမှုတ်၍ အလေးပြုကြသည်။

**ဖျော်ဖြေတင်ဆက်**

ယင်းနောက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(လသာ)မှ ကျောင်းသား ကျောင်းသူလေးများ၏ ဗင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့တို့က ကွင်းအတွင်းနေရာယူကြပြီး ပန်းဖွားအကများ၊ ဗင်ခရာစွမ်းရည်ပြမှုများဖြင့် လည်းကောင်း၊ တရုတ်ရိုးရာ နဂါးအကအဖွဲ့က စွမ်းရည်ပြသရုပ်ဖော်ကပြမှုများဖြင့်လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်၊ တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်း၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်ဘတ်စကက်ဘောအသင်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တရုတ်နွယ်ဖွားမြန်မာနိုင်ငံသားများနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ယင်းနောက် ချစ်ကြည်ရေးဘတ်စကက်ဘောပြိုင်ပွဲအဖြစ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးအသင်းနှင့် လူငယ်ဘတ်စကက်ဘောအသင်းတို့က ပထမပွဲစဉ်အဖြစ်လည်းကောင်း၊ ဒုတိယပွဲစဉ်အဖြစ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးအသင်းနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘော အားကစားသမားဟောင်းကြီးများ အသင်းတို့က ဒုတိယပွဲစဉ်အဖြစ်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက တရုတ်ရိုးရာ ပဝါဖြင့် ဂါရဝပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ ဒုတိယသံအမတ်ကြီးနှင့် တာဝန်ရှိသူများက တရုတ်နှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးတို့က နှစ်သစ်ကူးပွဲတော် အခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တရုတ်နှစ်သစ်ကူးပွဲတော်ကို စတင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် တရုတ်ရိုးရာနဂါးအကအဖွဲ့များမှ ဂါရဝပြုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး အကအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြကာ တရုတ်ရိုးရာယဉ်ကျေးမှုပြခန်းများနှင့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ ၎င်းနောက် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားအထိမ်းအမှတ် မီးရှူးမီးပန်းပစ်ဖောက်မှုများကို ကြည့်ရှုအားပေးကြသည်။

**စာမျက်နှာ ၅ သို့ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ ဒုတိယသံအမတ်ကြီးနှင့် တာဝန်ရှိသူများက တရုတ်နှစ်သစ်ကူးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

»»» **စာမျက်နှာ ၃ မှ**

**စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက်စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးက လည်းကောင်း အသီးသီး လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကာလအတွင်း ၁၈၂၄ ခုနှစ်၊ မေလ ၁၇ ရက်တွင် ရခိုင်စစ်မျက်နှာ၌ စစ်သူကြီး မဟာဗန္ဓုလ ကွပ်ကဲမှုအောက်ရှိ မဟာသီဟသူရ (မြဝတီမင်းကြီး ဦးစ)ဦးစီးသော မြန်မာဘုရင့်တပ်များသည် ပန်းဝါမြစ်ကို ဖြတ်ကူး၍ ထိုမြစ်အနီးရှိ ရေကန်ဘေးတွင် အခိုင်အမာခြေကုပ်ယူစခန်းချနေသည့် ဗြိတိသျှတပ်ဖွဲ့များအား ပြင်းပြင်းထန်ထန် ချေမှုန်းတိုက်ခိုက်နေပုံကို သရုပ်ဖော်ရေးဆွဲထားသည့် ဆီဆေးပန်းချီကားအား အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai တို့က နှစ်သစ်ကူးပွဲတော်အခမ်းအနားကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

☆ စာမျက်နှာ ၄ မှ

ထို့နောက် (၂၀၂၃)ခုနှစ် တရုတ်နှစ်သစ်ကူးပွဲတော် အထိမ်းအမှတ် ချစ်ကြည်ရေးဘတ်စကက်ဘော ပြိုင်ပွဲပိတ်ပွဲနှင့် တရုတ်နှစ်သစ်ကူးပွဲတော် အခမ်းအနား အထိမ်းအမှတ် ညစာစားပွဲကို ကျင်းပရာ ဦးစွာတရုတ်ရိုးရာခြင်္သေ့မျက်လုံးဖွင့် မင်္ဂလာအခမ်းအနားကိုပြုလုပ်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က တရုတ်ရိုးရာခြင်္သေ့အား တရုတ်ထုံးတမ်းစဉ်လာများနှင့်အညီ ဂုဏ်ပြုဆေးခြယ်သပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းစကားပြောကြားရာတွင် ကမ္ဘာတွင် အသုံးများနေသည့် ပြက္ခဒိန်အရ နှစ်သစ်ကူးနေ့ကို ဇန်နဝါရီလ ၁ ရက်နေ့အဖြစ် ယေဘုယျမှတ်ယူကြပါကြောင်း၊ သို့သော်လည်း ကမ္ဘာပေါ်တွင် နေထိုင်ကြသည့် လူမျိုးစုများသည် ၎င်းတို့၏ ကိုယ်ပိုင်ပြက္ခဒိန်နှင့် ကိုယ်ပိုင်နှစ်သစ်ကူးနေ့များရှိကြပါကြောင်း၊ မနက်ဖြန်တွင် ကျရောက်မည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့သည်လည်း လက်ရှိ ကမ္ဘာ့လူဦးရေအများဆုံးဖြစ်သည့် တရုတ်လူမျိုးတို့၏ နှစ်သစ်ကူးနေ့ဖြစ်ပါကြောင်း၊ ထိုကဲ့သို့သောနေ့တွင် နှုတ်ခွန်းဆက်စကားပြောခွင့်ရသည့်အတွက် အင်မတန် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ နှစ်သစ်ကူးသည်ဆိုခြင်းသည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကူးပြောင်းကြသည့်အခါ၌ မိမိတို့ အားလုံးသည် နှစ်ဟောင်းက ကြုံတွေ့ခဲ့ရသည့် အကောင်းအဆိုး၊ အကြောင်းအကျိုးများကို သေချာလေ့လာစိစစ် ဝေဖန်ပိုင်းခြားပြီး နှစ်သစ်တွင် ပိုမိုကောင်းမွန်တိုးတက်အောင် အချင်းချင်းစည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ အခမ်းအနား တက်ရောက်လာကြသူများ တရုတ်ရိုးရာနဂါးအကအဖွဲ့များက ဂါရဝပြုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

ဟုဆိုရာတွင် တစ်ဦးချင်း တစ်ယောက်ချင်းမှစ၍ မိသားစုအချင်းချင်း၊ ရပ်ကွက်အချင်းချင်း၊ မြို့အချင်းချင်းနှင့် နိုင်ငံအချင်းချင်းအထိ ပါဝင်ပါကြောင်း။

**တန်ဖိုးရှိလှသည့် ပေါင်းစည်းမှု**

၂၀၂၃ ခုနှစ်သည် တရုတ်ရိုးရာယုန်နှစ်ဖြစ်ပါကြောင်း၊ တရုတ်ရာသီခွင်အရ လေးခုမြောက်နှစ်ဖြစ်ပြီး အဓိပ္ပာယ်မှာ ချစ်ခင်ခြင်း၊ ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းတို့ဖြစ်ကြောင်း၊ နှစ်သစ်ကြို အိမ်သန့်ရှင်းခြင်း၊ အိမ်တံခါးများတွင် မင်္ဂလာစာလုံးများကပ်ခြင်း၊ မည်မျှပင် အဝေးသို့ရောက်ရှိနေပါစေ မိသားစုများ ပြန်လည်ဆုံစည်းကြခြင်း၊ နှစ်သစ်ကူးထမင်းဝိုင်းကို မိသားစုနှင့် ဝိုင်းဖွဲ့စားသောက်ခြင်း၊ နှစ်သစ်ကူး၏ ပထမဆုံးခေါင်းလောင်းသံကို စောင့်ခြင်း၊ ဆွေမျိုးများကို နှုတ်ဆက်ခြင်း စသည့် ချစ်စဖွယ်ရိုးရာဓလေ့များကို ဆောင်ရွက်ကြပါကြောင်း၊ ယနေ့ အခမ်းအနားတွင်လည်း တစ်အိမ်တည်းနေ မိသားစုများ၊ တစ်မြေတည်း တစ်မိုးတည်းအောက်တွင်နေကြသည့် ဆွေမျိုး၊ သားချင်း၊ မိတ်ဆွေများ ပြန်လည်စုစည်းတွေ့ဆုံပြီး နှစ်သစ်ကိုကြိုဆိုခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ယင်းသည် နှစ်သစ်ကူး၏ တန်ဖိုးရှိလှသည့် ပေါင်းစည်းမှုလည်း ဖြစ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ အခမ်းအနား တက်ရောက်လာကြသူများ တရုတ်ရိုးရာယဉ်ကျေးမှုပြခန်းများနှင့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုကြစဉ်။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးသည် ရှေးမြန်မာဘုရင်များ လက်ထက်ကပင် ရွှေလမ်းငွေလမ်းခင်းကာ နှစ်ပြည်ထောင်ချစ်ကြည်ရေးကို တည်ထောင်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ အေဒီ ၈၀၂ ခုနှစ်ခန့်က တရုတ်ပြည်ထန်မင်းဆက် ဘုရင်လက်ထက်၌ ပျူသံတမန်အဖွဲ့သည် တရုတ်ပြည်သို့ သွားရောက်၍ အနုသုခုမပညာများဖြင့် ဖျော်ဖြေခဲ့သည့် မှတ်တမ်းများရှိခဲ့သကဲ့သို့ မြန်မာသက္ကရာဇ် ၆၄၀ ပြည့်နှစ် ပုဂံမင်းနရသီဟပတေ့ လက်ထက်တွင်လည်း ဆရာတော် ရှင်ဒိသာပါမောက္ခသည် ငြိမ်းချမ်းရေးသံတမန်အဖြစ် တရုတ်ပြည်သို့ ကြွရောက်ခဲ့ဖူးကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို အသိအမှတ်ပြုသည့် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကိုလည်း ၁၉၅၀ ပြည့်နှစ် ဇွန် ၈ ရက်တွင် စတင်နိုင်ခဲ့ပြီး လာမည့် ၂၀၂၃ ခုနှစ် ဇွန် ၈ ရက်တွင် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးသည် (၇၃)နှစ်ပြည့်မြောက်မည်ဖြစ်ပါကြောင်း၊ ၁၉၆၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်တွင်လည်း ဝန်ကြီးချုပ် ဦးနုနှင့် ဝန်ကြီးချုပ် ချူအင်လိုင်းတို့က မြန်မာ-တရုတ်နယ်နိမိတ်စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံသည် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးဖြစ်ပြီး အိမ်နီးချင်းတရုတ်နိုင်ငံနှင့် နယ်နိမိတ်ထိစပ်မှုကို ကြည့်မည်ဆိုပါကလည်း ကီလိုမီတာပေါင်း ၂၂၀၀ ကျော်ခန့် ထိစပ်နေသည်ကို တွေ့ရမည်ဖြစ်သည့်အပြင် သံလွင်မြစ်သည်လည်း တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအထိပါ ဖြတ်သန်းစီးဆင်းနေခြင်းဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံ၌ မိမိတို့တိုင်းရင်းသားလူမျိုးစုများ နေထိုင်လျက်ရှိသကဲ့သို့ တရုတ်နွယ်ဖွားများသည်လည်း မိမိတို့နိုင်ငံတွင် လာရောက်အခြေချပြီး အေးချမ်းစွာနေထိုင်လျက်ရှိပါကြောင်း။

စာမျက်နှာ ၆ သို့ ☆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နှစ်သစ်ကူးပွဲတော်အခမ်းအနားအထိမ်းအမှတ် ညစာစားပွဲတွင် တရုတ်နှစ်သစ်ကူးပွဲတော် နှစ်သစ်ဆုမွန်ကောင်းစကားပြောကြားစဉ်။

☆ စာမျက်နှာ ၅ မှ

လူတစ်ယောက်၏ ဘဝလမ်းခရီး ကောင်းမွန်စွာ လျှောက်လှမ်းနိုင်ရေးအတွက် ကာယကံရှင်တစ်ဦးတစ်ယောက်တည်းကောင်းနေ၍ မရပါကြောင်း၊ ယင်းနှင့်ဆက်စပ်နေသည့် ပတ်ဝန်းကျင်၊ လူ့အဖွဲ့အစည်းများလည်းကောင်းရန် လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ပင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်ဆိုပါကလည်း ယင်းနိုင်ငံတစ်ခုတည်း ကောင်းအောင်ကြိုးစားနေရုံမက နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်းများသည်လည်း အိမ်နီးချင်းနိုင်ငံကောင်းများဖြစ်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အပြန်အလှန် အိမ်နီးချင်းနိုင်ငံကောင်းများ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို လက်ခံကျင့်သုံးနေသည့်နိုင်ငံဖြစ်ပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်ကို လက်ခံကျင့်သုံးနေသည့် နိုင်ငံဖြစ်ပါကြောင်း၊ မိမိကိုယ်တိုင်လည်း ၂၀၂၁ ခုနှစ် မေ ၂၀ ရက်တွင် တရုတ်နိုင်ငံ Phoenix ရုပ်သံမီဒီယာနှင့်အင်တာဗျူး၌ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပတ်သက်၍ ယုံကြည်မှုနှင့် ချစ်ခင်ရင်းနှီးစွာနေခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ အိမ်နီးချင်းဟူသည်မှာ အရင်းနှီးဆုံး အိမ်နီးချင်းကောင်းများဖြစ်ရမည့်အကြောင်း၊ မြန်မာနိုင်ငံသည် နယ်နိမိတ်ချင်းထိစပ်နေသည့် အိမ်နီးချင်း ငါးနိုင်ငံနှင့် ရင်းနှီးချစ်ကြည်စွာ နေထိုင်သွားမည်ဖြစ်သည့်အကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲရေးမူ ၅ ချက်ကို ကမ္ဘာတွင် စပြီး လက်မှတ်ထိုးသည့် နိုင်ငံဖြစ်ကြောင်းကို ဖြေကြားခဲ့ပါကြောင်း၊ မိမိဖြေဆိုခြင်းဖြစ်သည်ဆိုသော်လည်း



မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai က နှစ်သစ်ဆုတောင်းစကားပြောကြားစဉ်။

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများအပေါ်ထားသည့် ရပ်တည်ချက်ဆိုပါကလည်း မမှားပါကြောင်း။

**အစဉ်ထောက်ခံရပ်တည်လျက်ရှိ**

တရုတ်နိုင်ငံအနေဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁၀ ရက်တွင် တရုတ်(တိုင်ပေ)နှင့်ပတ်သက်၍ တတိယအကြိမ် စက္ကူဖြူစာတမ်းထုတ်ပြန်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မည်သူတရားပျက်ပျက် ကိုယ်မပျက်စေနှင့်ဟူသည့်အတိုင်း အိမ်နီးချင်းကောင်းပီသစွာ တရုတ်တစ်နိုင်ငံတည်းမူဝါဒ(One China Policy)ကို အစဉ်ထောက်ခံရပ်တည်လျက်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

တစ်နိုင်ငံတည်း ဗိုလ်ကျစိုးမိုးနေသည့် ဧကဝင်ရိုးမှ ဗဟုဝင်ရိုးကို ပြောင်းလဲနိုင်ရေးအတွက် အခြားကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းလုပ်ဆောင်သွားမည့်ကိစ္စများအပေါ်၌လည်း ကြိုဆိုအားပေးပါကြောင်း၊



တရုတ်ကုန်သည်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအိုင်ထွန်း က နှစ်သစ်ဆုတောင်းစကားပြောကြားစဉ်။

ထိုသို့ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အလွန်အကျိုးဖြစ်ထွန်းစေမည့်ကိစ္စများဖြစ်ပါကြောင်း၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization)၌ မြန်မာနိုင်ငံကို ဆွေးနွေးဖက်နိုင်ငံအဖြစ် (Dialogue Partner) သတ်မှတ်ပေးခဲ့သည်ကိုလည်း အထူးပင်ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် တရုတ်လူမျိုးများ၊ တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားများအတွက် မျက်နှာနှစ်ဖက် ဆက်ဆံရေးမျိုးမရှိသည့် ယုံကြည်စိတ်ချရသည့် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသည်လည်း မြန်မာနိုင်ငံအတွက် အရေးကြီးသည့် အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်သကဲ့သို့ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်နိုင်ငံတစ်ခုလည်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မင်္ဂလာရှိသည့် တရုတ်နှစ်သစ်ကူးနေ့တွင် ယုန်နှစ်ဖြစ်သည့်အလျောက် မိမိတို့အားလုံးပိုမို၍ချစ်ခင်ကြပါစေ၊ ငြိမ်းချမ်းမှုနှင့် သာယာဝပြောမှုပိုမိုရရှိကြပါစေ၊ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တရုတ်နွယ်ဖွားမြန်မာနိုင်ငံသားများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်းရှိ တရုတ်နိုင်ငံသားများ၊ ကမ္ဘာအနှံ့ မှီတင်းနေထိုင်ကြသည့် တရုတ်နွယ်ဖွားများအားလုံး နှစ်သစ်ကူးပွဲတော်၌ ပျော်ရွှင်ပါစေ၊ မင်္ဂလာအပေါင်းနှင့် ခညောင်းပါစေ၊ စီးပွားလာဘ်လာဘများ တိုးပွားပါစေ၊ အစစအရာရာအဆင်ပြေချောမွေ့ပြီး ကံကောင်းခြင်းများ ပွင့်လန်းပါစေ၊ ကျန်းမာဘေးကင်းပါစေ၊ လိုအင်ဆန္ဒများ ပြည့်ဝပါစေကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက နှစ်သစ်ဆုတောင်းစကားပြောကြားရာတွင် တရုတ်နှစ်သစ်ကူးပွဲတော်သို့ ယခုကဲ့သို့ နိုင်ငံ့အကြီးအကဲကိုယ်တိုင် တက်ရောက်သည်မှာ ပထမဦးဆုံးအကြိမ်ဖြစ်ပြီး တက်ရောက်ချီးမြှင့်ပေးခဲ့သည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ နှစ်သစ်တွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ဆွေမျိုးပေါက်ဖော်သံယောဇဉ်ကို ဆက်လက်လက်ဆင့်ကမ်းပြီး တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှုကို စဉ်ဆက်မပြတ်ဖော်ဆောင်ကာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုရလဒ်များဖြင့် နှစ်နိုင်ငံပြည်သူများအတွက် အကျိုးကို ပိုမိုဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ယခုထက်ပိုမိုတိုးတက်ခိုင်မြဲပြီး အစွန့်ရှည်တည်တံ့ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။ ဆက်လက်ပြီး မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်ဥက္ကဋ္ဌက နှစ်သစ်ဆုတောင်းစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ တရုတ်ရိုးရာ နှစ်သစ်ကူးအထိမ်းအမှတ် ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။ ညစာသုံးဆောင်နေစဉ်အတွင်း တရုတ်တူရိယာ(ယူနန်ဘုံကျောင်း)အဖွဲ့က တီးမှုတ်ဖျော်ဖြေကြပြီး မင်္ဂလာနဂါးအဖွဲ့က ကပြဖျော်ဖြေကြသည်။

**ဆုဖလားများပေးအပ်ချီးမြှင့်**

ယင်းနောက် ဘတ်စကက်ဘောပြိုင်ပွဲ ဆုပေးပွဲကို ကျင်းပပြုလုပ်ရာ အလွတ်တန်း(အမျိုးသား) ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အလွတ်တန်း(အမျိုးသမီး) ပထမဆုရရှိသည့် A-Studio အသင်း၊ အသက်(၅၀)ကျော် (အမျိုးသား) ပထမဆုရ Great Wall အသင်း၊ အသက်(၅၀)ကျော် (အမျိုးသမီး) ပထမဆုရ Sweet Angle အသင်းတို့အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆုဖလားများကို ပေးအပ်ချီးမြှင့်သည်။

၎င်းနောက် ဘတ်စကက်ဘောပြိုင်ပွဲဝင်အသင်းများအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှတ်တရဂုဏ်ပြုတံဆိပ်များ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် တရုတ်ရိုးရာအကအဖွဲ့များနှင့် အနုပညာရှင်များ၏ ဖျော်ဖြေမှုအစီအစဉ်များကို ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေမှုများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးက တရုတ်နှစ်သစ်ကူးလက်ဆောင်မွန်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် တရုတ်ရိုးရာအကအဖွဲ့များနှင့် သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို အမှတ်တရပန်းခြင်းများပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် အသင်းများအား ဆုဖလားများ ပေးအပ်ချီးမြှင့်စဉ်။

## SIM Card များမှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် ***601#**၊ Atomအတွက် ***979*3*3#**၊ Ooredoo အတွက် ***666#**၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**






ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြစဉ်။

# ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်သည့် ထိုင်းဘုရင့်တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး (8th High Level Committee Meeting) သို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi ဦးဆောင်သည့် ထိုင်းဘုရင့်တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် ထိုင်းဘုရင့်တပ်မတော် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်တပ်မတော်မှ (ကြည်း၊ရေ၊လေ) စစ်သံမှူးများနှင့်ဇနီးများ၊ တာဝန်ရှိသူများက မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။



ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့် ထိုင်းဘုရင့်တပ်မတော် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့်ဇနီး၊ တာဝန်ရှိသူများက မင်္ဂလာဒုံလေဆိပ်စခန်း၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် ထိုင်းဘုရင့်တပ်မတော် အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်နှင့် ခြောက်ထပ်ကြီးဘုရားသို့ သွားရောက်ဖူးမြော်ကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ အလှူငွေများ လှူဒါန်းခြင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လေ့လာလည်ပတ်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## “ ဒီချိန်ခါ ”

❂ ကိုယ်နေတဲ့မြေ၊ ကိုယ့်တိုင်းပြေ(ပြည်)
ဒို့တွေ ဘာတွေလုပ်သင့်လဲ။

❂ တိုင်းရင်းသားချင်း၊ ကိုယ့်သွေးရင်း
မှီတင်းအတူ၊ ဒို့ပြည်သူ
ဘယ်သူ ဘာတွေလုပ်သင့်လဲ။

❂ ပြည်သူက ပြည်ကျိုးမြင့်
ပြည်ကျိုးတင့် ပြည်သူစံ။
မျိုးချစ်မာန် နှလုံးလှစစ်နဲ့
တိုးသစ်ဖန်ဖန်။

❂ စည်းလုံးမှု အရင်းခံ
ချစ်ကြည်မှု အခြေခံ
နားလည်မှု သန္ဓေအမှန်
မသွေအမှန် ရည်ဆောင်ကြိုး။

❂ ဘုံအကျိုးပေမို့
မျိုးဆက်တို့ တိုးတက်ဖို့
ရှေ့ဆက် သယ်ပိုး။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

## ရေချွေတာရေး နည်းလမ်းများ

❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်အတွင်း ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်းရှိ ကျီးကန်းပြင်၊ ဇင်ပိုင်ညာ၊ မြင်းလွတ်၊ အင်းဒင်နှင့် ကြိမ်ချောင်းနယ်မြေများ၌ နယ်စပ်ဒေသလုံခြုံရေးတာဝန် ထမ်းဆောင်နေကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုံခြုံရေးတပ်ဖွဲ့များ၏ လုံခြုံရေးဆောင်ရွက်နေမှုများ၊ တပ်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များနှင့်တွေ့ဆုံကာ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**ရှင်းလင်းတင်ပြ**

အဆိုပါခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးအား သက်ဆိုင်ရာတပ်ဖွဲ့များမှ တာဝန်ရှိသူများက နယ်စပ်ဒေသလုံခြုံရေး၊ နယ်မြေဒေသလုံခြုံရေးနှင့် တပ်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ခိုးဝင်ဘင်္ဂါလီများ မရှိရေး၊ တရားမဝင်ကုန်သွယ်မှုကိစ္စများမရှိရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ ဆက်သွယ်ရေးလမ်းကြောင်းများ အပါအဝင် နယ်မြေအတွင်း တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း တပ်မိသားစုများကို တပ်ဖွဲ့တစ်ခုချင်းအလိုက် သီးခြားတွေ့ဆုံပြီး လက်ရှိလုံခြုံရေးဆောင်ရွက်နေမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာသည့်အခြေအနေ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ရမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်နေမှုမှ တရားမျှတသော ရွေးကောက်ပွဲဆိုင်ရာ အကြိုပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုံခြုံရေးဆိုင်ရာများ ဆောင်ရွက်ရာတွင် ဆောင်ရန် ရှောင်ရန်များ၊ နိုင်ငံတော်အကြီးအကဲ၏ မှာကြားမှုများနှင့်အညီ အမျိုးသားရေးရည်မှန်းချက်ချမှတ်ထားရှိမှုနှင့်အညီ တပ်ဖွဲ့ဝင်နှင့် မိသားစုများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိုသေစွာ လိုက်နာတာဝန်ထမ်းဆောင်ကြရေး၊ ရဲတပ်ဖွဲ့အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး ရည်မှန်းချက်တွင် အထောက်အကူပြုသည့် မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ဆောင်ရမည့်၊ လိုက်နာဆောင်ရွက်ရမည့် တပ်တည်ဆောက်ရေး လုပ်ငန်းတာဝန်ကြီး(၄)ရပ် တိုးတက်အောင်မြင်အောင်ဆောင်ရွက်ရေး၊ တပ်တွင်းတစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်ရေး၊ မိသားစုဝင်များ၏ သားသမီးများကို ပညာရေးအဆင့်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရေးနှင့် တပ်တွင်းစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာရေးတို့ကို မှာကြားပြီး မိသားစုဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ နေထိုင်နေကြသည့် မိသားစုလိုင်းခန်းများကိုစစ်ဆေးပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တစ်ပိုင်တစ်နိုင်ဆောင်ရွက်ရေး၊ စည်းလုံးညီညွတ်စွာနေထိုင်ရေး၊ လုံခြုံရေးဆိုင်ရာများတွင် ပါဝင်ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ရေ၊ မီးရရှိရေးဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်းပေးကာ မိသားစုဝင် သားသမီးများအား ထောက်ပံ့ငွေများ တစ်ဦးချင်းပေးအပ်သည်။

**ထောက်ပံ့ငွေများ ချီးမြှင့်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့်အတူ နေ့လယ်စာနှင့်ညစာ အတူတကွသုံးဆောင်ပြီး မိသားစုဝင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို အားပေးကာ ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မောင်တောခရိုင်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကို တွေ့ဆုံခြင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ခရိုင်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံခြင်းကို သီးခြားစီဆောင်ရွက်ပြီး ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ရေရရှိရေး၊ လမ်းကောင်းမွန်ရေး၊ မဲပေးပိုင်ခွင့်ရရှိရန်နှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ တင်ပြချက်များအပေါ် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး ခရိုင်အဆင့်ဌာနဆိုင်ရာများ ဌာနအချင်းချင်း ပေါင်းစပ်ရန်လိုအပ်သည့်ကိစ္စရပ်များ၊ နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့် ကျင့်ဝတ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားရှိသည့် မူဝါဒလမ်းညွှန်ချက်များအပေါ် တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံအပေါ်သစ္စာစောင့်သိရေးတို့ကို မှာကြားဆွေးနွေး၍ မြို့နယ်ဌာနဆိုင်ရာများနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ ပျော်ပွဲရွှင်ပွဲနှင့် မိတ်ဆုံစားပွဲများပြုလုပ်ရေး သီးခြားစီ ငွေကြေးထောက်ပံ့ပေးသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကညင်ချောင်းဒေသစီးပွားရေးဇုန်နယ်မြေနှင့် မြင်းလွတ်နယ်မြေရှိ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေးဆောင်ရွက်ထားရှိသည့် နယ်စပ်ခြံစည်းရိုးလုပ်ငန်းများကို မြေပြင်ကြည့်ရှုစစ်ဆေးပြီး ခြံစည်းရိုးများ၏ လက်ရှိအရည်အသွေးခိုင်မာမှု၊ ပျက်စီးမှု၊ ပြန်လည်ပြင်ဆင်ရမည့် အခြေအနေများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ခြံစည်းရိုးတစ်လျှောက် ကင်းလှည့်ဆောင်ရွက်မှုကို ကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့၌ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ မောင်တောဒေသသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း သက်ဆိုင်ရာဌာနဆိုင်ရာ အကြီးအကဲများ၏ တင်ပြချက်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ တင်ပြချက်များနှင့် နယ်မြေခံနယ်ခြားစောင့်ရဲတပ်ဖွဲ့များ၏ လိုအပ်ချက်များကို ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်၍ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးရုံး ကုန်သွယ်မှုသင်တန်းကျောင်း(ရန်ကုန်)တွင် အစိုးရဝန်ထမ်းနှင့် ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များ ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဗဟုသုတများတိုးပွားစေရန်၊ အရည်အသွေးမီ သင်တန်းများပို့ချခြင်းဖြင့် စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန်နှင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုစေရန်တို့အတွက် ရည်ရွယ်ဖွင့်လှစ်သော သင်တန်းအမှတ်စဉ်(၆) ပို့ချလျက်ရှိသည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

**ပြောကြား**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပုဂ္ဂလိကကဏ္ဍမှ ကုန်သွယ်မှုဆိုင်ရာလုပ်ငန်း လုပ်ကိုင်နေသူများအနေဖြင့် နိုင်ငံတကာနှင့်ဆက်စပ်၍ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် သိရှိထားရမည့် အခြေခံအချက်များ တတ်ကျွမ်းနားလည်ရေး၊ ကုန်သွယ်မှုဆိုင်ရာ ဗဟုသုတများ ပိုမိုသိရှိစေရေး၊ အမြဲပြောင်းလဲလျက်ရှိသည့် နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ လုပ်နည်းလုပ်ဟန်များ စဉ်ဆက်မပြတ် လေ့လာသင်ယူရေးနှင့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုး



တိုးတက်မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်၍ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး တိုက်တွန်းပြောကြားသည်။ **သတင်းစဉ်**

# ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်း ရာနှုန်းပြည့်ပြီးစီး

**မိတ္ထီလာ ဇန်နဝါရီ ၂၁**

မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၃၀ ဖြင့် မလှိုင်မြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှ ထန်းပင်ကန်-မှရိုး ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ၂၀၂၂ ခုနှစ် စက်တင်ဘာလမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ယခုဘဏ္ဍာနှစ်တွင် မလှိုင်မြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှ ထန်းပင်ကန်-မှရိုး ကျေးရွာချင်းဆက်လမ်း အရှည်ခုနစ်ဖာလုံအား ကတ္တရာခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၃၀ အသုံးပြုကာ တင်ဒါအောင်မြင်သည့် ထူးပြည့်သာကုမ္ပဏီမှ ၂၀၂၂ ခုနှစ် စက်တင်ဘာလမှစတင်ကာ လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ငွေကြယ်**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရန်ကုန်မြို့ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြန်မာ့မီးရထား ရန်ကုန်ဘူတာကြီးရှိ ပြုပြင်ပြီးစီးသော RBE ရထားတွဲများကို ကြည့်ရှုစစ်ဆေး





နေပြည်တော် ဇန်နဝါရီ ၂၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ယနေ့တွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အဆိုပါဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မြစ်ကမ်း သာယာလှပရေး၊ မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းနေရာများနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်ဘူတာကြီးရှိ ပြုပြင်ပြီးစီးသော RBE ရထားတွဲများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးချုပ်သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်လျက်ရှိသော စီမံကိန်း လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နိုင်ငံအတွင်း မြစ်ချောင်း များပေါကြွယ်ဝသဖြင့် ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများ၊ ကမ်းပြို ကမ်းထိန်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေရသည့် ဌာနတစ်ခု ဖြစ်သည့်အပြင် နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ များကို ဖွံ့ဖြိုးတိုးတက်အောင် အားပေးလျက်ရှိရာ အဓိကလိုအပ်သည့် ရေအရင်းအမြစ်များကို တာဝန်ယူရှာဖွေထိန်းသိမ်းပေးနေရသော ကြောင့် နိုင်ငံအတွက် အရေးပါသည့်ဌာနတစ်ခု ဖြစ်ကြောင်း၊ ရေလမ်း ကြောင်းကောင်းမွန်ရေးအတွက် ကမ်းပြိုကမ်းထိန်းလုပ်ငန်းများကို သတ်မှတ်ဒီဇိုင်း၊ စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ အသုံးပြုသည့် စက်ပစ္စည်းနှင့် ယန္တရားများကို စွမ်းအားပြည့်အသုံးပြုနိုင်ရေး၊ လုပ်ငန်း ခွင် ဘေးအန္တရာယ်ကင်းရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ရေး၊ ဝန်ထမ်းများ၊ ရုံးအဆောက်အအုံများ၊ စာရွက်စာတမ်းနှင့် သတင်း လုံခြုံမှုတို့ကို အလေးထားလိုက်နာကြစေရေးတို့ကို မှာကြားပြီး ဝန်ထမ်း များကို စားသောက်ဖွယ်ရာများ လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဦးစီးဌာန၏ မှီငြမ်း စာကြည့်တိုက် (Reference Library)အတွက် ပြင်ဆင်ထားရှိမှု၊ တည် ဆောက်ဆဲ ရေယာဉ်များ၊ ရေစိုလွှန်းကျင်း၊ ယန္တရားများ၊ ရုံးအဆောက် အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သဃ်န်းကျွန်းမြို့ နယ် သုဝဏ္ဏ(၂၉) ရပ်ကွက်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ထားရှိ သော ပေ ၁၉၁၀ အရှည်ရှိသည့် ကမ်းထိန်းလုပ်ငန်းနေရာရှိ ရှင်းလင်း ဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက် အလက်များကို ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက မြစ်ကမ်းပါးတစ်လျှောက် အမြဲစိမ်းလန်းစိုပြည်၍ သာယာလှပရေး၊ သန့်ရှင်းသပ်ရပ်ရေးကိစ္စများကို သက်ဆိုင်ရာမြို့နယ်အဖွဲ့အစည်း များနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာကေတ မြို့နယ် ကမာကြည်အိမ်ရာအနီးတွင် ရေအရင်းအမြစ်နှင့် မြစ်ချောင်း များဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်ပြီးဖြစ်သည့် အလျားပေ ၄၁၀၊ အကျယ် ၂၆ ပေ ရှိ ဆိပ်ကမ်းသာယာလှပရေး၊ ကမ်းထိန်းကာကွယ်ရေးလုပ်ငန်းခွင်နေရာသို့ ရောက်ရှိစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက အများပြည်သူစိတ်ချမ်းမြေ့စွာဖြင့် လာရောက် အပန်းဖြေနိုင်ရေးအတွက် ယင်းနေရာတစ်ဝိုက် အမြဲသန့်ရှင်းသာယာ လှပရေးတို့ကို သက်ဆိုင်ရာမြို့နယ်တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့် မြို့နယ်ရှိ ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီးက ရထားခရီးစဉ်များ တိုးချဲ့ပြေးဆွဲနိုင်ရေးအတွက်ပြုပြင်မွမ်းမံဆောင်ရွက် လျက်ရှိသော RBE (Rail Bus Engine) ရထားတွဲဆိုင်းများ၏ လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ ကြောင်း သိရသည်။

သတင်းစဉ်

❖

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်သူ့အကျိုးပြုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



ပုသိမ် ဇန်နဝါရီ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းက မအူပင်ခရိုင် မအူပင်မြို့နယ် မင်းဘောကျေးရွာ၌ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန က ဆောင်ရွက်လျက်ရှိသည့် 66 KW Solar Pumping System ပြောင်းလဲတပ်ဆင်ခြင်း(မင်းဘောဒီဇယ် ရေတင်)လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးပြီး အရည်အသွေး ပြည့်မီစေရေး၊ အချိန်မီ ပြီးစီးစေရေး၊ စိုက်ပျိုးရေကို တောင်သူများ အကျိုးရှိရှိ အသုံးချစေရန် အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ကွန်ပျူတာတက္ကသိုလ်(မအူပင်) RC သုံးထပ်ပင်မကျောင်းဆောင် (ပေ ၂၆၀ x ပေ ၁၆၀)အဆောက်အအုံတည်ဆောက်ခြင်း လုပ်ငန်းကို လည်းကောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အစိုးရ နည်းပညာအထက်တန်းကျောင်း(မအူပင်)(၁၉၂ပေ x ၃၈ ပေ) Three Storeyed R.C.C Lecture Building ဆောက်လုပ်ခြင်းလုပ်ငန်းကိုလည်းကောင်း ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မအူပင်မြို့နယ် စည်ပင် သာယာရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အမှတ်(၃) ရပ်ကွက် ကမ်းနားလမ်း (စည်ပင်လမ်းနှင့် ၃လမ်း ကြား)ကွန်ကရစ်လမ်း၊ အရှည် ပေ ၁၁၇၀၊ အကျယ် ပေ ၃၀၊ ဒုရှစ်လက်မရှိပြီး (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ကွန်ကရစ်လမ်းကို တာဝန်ရှိသူ များနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မလက်တိုကျေးရွာအုပ်စု ပလောင်ရွာ၌ ၂၀၂၃ ခုနှစ် နွေစပါးတစ်ကေတင်း ၁၂၀ ဧက ၁၀၀ စံပြကွက်ကို လည်းကောင်း၊ တော် တလုတ်ကျေးရွာအုပ်စု သုံးခွဆိုင်ကျေးရွာ တောင်သူ ဦးမင်းထိုက်၏ ငရုတ်စိုက်ခင်း သုည ဒသမ ၅ ဧက ကို လည်းကောင်း၊( Super Sun 41)နေကြာ လေး ဧက စိုက်ခင်းများ၏ဖြစ်ထွန်းအောင်မြင်နေမှုများ ကို လည်းကောင်း၊ တောင်သူ ဦးသာစိုး၏ ( Super Sun 41)နေကြာ သုံးဧက စိုက်ခင်းနှင့် တောင်သူ ဦးလှစိုး၏ ( Super Sun 41)နေကြာ သုံးဧက ဖြစ်ထွန်း အောင်မြင်နေမှုတို့ကို လည်းကောင်း၊ တောင်သူ ဦးဝင်းမြင့်၏ယာမြေ နှစ်ဧကနှင့် ဦးကျော်ဝင်း၏ ယာမြေ တစ်ဧက၌ Super Sun 41 နေကြာတစ်လ နှင့်ငါးရက်သား စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ ကျိုက်လတ်မြို့နယ် ဖောင်ရိုးချောင်းရွာရှိ ဦးကြည်ခိုင်၏လယ်မြေတစ်ဧက၌ ရေဆင်း-၁ စပ် မျိုးနေကြာစိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့နယ် ဝဲဒေါင့်ကျေးရွာ တောင်သူ ဦးရဲမင်းဌေး၏ လယ်မြေ ၁ ဒသမ ၅ ဧက၌ နေကြာ (ဒေသမျိုး) သီးညှပ်စိုက်ပျိုးထားမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ရေပေးခြင်းနှင့်အစာကျွေးခြင်း လုပ်ငန်းများစနစ်တကျရှိစေရေးနှင့်အောင်မြင်အောင် စိုက်ပျိုးစေရေးမှာကြားသည်။

ထို့နောက် မရဲ့အုန်းပင်စုကျေးရွာရှိ ဘက်စုံ အဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ဧက ၅၀၀ စံပြကွက်သို့သွားရောက်ခဲ့ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် သွင်းအားစုများ ထောက်ပံ့ပေးပြီးဖြစ်၍ စိုက်ခင်းများသို့ အပြည့်အဝ ထည့်သွင်းအသုံးပြုစေ ရေး၊ အထွက်တိုးစေရေးနှင့် သဘာဝမြေဩဇာ၊ ဇီဝ မြေဩဇာနှင့်ဓာတ်မြေဩဇာများအချိုးကျသုံးစွဲစေ ရေးမှာကြားပြီး ဘက်စုံအဆင့်မြင့် နည်းပညာသုံး ဧက ၅၀၀ စံပြကွက်ကို စပါးခွံ၊ ဖွဲနု၊ ထုံး၊ ယူရီးယား၊ အီးအမ်၊ တင်လဲရည်တို့ဖြင့်အချိုးကျဖော်စပ်ထား သည့်ဘိုကာရှီနှင့် ဓာတ်မြေဩဇာ အချိုးကျပေါင်းစပ် ထားသည့် စုပေါင်းမြေဩဇာကြဲပက်နေမှုနှင့် တောင်သူ ဦးတင်အောင်သန်း၏ လယ်မြေ ဧက ၁၀၀ ၌ နယူးရောမျိုးစပါး စိုက်ပျိုးအောင်မြင်မှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၁

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီ ပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၂၁

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့် အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။

မိုး/ဇလ

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၁


လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# စစ်ပွဲတွေရပ်

မောင်ကမ္ဘာ

**ကမ္ဘာပေါ်မှာ စစ်မဖြစ်တဲ့နေ့ရယ်လို့ မရှိဘူးလို့ ငြိမ်းချမ်းရေးလိုလားသူတွေက ထောက်ပြလေ့ရှိတယ်။ ဒါပေမဲ့ စစ်လိုလားသူ စစ်ဝါဒီတွေ၊ စစ်ပွဲတွေကတစ်ဆင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး အကျိုးအမြတ်ကြီးကြီးရရှိခံစားနေကြသူတွေကြောင့် စစ်ဆန့်ကျင်သူတွေ၊ ကမ္ဘာ့ငြိမ်းချမ်းရေးကို လိုလားသူပြည်သူတွေရဲ့အသံက ထင်တိုင်းမပေါက်ခဲ့ပါဘူး။**



၁၉၇၁ ခုနှစ် မေလ ၁ ရက်နေ့က ဝါရှင်တန်ဒီစီ၌ ထောင်နှင့်ချီသော စစ်ဆန့်ကျင်ရေးဆန္ဒပြသူများကိုတွေ့ရစဉ်။

စစ်လိုလားသူ စစ်ဝါဒီတွေဟာ ငြိမ်းချမ်းရေးကို လိုလားသူတွေရဲ့ သဘောထားအမှန်၊ ဆန္ဒအသံတွေကို ကမ္ဘာ့မြင်ကွင်းမှာ ဘယ်သောအခါကမှ ထင်ထင်ပေါ်ပေါ်ပြောဆိုခွင့် မပေးခဲ့ပါဘူး။ အမြဲတမ်းတိုးတိတ်ပျောက်ကွယ်သွားအောင် ကြိုးပမ်းလေ့ရှိပါတယ်။

### ငြိမ်းချမ်းရေးကိုလိုလားသူပြည်သူတွေရဲ့ ဆန္ဒပြလှုပ်ရှားမှုကို တားဆီးအရေးယူခဲ့

ဗီယက်နမ်စစ်ပွဲကာလမှာ စစ်ဆန့်ကျင်ရေး အင်အားစုတွေ၊ ငြိမ်းချမ်းရေးကို လိုလားသူပြည်သူတွေရဲ့ ဗီယက်နမ်စစ်ဆန့်ကျင်ရေး ဆန္ဒပြလှုပ်ရှားမှုကို နစ်ဆင်အစိုးရက တားဆီးအရေးယူခဲ့တာပါပဲ။ ၁၉၇၁ ခုနှစ် မေလ ၁ ရက်နေ့ ဝါရှင်တန် လူထုဆန္ဒပြပွဲကြီးမှာ ဆန္ဒပြသူတစ်ထောင်ကျော်ကို ဖမ်းဆီးခဲ့ရုံမက မေလ ၂ ရက်နေ့မှာ ဆက်လက်ကျင်းပတဲ့ ကင့်မြို့ တက္ကသိုလ်ကျောင်းသားထု ဆန္ဒပြပွဲကိုလည်း ရဲတပ်ဖွဲ့က ဖြိုခွင်းရာမှာ ကျောင်းသားလေးဦး သေဆုံးခဲ့ပါတယ်။ ငြိမ်းချမ်းရေးကိုလိုလားတဲ့ စိတ်ဆန္ဒအာသီသနဲ့ ဆန္ဒပြနေကြတဲ့ တက္ကသိုလ်ကျောင်းသားတွေကို သမ္မတနစ်ဆင်ကိုယ်တိုင်က "အလကား ကြမ်းပိုးတေလေလေးတွေပါ"လို့ မှတ်ချက်ပြုလိုက်တဲ့အတွက် ဗီယက်နမ်စစ်ပွဲဆန့်ကျင်ရေး ကျောင်းသားဆန္ဒပြမှုက ပိုမိုပြင်းထန်သွားခဲ့ပါတယ်။

၁၉၈၀ ပြည့်လွန်နှစ်များ အတွင်းကလည်း ပြင်သစ်နိုင်ငံရဲ့ ရေအောက် နျူကလီးယားစမ်းသပ်ဖောက်ခွဲမှုကို ဆန့်ကျင်ဆန္ဒပြဖို့ ပြင်ဆင်နေတဲ့ Green Peace အဖွဲ့ပိုင် မော်တော်ဘုတ်တစ်စင်းဟာ အမည်မသိအဖွဲ့ရဲ့ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ဆိပ်ကမ်းမှာတင် ပေါက်ကွဲပျက်စီးသွားခဲ့ရပါတယ်။

သို့ဖြစ်လင့်ကစား ၂၀၀၅ ခုနှစ်မှာ ဒါရိုက်တာ Andrew Niccol ရိုက်ကူးပြီး ဟောလီးဝုဒ် နာမည်ကျော်သရုပ်ဆောင် နီကိုလာ့စ်ကေ့ချ် (Nicolas Cage) ပါဝင်သရုပ်ဆောင်တဲ့ "Lord of war" ရုပ်ရှင်ဇာတ်ကားကိုတော့ တားဆီးလို့မရခဲ့ပါဘူး။ ဒီဇာတ်ကားကြောင့် ကမ္ဘာ့ပြည်သူအများစုဟာ စစ်ပွဲရဲ့နောက်ကွယ်က လက်မည်းကြီးတွေကို ဆဝါးတွေ့မြင်လာခဲ့ကြ ပါတယ်။

ဒီဇာတ်ကားမှာ နီကိုလာ့စ်ကေ့ချ်ဟာ လက်နက်ကုန်သည် ယူရီအောလောဗ်အဖြစ် သရုပ်ဆောင်ခဲ့တယ်။ ယူရီဟာ မိမိချမ်းသာကြွယ်ဝရေးအတွက် ကနဦးမှာ မြို့ပေါ်က ဂိုဏ်းစတားတွေကို သေနတ်တွေရောင်းချပေးခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ စစ်ဘုရင်တွေ၊ ပြိုင်ဘက်စစ်အုပ်စုတွေပါမကျန် လက်နက်ခဲယမ်း အမြောက်အမြားကို သယ်ယူပို့ဆောင်ရောင်းချခဲ့ပါတယ်။




### ကမ္ဘာ့အကြီးဆုံး လက်နက်ကုန်ကူးတဲ့သူ

ယူရီရဲ့ဘယ်သူသေသေ ငတေမာပြီးရောလုပ်ရပ်ကို အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့မှ ရဲမှူးဂျက်က ခြေရာခံမိပြီး ဖမ်းဆီးတဲ့အခါမှာတော့ ယူရီက "ငါတရားရုံးကိုရောက်မှာ မဟုတ်ဘူး။ ဒီအမှုကို ပေါ်အောင်လုပ်နိုင်လို့ မင်းထက်ရာထူးမြင့်တဲ့သူက မင်းကို ချီးကျူးစကားပြောပြီး ရာထူးတိုးပေးမယ်။ ပြီးတော့ ငါ့ကိုလွှတ်လိုက်လို့ပြောလိမ့်မယ်။ တကယ်တော့ မင်းတို့ရဲ့သူဌေးကမှ တကယ့်ကမ္ဘာ့အကြီးဆုံး လက်နက်ကုန်ကူးတဲ့သူပါ။ အမေရိကန်သမ္မတကြီးပေ့ါကွာ။ သူတစ်ရက်ကုန်ကူးတဲ့ လက်နက်တွေက ငါ့ရဲ့တစ်နှစ်စာထက် ပိုများတယ်။ တစ်ခါတလေ သေနတ်တွေပေါ်မှာ သူ့လက်ဗွေရာပါသွားရင် ဖြေရှင်းရခက်မှာစိုးလို့ ငါ့လို ကုန်ကူးတဲ့သူရဲ့ အကူအညီယူပြီး သူမပို့နိုင်တဲ့ နိုင်ငံတွေကို ရောက်အောင် ငါက ပို့ပေးရတယ်။ ဒါကြောင့် ငါက မရှိရင်မဖြစ်တဲ့ 'မကောင်းဆိုးရွားတစ်ကောင်ပါ'လို့ ပြောခဲ့ပါတယ်"။ သူပြောတဲ့အတိုင်း ယူရီဟာ တကယ်လည်းလွတ်လာခဲ့ပြီး လက်နက်ကုန်သည် အလုပ်ကိုပဲ ဆက်လက်လုပ်ကိုင်ခဲ့ပါတယ်။

"Lord of War" နာမည်ကျော် ဇာတ်ကား အတိုင်းပါပဲ။ လွန်ခဲ့တဲ့ဆယ်စုနှစ်များက ဖြစ်ပွားခဲ့တဲ့ စစ်ပွဲတွေကို လေ့လာကြည့်ရင် နောက်ကွယ်က လက်နက်ကုန်သည်နိုင်ငံကြီးတွေရဲ့ နယ်စည်းမခြားတဲ့ လက်နက်တင်ပို့မှု လက်စလက်နခြေရာတွေကို တွေ့မြင်နိုင်ပါလိမ့်မယ်။

### လက်နက်တွေ အကြီးအကျယ်တင်ပို့ခဲ့

၁၉၇၉-၁၉၈၀ ခုနှစ်လွန် နှစ်များအတွင်းက ဖြစ်ပွားခဲ့တဲ့ အီရန်- အီရတ်စစ်ပွဲမှာ အမေရိကန်ဦးဆောင်တဲ့ အနောက်နိုင်ငံအချို့က အီရတ်ကို ထောက်ခံပြီး လက်နက်တွေ အကြီးအကျယ်တင်ပို့ခဲ့ပါတယ်။ ပြင်သစ်ဆိုရင် ထိုစဉ်က သူ့ရဲ့နောက်ဆုံးပေါ် အိတ်ဇိုးဇေ သဘော်ာဖျက်ဒုံးပျံတွေကိုပါ ထောက်ပံ့ရောင်းချခဲ့ပါတယ်။

◆ **စစ်လိုလားသူတွေ၊ စစ်ဝါဒီတွေ၊ စစ်ဘုရင်တွေနဲ့ စစ်ပွဲကတစ်ဆင့် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ပြီး အကျိုးစီးပွားဖြစ်ထွန်းနေသူတွေ ကမ္ဘာကိုကြီးစိုးနေသမျှ ကမ္ဘာ့တင်းမာမှုလျော့ကျရေး၊ စစ်ပွဲတွေရပ်တန့်ရေး ကမ္ဘာ့ငြိမ်းချမ်းရေးမျှော်မှန်းချက်ကတော့ အခက်အခဲတွေဖြစ်ပေါ်နေဦးမှာပဲ**

◆ **ဒါကြောင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးတွေအနေနဲ့ ရေကိုသား၍ ကြားမထင်၊ ရေပက်မဝင်နိုင်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးကို အစဉ်ထာဝရ တောင့်တင်းခိုင်မာအောင် ကြံဆောင်လုပ်ကိုင်နိုင်ဖို့ လိုအပ်**

တကယ်တော့ အီရန်- အီရတ်စစ်ပွဲရဲ့အစက ဆက်ဒမ်ဟူစိန်ဦးဆောင်တဲ့ အီရတ်ရဲ့ ကျူးကျော်မှုကြောင့် စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမဲ့ အီရန်ဟာ အမေရိကန် လိုလားတဲ့ ရှားဘုရင်ပြုတ်ကျပြီး ရန်သူတော်အဖြစ် သတ်မှတ်ထားတဲ့ ဘာသာရေးအဖွဲ့ခေါင်းဆောင် အယာတိုလာခိုမေနီ ဦးဆောင်တဲ့ အစိုးရဖြစ်နေခဲ့လို့ အီရတ်ဟာ ကျူးကျော်သူအဖြစ် သတ်မှတ်ခြင်းမခံရဘဲ အီရန်ရဲ့ အစ္စလာမ္မစ်တော်လှန်ရေး တင်ပို့ကုန်ကို ကြံ့ကြံ့ခံကာကွယ်မယ့် အရှေ့အလယ်ပိုင်းက တပ်ဦးအဖြစ် ရှုမြင်သတ်မှတ်ခြင်းခံရပြီး အထောက်အပံ့ အကူအညီများစွာ ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ဒါပေမဲ့ အီရန်- အီရတ်စစ်ပွဲနှောင်းပိုင်းကာလ ၁၉၈၆-၁၉၈၇ ခုနှစ်တွေမှာတော့ သမ္မတရီဂင်အစိုးရဟာ လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့မှာ အဖမ်းခံနေရတဲ့ အမေရိကန်ဓားစာခံတွေ ပြန်လည်လွတ်မြောက်ဖို့အတွက် အီရန်နဲ့အပေးအယူလုပ်ပြီး အီရန်က လိုအပ်နေတဲ့ လက်နက်ခဲယမ်းနဲ့စစ်လက်နက်အပိုပစ္စည်းတွေကို လျှို့ဝှက်ရောင်းချပေးခဲ့တယ်။ အဲဒီက ရရှိတဲ့ငွေကြေးအချို့ကိုလည်း အလယ်ပိုင်းအမေရိကက နီကာရာဂွါနိုင်ငံ လက်ဝဲအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ ကွန်ထရာသူပုန်တွေကို တရားမဝင် လွှဲပြောင်းပေးပို့ခဲ့ပါတယ်။ ကွန်ထရာသူပုန်တွေကို ရီဂင်အစိုးရက အကူအညီမပေးဖို့ အမေရိကန် အထက်လွှတ်တော်က တားမြစ်ပိတ်ပင်ထားတဲ့ကြားက အခုလို တရားမဝင်လွှဲပြောင်းပေးအပ်ခဲ့လို့ အတိတ်က သမ္မတနစ်ဆင်ရဲ့ဝါးတားဂိတ်ပြဿနာနဲ့နှိုင်းယှဉ်ပြီး အီရန်ဂိတ်ခေါင်းစဉ်နဲ့ ဟိုးလေးတကျော်ကျော် ပြဿနာဖြစ်ခဲ့ပါတယ်။ အိမ်ဖြူတော်က ထိပ်တန်းအရာရှိနှစ်ဦးက ခေါင်းခံပေးခဲ့ပြီး ရာထူးကနုတ်ထွက်ပေးခဲ့တဲ့အတွက် ရီဂင်အစိုးရဟာ သက်သာရာရရှိခဲ့ခြင်း ဖြစ်ပါတယ်။

၁၉၉၀-၁၉၉၁ ခုနှစ်မှာ ဆက်ဒမ်ဟူစိန်ရဲ့ အီရတ်ဟာ ကူဝိတ်ကို ထပ်မံကျူးကျော် ဝင်ရောက်တိုက်ခိုက်ချိန်မှာတော့ ကမ္ဘာ့အခင်းအကျင်းဟာ ပြောင်းပြန်ဖြစ်သွားခဲ့ပါတယ်။ **စာမျက်နှာ ၁၁ သို့** ☆

# ရန်ကုန်တိုင်းဒေသကြီးတွင် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၁**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးတွင် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၃)၌ ကျင်းပသည်။



**စည်ကားသိုက်မြိုက်စွာ ကျင်းပရေး**

ရန်ကုန်တိုင်းဒေသကြီး (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားသည့်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားရေး လုပ်ငန်းကော်မတီများအနေဖြင့် လိုအပ်ချက်များကို ဦးစီးကော်မတီသို့ တင်ပြဆောင်ရွက်သွားရန်နှင့် တက်ရောက်လာကြသူများကလည်း အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးရန် ပြောကြားသည်။

ထို့နောက် အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်) ဦးဗိုလ်ဌေးက ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို တိုင်းဒေသကြီးတွင် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပဆောင်ရွက်သွားနိုင်ရေး လုပ်ငန်းကော်မတီ ရှစ်ခုမှ တာဝန်ရှိသူများသည် လုပ်ငန်းကဏ္ဍအလိုက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရေးဦးစီးကော်မတီအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်က လုံခြုံရေးအစီအမံများ ဆောင်ရွက်ထားရှိမှုများကို ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီရှစ်ခုမှ တာဝန်ရှိသူများက ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌက အခမ်းအနားကို စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)**

# (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်
# ကျားကလေး-ဇာသပြင်လမ်းမှ ကော့လမုကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်

**ဘားအံ ဇန်နဝါရီ ၂၁**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဘားအံမြို့နယ်အတွင်းရှိ ဇာသပြင်-ကျားကလေးလမ်းမှ ကော့လမုကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက အဆိုပါလမ်းသစ် မုခ်ဦးတည်နေရာ၌ ကျင်းပသည်။

**ရာသီမရွေးသွားနိုင်**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကျေးလက်နှင့်မြို့ပြဖွံ့ဖြိုးမှု ကွာဟချက် ကျဉ်းမြောင်းစေရေး ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ကျေးလက်လမ်းများကို ရာသီမရွေးသွားလာနိုင်သောလမ်းများအဖြစ်သို့ နှစ်စဉ်အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ကိစ္စရပ်များအတွက် ကျေးလက်လမ်းကွန်ရက်များကို အသုံးပြု၍ ပြည်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ ဖြစ်သည့်လမ်း၊ တံတားများကို ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြပြီး အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် တက်ရောက်လာသော ကော့လမု၊ ကော့သင်း၊ ဇာသပြင်(အရှေ့-အနောက်) ကျေးရွာများမှ ဒေသခံ တိုင်းရင်းသားပြည်သူများ၊ ရပ်မိရပ်ဖများ၊ ယဉ်ကျေးမှုအဖွဲ့များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ယဉ်ကျေးမှုအဖွဲ့များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် များသည် ကျားကလေး-ဇာသပြင်လမ်းမှ ကော့လမုကျေးရွာ အဝင်လမ်း ကွန်ကရစ်လမ်းသစ်ကို ဖြတ်သန်း ကြည့်ရှုစစ်ဆေးကာ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ကုန်ထုတ်လမ်း**

အဆိုပါလမ်းသည် ယခင်က မြေသားလမ်းဖြစ်ပြီး လမ်းအရှည် တစ်မိုင် လေးဖာလုံ၊ ပေ ၂၀ ကွန်ကရစ်တံတားတစ်စင်းနှင့် ၁၅ ပေ ကွန်ကရစ်တံတားတစ်စင်းတို့ကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၇၀၆ ဒသမ ၂၄ သန်းဖြင့် သံလွင်ဖားစည်မြေကုမ္ပဏီက ကွန်ကရစ်လမ်းသစ်အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပြီး လယ်ယာဧက ၃၃၀ ကျော်၏ ကုန်ထုတ်လမ်းအဖြစ်လည်း အကျိုးပြုစေမည်ဖြစ်ကာ ကျန်ရှိသည့်လမ်း ခုနစ်ဖာလုံနှင့် ပေ ၂၀ ကွန်ကရစ်တံတား နှစ်စင်း၊ ၁၅ ပေ ကွန်ကရစ်တံတား သုံးစင်းတို့ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လျာထားဆောင်ရွက် ပေးသွားမည်ဖြစ်သည်။

**ပြည်နယ်(ပြန်/ဆက်)**

☆ စာမျက်နှာ ၁၀ မှ

ရေနံသယံဇာတ ပေါကြွယ်ဝတဲ့ ကူဝိတ်နဲ့ ဆော်ဒီအပါအဝင် အရှေ့အလယ်ပိုင်းက မဟာမိတ်တွေကို ကာကွယ်ပေးဖို့ အမေရိကန်နဲ့ အနောက်အုပ်စုနိုင်ငံတွေဟာ အီရတ်နဲ့ ဆက်ဒမ်ဟူစိန်ကို ရန်သူတော်ကြီးအဖြစ် စာရင်းသွင်းပြီး ပင်လယ်ကွေ့စစ်ပွဲကို ဆင်နွှဲခဲ့ပြန်ပါတယ်။ ၂၀၀၃ ခုနှစ်မှာတော့ တားမြစ်ထားတဲ့ အစုလိုက်အပြုံလိုက် သေကျေပျက်စီးစေမယ့် WMD လက်နက်တွေ ထုတ်လုပ်အသုံးပြုနေတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ အမေရိကန်နဲ့ အပေါင်းအပါနိုင်ငံအချို့ဟာ အီရတ်နိုင်ငံကို ကျူးကျော်ဝင်ရောက် တိုက်ခိုက်ပြီး ဆက်ဒမ်ဟူစိန်အစိုးရကို ဖြုတ်ချခဲ့ပါတယ်။

**ဇာတ်သိမ်းအောင် ချေမှုန်းသုတ်သင်**

အလားတူပဲ ၁၉၇၉ ခုနှစ် အာဖဂန်စစ်ပွဲမှာ ဆိုဗီယက်တွေကို ခုခံတွန်းလှန်တိုက်ခိုက်နေတဲ့ အိုစမာဘင်လာဒင်ရဲ့ အယ်လ်ကေဒါအဖွဲ့တွေကို အမေရိကန်က အာဖဂန်မူဂျာဟစ် (ဘာသာရေးစစ်သည်)များရယ်လို့ ထောက်ခံပြီး စတင်ဂါရော့ကတ်တွေကအစ ပံ့ပိုးထောက်ပံ့ပေးခဲ့ပေမယ့် ၉/၁၁ အကြမ်းဖက်မှု နောက်ပိုင်းမှာတော့ အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ပြီး အိုစမာဘင်လာဒင်ကို ဇာတ်သိမ်းအောင် ချေမှုန်းသုတ်သင်ခဲ့ပြန်ပါတယ်။

မျက်မှောက်ကာလမှာလည်း ယူကရိန်းအရေး၊ ထိုင်ဝမ်ရေလက်ကြားတင်းမာမှု အရေးတွေနဲ့ ကမ္ဘာကြီးဟာ ဆူပွက်နေပါတယ်။ လတ်တလောမှာ အမေရိကန်နဲ့အပေါင်းအပါနိုင်ငံအချို့ဟာ အတိတ်ကာလက ဆိုဗီယက်ပြည်ထောင်စုကို အာဖဂန်စစ်ပွဲမှာ စစ်နွံနစ်ပြီး ချုံးချုံးကျသွားသလိုမျိုး ရုရှားကိုလည်း ယူကရိန်းစစ်ပွဲမှာ စစ်နွံနစ်နေအောင် ယူကရိန်းကို စစ်လက်နက်ပစ္စည်းတွေ အလုံးအရင်းနဲ့ ထောက်ပံ့ပေးလျက်ရှိပါတယ်။ အခုရက်ပိုင်းအတွင်းမှာပဲ ပိုလန်နဲ့ လစ်သူရေးနီးယားကို ထောင်နဲ့ချီတဲ့ တင့်ကား စစ်ယာဉ်ယန္တရားတွေကို ပေးပို့ခဲ့ပါတယ်။ ငြိမ်းချမ်းရေးကိုလိုလားတဲ့ ကမ္ဘာ့ပြည်သူအပေါင်းကတော့ ယူကရိန်းစစ်ပွဲ စစ်ဘောင်ကျယ်ပြန့်လာတာနဲ့အမျှ အင်အားကြီးနိုင်ငံအချင်းချင်း ထိပ်တိုက်ရင်ဆိုင်တွေ့ပြီး နျူကလီးယားစစ်ပွဲအထိ ဆိုက်ရောက်သွားမယ့်အရေးကိုတွေးပြီး ရင်တမမဖြစ်နေကြရဆဲပါ။

တစ်ဖက်မှာလည်း အမေရိကန်ဟာ သူနဲ့ စစ်ရေး၊ စီးပွားရေးမှာ ပခုံးချင်းယှဉ်လာတဲ့ တရုတ်နိုင်ငံကို ပစ်မှတ်တစ်ခုအဖြစ်သတ်မှတ်ပြီး ထိုင်ဝမ်ရေလက်ကြားအရေးကို ပြဿနာမကြီးကြီးအောင် ဆွပေးလျက်ရှိပါတယ်။ ထိုင်ဝမ်ရေလက်ကြားအရေးတင်းမာမှု မြင့်တက်လာချိန်မှာတော့ ထိုင်ဝမ်ကို တန်ဖိုးဘီလီယံနဲ့ချီတဲ့ စစ်လက်နက်အများအပြား တင်ပို့ရောင်းချပေးခဲ့ပြန်ပါတယ်။

ဒါဆိုရင် စစ်လိုလားသူတွေ၊ စစ်ဝါဒီတွေ၊ စစ်ဘုရင်တွေနဲ့ စစ်ပွဲကတစ်ဆင့် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်ပြီး အကျိုးစီးပွားဖြစ်ထွန်းနေသူတွေ ကမ္ဘာကို ကြီးစိုးနေသမျှ ကမ္ဘာ့တင်းမာမှုလျော့ကျရေး၊ စစ်ပွဲတွေ ရပ်တန့်ရေး ကမ္ဘာ့ငြိမ်းချမ်းရေးမျှော်မှန်းချက်ကတော့ အခက်အခဲတွေဖြစ်ပေါ်နေဦးမှာပဲ။

ဒါကြောင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံငယ်လေးတွေအနေနဲ့ ရေကိုသား၍ ကြားမထင်၊ ရေပက်မဝင်နိုင်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးကို အစဉ်ထာဝရ တောင့်တင်းခိုင်မာအောင် ကြံဆောင်လုပ်ကိုင်နိုင်ဖို့ လိုအပ်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

■

# ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်မှု ၇၀ ရာခိုင်နှုန်းကျော် ပြီးစီး

**ရေဖြူ ဇန်နဝါရီ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် သန်း ၂၂၉ ဒသမ ၃၉၀ အကုန်ကျခံကာ ချီးခေါ်နူးကုမ္ပဏီက တင်ဒါအောင်မြင်ပြီး ၂၀၂၂ ခုနှစ် ဇွန်လတွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။

ယခုအခါ ရေဖြူမြို့နယ် သဲချောင်းကျေးရွာအုပ်စု ကင်းတောင်(ကူးတို့တော)ပသျှူးရေ ကျေးရွာချင်းဆက်မြေသားလမ်း ၄/၆ မိုင် ဖောက်လုပ်ခြင်း လုပ်ငန်းနှင့် ယင်းလမ်းပေါ်တွင် ၅ ပေ Box Culvert လေးစင်းတည်ဆောက်ခြင်း လုပ်ငန်းတို့သည် လက်ရှိတွင် လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၂၂၀ စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ရှစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၁-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၂၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၀၅,၂၈၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၇၉၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၉) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၂၄၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်တွင် ကင်းထောက်နှင့် အသိအတတ်ပညာဟောပြောပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၁

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ကျောင်းသားကျောင်းသူများအား ကင်းထောက်အသိနှင့် အတတ်ပညာဗဟုသုတများရရှိစေရန်အတွက် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပင်မဆောင်ခန်းမတွင် ကင်းထောက်နှင့် အသိအတတ်ပညာဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြော

အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာခင်သီတာက အဖွင့်အမှာစကားပြောကြားပြီး စက်မှုစီးပွားထူးချွန်အင်ဂျင်နီယာ ဦးညဏ်ထွန်းဦးက ကင်းထောက်ဆိုင်ရာ အသိပညာများကို ဟောပြောသည်။



ထို့နောက် မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့ ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာနှင့် ဝဏ္ဏကျော်ထင် ဒေါက်တာနန္ဒကျော်စွာတို့က ကင်းထောက်အသိနှင့် အတတ်ပညာဆိုင်ရာ ဗဟုသုတများ၊ ကင်းထောက်ပညာနှင့်စပ်လျဉ်း၍ မှတ်သားနည်းယူဖွယ်ရာများအကြောင်းကို အသိပညာပေးဟောပြောခဲ့ပြီး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာခင်သီတာအား ကင်းထောက်လည်စည်းကို မြန်မာနိုင်ငံကင်းထောက်အမျိုးသမီးအဖွဲ့ ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာက ဂုဏ်ပြုပေးအပ်ရာ ပါမောက္ခချုပ် ဆရာမကြီးက အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ကင်းထောက်နှင့် အသိအတတ်ပညာ ဟောပြောပွဲသို့ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာမကြီးဒေါက်တာသန္တာ၊ ဒုတိယပါမောက္ခချုပ် ဆရာမကြီး ဒေါက်တာသဇင်လွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ရှိ ဌာနအသီးသီးမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၄၆၃ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

■

# မြေပုံမြို့နယ်အတွင်း ရေငန်ပုစွန်မွေးမြူရေး နည်းပညာပေး ကွင်းဆင်းဆောင်ရွက်

မြေပုံ ဇန်နဝါရီ ၂၁

ရခိုင်ပြည်နယ် မြေပုံမြို့နယ်အတွင်း ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျောက်ဖြူရေငန်ပုစွန်သားဖောက်စခန်းမှ ပုစွန်မွေးကန်များ အရောက်သွားရောက်ပြီး ရေငန်ပုစွန်မွေးမြူရေးနည်းပညာပေး ကွင်းဆင်းဆောင်ရွက်ခြင်းကို ဇန်နဝါရီ ၁၆ ရက်က ကမ်းထောင်းကြီးမြို့ရှိ Golden Hoe ကုမ္ပဏီပိုင် ပုစွန်ကန်တွင် ပြုလုပ်ခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာတွင် ကျောက်ဖြူပုစွန်သားဖောက်စခန်း တာဝန်ခံ ဦးရွှေကျော်အောင်က ရေငန်ပုစွန်မွေးကန်များအထိ သွားရောက်၍ ငါးပုစွန်မွေးတောင်သူ ၁၅ ဦးအား ငါး၊ ပုစွန်မွေးတောင်သူများ၏ လိုအပ်နေသည့် မွေးမြူခြင်းနည်းပညာများကို စာတွေ့သင်ကြား ပို့ချပေးသည်။

ထို့နောက် ပုစွန်မွေးကန် ခုနစ်ကန်ထဲသို့ ရေငန်ကျားပုစွန်သားပေါက်ကောင်ရေ တစ်သန်းခုနစ်သိန်း ထည့်သွင်းမွေးမြူသည့်နည်းစနစ်အား ပုစွန်မွေးတောင်သူများနှင့်အတူ လက်တွေ့သင်ကြားပေးသည်။ ထို့နောက် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဖြူးပေးခြင်း၊ ငါး၊ ပုစွန်မွေးမြူရေးတွင် တွေ့ကြုံရမည့် အခက်အခဲများ၊ ဆောင်ရန် ရှောင်ရန်များအား အပြန်အလှန်စကားဝိုင်းဖွဲ့ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုင်းယောင်းမြို့နယ်ရှိ ကျေးရွာ နှစ်ရွာ၌ RBF စီမံကိန်းဖြင့် တန် ၃၀ ကျ ဆန်စက်လည်ပတ်နေမှုစစ်ဆေး

မိုင်းယောင်း ဇန်နဝါရီ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းဖြင့် တန် ၃၀ ကျ ဆန်စက်လည်ပတ်နေမှု အခြေအနေကို ယမန်နေ့ နံနက်ပိုင်းက ယမ်းခမ်းကျေးရွာနှင့် ကုက္ကိုလ်ကျေးရွာများသို့ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်ဝင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဝေနှင့် ခရိုင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယမ်းခမ်းကျေးရွာနှင့် ကုက္ကိုလ်ကျေးရွာတို့တွင် RBF စီမံကိန်း ချေးငွေကျပ် သိန်း ၆၀၀ နှင့် တော်ဝင် မိုင်းယောင်း သမဝါယမအသင်း၏ ထည့်ဝင်မတည်ငွေများဖြင့် ဆောင်ရွက်ထားရှိသည့် ဆန်စက်တည်ဆောက်ထားရှိမှုနှင့် စပါးကုန်ကြမ်းမှ ဆန်ကုန်ချောကြိတ်ခွဲထုတ်လုပ်နေမှု အခြေအနေများကို ကြည့်ရှုခဲ့ကြသည်။

ဂျဂျ

# Google ၏ မိခင်ကုမ္ပဏီဖြစ်သည့် Alphabet က ဝန်ထမ်းအင်အား ၁၂၀၀၀ ခန့် ထုတ်ပယ်မည်

**ဝါရှင်တန် ဇန်နဝါရီ ၂၁**

Google ၏ မိခင်ကုမ္ပဏီဖြစ်သည့် Alphabet သည် ကမ္ဘာတစ်ဝန်းရှိ ၎င်း၏ ဝန်ထမ်းအင်အား ၁၂၀၀၀ (ကုမ္ပဏီဝန်ထမ်းအင်အား၏ ၆ ရာခိုင်နှုန်း ခန့်)ကို ထုတ်ပယ်မည်ဖြစ်ကြောင်း ယမန်နေ့တွင် ကြေညာခဲ့သည်။

လွန်ခဲ့သည့် နှစ်နှစ်အတွင်းတွင် ကုမ္ပဏီ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိခဲ့သည့်အတွက် ဝန်ထမ်းများကို ပိုမိုငှားရမ်းခန့်အပ်ခဲ့ရကြောင်းနှင့် ယခုအချိန်တွင် ကုမ္ပဏီ၏ အနာဂတ်အကျိုးစီးပွားဖြစ်ထွန်းရေး အတွက် ဝန်ထမ်းများအား အလုပ်ထုတ်ပယ်ရခြင်းနှင့်ပတ်သက်ပြီး ၎င်းထံတွင် အပြည့်အဝတာဝန်ရှိပါကြောင်း ကုမ္ပဏီ၏ CEO ဆန်းဒါးပီချိုင်က ပြောကြားခဲ့သည်။

ဝန်ထမ်းများအလုပ်ထုတ်ပယ်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ရခြင်းအပေါ် ဆန်ဖရန်စစ္စကိုမြို့ရှိ Google ရုံးချုပ်၌ ဝန်ထမ်းမည်မျှ ထိခိုက်မှုရှိမည်လဲဆိုသည်ကို လက်ရှိတွင် မသိရသေးကြောင်း ၎င်းက ဆိုသည်။

ယမန်နှစ်အစီရင်ခံစာများအရ အဆိုပါဒေသတစ်ဝန်း၌ ကုမ္ပဏီဝန်ထမ်း ၄၅၀၀၀ ရှိကြောင်း သိရသည်။

ကယ်လီဖိုးနီးယားပြည်နယ် မောင်တိန်းဗျူးမြို့ အခြေစိုက် Alphabet ကုမ္ပဏီ၌ စက်တင်ဘာလကုန်အထိ ဝန်ထမ်းပေါင်း ၁၈၇၀၀၀ နီးပါးရှိသည်။ အဆိုပါဝန်ထမ်းများအနက် ၁၅၀၀၀၀ ခန့်သည် ယမန်နှစ်အတွင်း ခန့်အပ်ခံထားရသည့် ဝန်ထမ်းများဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကာလအလွန် စီးပွားရေးနလန်ထချိန်တွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှောင့်နှေးနေဆဲဖြစ်သည့်အတွက် နည်းပညာကုမ္ပဏီအများအပြားက ၎င်းတို့၏ ဝန်ထမ်းအင်အားကို လျှော့ချမှုများလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**






# အမေရိကန်နိုင်ငံ၌ ယခုနှစ် တုပ်ကွေးရာသီအတွင်း လူပေါင်း ၂၅ သန်းကျော် တုပ်ကွေးရောဂါဖြစ်ပွား

**လော့အိန်ဂျလိစ် ဇန်နဝါရီ ၂၁**

အမေရိကန်နိုင်ငံ၌ ယခုနှစ် တုပ်ကွေးရာသီကာလအတွင်း လူပေါင်း ၂၅ သန်းကျော် တုပ်ကွေးရောဂါဖြစ်ပွားခဲ့ကြောင်းနှင့် လက်ရှိအချိန်အထိ တုပ်ကွေးရောဂါကြောင့် ၁၇၀၀၀ သေဆုံးခဲ့ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ဇန်နဝါရီ ၂၀ ရက်တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

အမေရိကန်နိုင်ငံ၌ ဇန်နဝါရီ ၁၄ ရက်တွင် ကုန်ဆုံးခဲ့သည့် သီတင်းပတ်အတွင်း တုပ်ကွေးရောဂါကြောင့် လူပေါင်း ၆၃၀၀ ကျော် ဆေးရုံတက်ရောက်ဆေးဝါးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

ရာသီတုပ်ကွေးရောဂါသည် လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံ၌ ဖြစ်ပွားမှုအမြင့်မားဆုံးသော ရောဂါအဖြစ် ဆက်လက်ရှိနေဆဲဖြစ်ကြောင်းနှင့် ယခုသီတင်းပတ်အတွင်း တုပ်ကွေးရောဂါကြောင့် ၈၅ ဦး သေဆုံးခဲ့ကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

ထို့ကြောင့် အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားမှုကို ကြိုတင်ကာကွယ်နိုင်ရန် ပုံမှန်တုပ်ကွေးရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူရန် ပြည်သူများအား တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# ဂျပန်နိုင်ငံ၏လူဦးရေ ၂၀၂၂ ခုနှစ်အတွင်း သုည ဒသမ ၄၃ ရာခိုင်နှုန်း လျော့ကျ

**တိုကျို ဇန်နဝါရီ ၂၁**

ဂျပန်နိုင်ငံ၏ စုစုပေါင်းလူဦးရေသည် ၂၀၂၂ ခုနှစ်တွင် သုည ဒသမ ၄၃ ရာခိုင်နှုန်း သို့မဟုတ် ၅၃၈၀၀၀ ခန့် လျော့ကျလာကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ကိန်းဂဏန်းများအရ ဂျပန်နိုင်ငံ၏ လူဦးရေသည် ဇန်နဝါရီ ၁ ရက်အထိ ၁၂၄ ဒသမ ၇၇ သန်းရှိပြီး ၂၀၂၂ ခုနှစ် အဆိုပါကာလတွင် လူဦးရေ ၁၂၅ ဒသမ ၃၁ သန်းရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဂျပန်နိုင်ငံ၌ အသက် ၆၅ နှစ်နှင့်အထက် လူဦးရေစုစုပေါင်း ၃၆ ဒသမ၂၁ သန်း (၂၉ ရာခိုင်နှုန်း)ခန့်ရှိပြီး အသက် ၁၅ နှစ်အောက်လူဦးရေသည် ၁၄ ဒသမ ၄၅ သန်း (၁၁ ဒသမ ၆ ရာခိုင်နှုန်း) အထိ ရှိသည်။

ကလေးမွေးဖွားနှုန်း လျော့ကျလာခြင်းနှင့် သက်ကြီးရွယ်အိုဦးရေ မြင့်တက်လာခြင်းတို့ကြောင့် လုပ်သားအင်အား ကျဆင်းလာပြီး ဆေးဘက်ဆိုင်ရာနှင့် လူမှုဖူလုံရေးနယ်ပယ်များတွင် နိုင်ငံအတွက် အဓိကစိန်ခေါ်မှုများ ဖြစ်လာသည်။

ဝန်ကြီးချုပ် ကီရှီဒါသည် လာမည့်အပတ် ပုံမှန်ပါလီမန်အစည်းအဝေး အဖွင့်မိန့်ခွန်းတွင် ဂျပန်နိုင်ငံ၏ ကျဆင်းနေသောကလေးမွေးဖွားနှုန်းကို ပြန်လည်ပြုပြင်ထိန်းသိမ်းရန် မူဝါဒများအတွက် ရန်ပုံငွေရရှိရန် ကတိပြုမည်ဖြစ်သည်။

ယခုလအစောပိုင်းက ပြုလုပ်သော နှစ်သစ်ကူးသတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးချုပ် ကီရှီဒါသည် ယခုနှစ်အတွင်း ကလေးများနှင့်ပတ်သက်သည့် မူဝါဒများကိုချမှတ်ပြီး ကလေးမွေးဖွားနှုန်းကို ကိုင်တွယ်ဖြေရှင်းသွားမည်ဟု ကတိပြုခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# ဂျပန်နိုင်ငံ၌ ကိုဗစ်- ၁၉ ရောဂါကူးစက်မှုကြောင့် ၃၉၈ ဦး ထပ်မံသေဆုံး

**တိုကျို ဇန်နဝါရီ ၂၁**

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၉၈ ဦး သေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၅၀၄၃ ဦးရှိကြောင်း သိရသည်။



အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၇၈၉၅၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၃၁၉၈၀၈၇၈ ဦးရှိကြောင်း သိရသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၆၆၀၇ ဦးသည် မြို့တော်တိုကျိုမှဖြစ်ပြီး သေဆုံးသူ ၃၃ ဦးရှိကြောင်း သိရသည်။

အဆိုပါမြို့တော်အတွင်း ရောဂါကူးစက်ခံရသူ အရေအတွက်သည် လွန်ခဲ့သော ရက်သတ္တပတ်ကထက် ၄၁၂၂ ဦး လျော့ကျသွားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# နိုင်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်းတွင် ကျောင်းသားခြောက်ဦး ပြန်ပေးဆွဲခံရ

**လာဂို့စ် ဇန်နဝါရီ ၂၁**

နိုင်ဂျီးရီးယားနိုင်ငံအလယ်ပိုင်း နာဆာရာဝါပြည်နယ်ရှိ ကျောင်းတစ်ကျောင်းသို့ သွားရာလမ်းတွင် ကျောင်းသားခြောက်ဦး ပြန်ပေးဆွဲခံရကြောင်း နိုင်ဂျီးရီးယားရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၀ ရက်တွင် အတည်ပြုပြောကြားသည်။

အသက် ခုနစ်နှစ်မှ ရှစ်နှစ်အကြား အသက်အရွယ်ရှိသည့် မူလတန်းကျောင်းတစ်ကျောင်းမှ ကျောင်းသားခြောက်ဦးသည် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် နာဆာရာဝါပြည်နယ် အယ်လ်ဝါဇာမြို့အတွင်းရှိ လမ်းပေါ်တွင် လက်နက်ကိုင်ဆောင်ထားသူများက မော်တော်ဆိုင်ကယ်များဖြင့် ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်ကြောင်း နာဆာရာဝါပြည်နယ်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ရမ်ဟန်နန်ဆယ်က ပြည်နယ်၏မြို့တော် လက်ဖီယာတွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

နာဆာရာဝါပြည်နယ်ရဲတပ်ဖွဲ့သည် ပြန်ပေးဆွဲခံရသည့် ကျောင်းသားများ၏ မိဘများနှင့် ကျောင်းစီမံခန့်ခွဲမှုအဖွဲ့တို့နှင့် တွေ့ဆုံခဲ့ပြီး ပြန်ပေးဆွဲခံခဲ့ရသည့် ကျောင်းသားများအား ရှာဖွေကယ်ဆယ်ရန် ပူးတွဲလုံခြုံရေးအဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်၊ စားသောက်ကုန်၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၈ ရက်တွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားခြင်းမရှိသော အားကစားဖိနပ် ၁၈၈၄ ရန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၅၂၀၀၀)နှင့် FDA ထောက်ခံချက်နှင့်ကွဲလွဲစွာပါရှိလာသော Rotho Ances Sealing Gel ၅၁၆ ဒသမ ၉၆ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၄၅၉၈၀၁) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၁၁၁၈၀၁ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းအရေးယူ**

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၈ ရက်တွင် ပဲခူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ အကောက်ခွန်အဖွဲ့က မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသော ဒိန်ချဉ်ဘူး ဖာ ၆၈၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော Nissan Box Truck အမျိုးအစား ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ လည်းကောင်း၊ ဇန်နဝါရီ ၁၉ ရက်တွင် တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း တရားမဝင် ကျွန်းသစ်နှင့် သစ်မာ ၂၂ ဒသမ ၅၈၂၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၆၇၉၅၈)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၁၆၇၉၅၈ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇန်နဝါရီ ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့ အမှတ်(၈)တပ်ထိပ် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ပူးပေါင်းအဖွဲ့က PAJERO အမျိုးအစားမော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀)ကို လည်းကောင်း၊ နန်းယွန်းမြို့နယ်အတွင်း၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က လိုင်စင်မဲ့ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့ပြင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ အကောက်ခွန်အဖွဲ့က သဃ်န်းညီနောင်ကျေးရွာအနီး၌ ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသော အင်ဂျင်မပါရှိသော Two Wheel Tractor ၁၀ စီးအပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၇၆၄၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော Nissan ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၆၂၇၆၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တောင်ကြီးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ အကောက်ခွန်အဖွဲ့က တာချီလိတ်-ကျိုင်းတုံ-တောင်ကြီး-မိတ္ထီလာ လမ်းကြောင်းအတိုင်း မောင်းနှင်လာသော ယာဉ်နှစ်စီးအား စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၁၃၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၁၃၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၈၄၇၉၇၅၉) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မြိတ်၊ မြောက်ဥက္ကလာပနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၁

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၉ ရက် ည ၇နာရီတွင် မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာရှိ မတင်တင်အောင်၏ နေအိမ်သို့ ဝင်ရောက်



သန့်ဇင်ဖြိုး(ခ)ဝတုတ်၊ သန်းရွှေ(ခ)စိုးနိုင်နှင့် ကျော်ဝင်းထွန်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ရှာဖွေရာ ငွေကျပ်သိန်း ၂၁၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀၀ ကိုလည်းကောင်း။

ထိုနေ့ နံနက် ၆ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် အမရာလမ်းတွင် သန့်ဇင်ဖြိုး(ခ)ဝတုတ် မောင်းနှင်ပြီး သန်းရွှေ(ခ)စိုးနိုင် လိုက်ပါလာသည့် TOYOTA ALPHARD ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး နံနက် ၈ နာရီတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမှတ်(၄၆) ရပ်ကွက်ရှိ သန့်ဇင်ဖြိုး(ခ)ဝတုတ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကို ထပ်မံသိမ်းဆည်းရမိခဲ့ပြီး စုစုပေါင်းငွေကျပ်သိန်း ၃၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများကို လည်းကောင်း။

ကွင်းဆက်အရ မွန်းလွဲ ၂ နာရီခွဲတွင် သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက် လေးထောင့်ကန်လမ်း၌ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချခိုင်းသူ ကျော်ဝင်းထွန်းကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

**တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၁-၂၀၂၃ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(**မင်္ဂလသုတ်**)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** "၂၀၂၂-၂၀၂၃ပညာသင်နှစ်အခြေခံပညာကျောင်းသားအားကစားပွဲတော်၊ နေ့စဉ်ယှဉ်ပြိုင်နေမှုအစီအစဉ်"
**၁၀:၀၀** သတင်းသမားပြောတဲ့သတင်းစကား
**၁၀:၃၀** "Forward Bandတေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်"
**၁၁:၄၀** အသိပညာနှင့်အမှန်တရား
**၁၂:၃၀** This Week's Special Interest
**၁၃:၁၅** Weekly Local News Highlights
**၁၃:၃၀** MRTV National News
**၁၄:၀၀** မြန်မာဂန္တဝင်ရုပ်ရှင် "**ဝုဏ်ရည်မတူ**" (ခင်မောင်၊သုခ၊မေသစ်၊မေလွင်) (ဒါရိုက်တာ-သုခ)
**၁၆:၄၅** "Sports Diary"
**၁၇:၁၅** Economic Review
**၁၇:၄၅** 'အုံ့ဩဖွယ်မကုန်ပီတိရသ..ဖြင့်ဆင်နွှဲခဲ့သည့်(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အောင်ပွဲ'(အပိုင်း-၁)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** 'သုတဝေဖြာ...သီရိဂေဟာ'
**၁၉:၁၅** မြန်မာဇာတ်လမ်းတွဲ '**ပိန်းကြာဖက်၌တင်သောရေ**'(အပိုင်း-၄)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** ၂၀၂၂-၂၀၂၃ပညာသင်နှစ်အခြေခံပညာကျောင်းသားအားကစားပွဲတော်၊ နေ့စဉ်ယှဉ်ပြိုင်နေမှုအစီအစဉ်
**၂၁:၁၀** ဘဝနှင့်အနုပညာ"**ချစ်သောဝါဝါ**"(အကယ်ဒမီဝါဝါဝင်းရွှေ)(အပိုင်း-၂)
**၂၁:၄၀** တပ်မတော်(ရေ)ဝုဏ်ပြုဇာတ်လမ်း "**ကြယ်ညွှန်ရာသစ္စာ**"(အပိုင်း-၁+၂)

**mitv**

**07:02** Evergreen Classic: Thatta Htar Na (Sein Lei Lei)
**07:10** Myanmar Delicate Artistic Creations - Gem Stone Painting
**07:29** Mote Sein Paung from Intaing Village
**07:39** Children's Delight: National Library for Children (Never Too Late to Learn)
**08:01** News
**08:28** Myanmar Handicrafts
**09:01** Discovering Tribes: Wa - Their Life and Customs
**09:35** Today Myanmar: Tele Rehabilitation Stroke Program
**09:39** Listening Pleasure, Instrumental Music (Don Min) Mya Nanda
**10:01** News
**10:27** Historic Of Kyaukka Shwe Gu Ni Pagoda
**10:33** Friendship & Cooperation: Paukphaw Friendship & Cooperation (Myanmar)

**MRTV NRC**

**ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ကျန်းမာရေးအတွက်ကောင်းကျိုးများသည့် မဟာကာကြံဆစ်
**ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ညောင်စေးပြုလုပ်ခြင်း
**မွန် (၀၈:၀၀ မှ ၀၉:၀၀)**
ကျွဲကောသီး၏အကျိုးကျေးဇူး
**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
ရခိုင်ပြည်မှ သဘာဝအလှများ
**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
ငှက်ပျောဖူးဟင်းထုပ်ပြုလုပ်နည်း
**ဝ (၁၃:၀၀ မှ ၁၅:၀၀)**
မြန်မာ့မြေမှ စိုက်ပျိုးစီးပွားလှုမှုဘဝများ(အပိုင်း-၁)(ပိုးမွေးမြူရေးနှင့် ခေါက်ဆွဲနွဲ့အကြောင်း)
**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
ပျားမွေးမြူရေး
**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
ယင်းတလဲတိုင်းရင်းသားနှင့် သမိုင်းဝင်စောလုံကျေးရွာ
**ပကေကရင် (၁၉:၀၀ မှ ၂၁:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၁)
**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်ရိုးရာဗိနပ်လုပ်ငန်း
**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၆)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
**၀၉:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၄:၂၀** News Desk
**၁၅:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)
**၁၉:၄၅** "ကမ္ဘာတစ်လွှားအနုပညာသတင်းများ"
**၂၀:၄၅** ၂၀၂၂-၂၀၂၃ပညာသင်နှစ်အခြေခံပညာကျောင်းသားအားကစားပွဲတော်နေ့စဉ်ယှဉ်ပြိုင်နေမှု အစီအစဉ်
**၂၃:၀၀** ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**ရာသက်ပန်ပေါင်းဖို့ရန်ရည်ရွယ်မှုသာ**"
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း-အပိုင်း(၇)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၃)
**၁၁:၃၀** "အတွေးအမြင်"-အပိုင်း(၇)

**MRTV FARMERS**

**၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၀၆:၂၅** သမားရိုးကျမှသည်ဆန်းသစ်မှုဆီသို့
**၀၇:၀၀** စက်မှုလယ်ယာစွမ်းအား နိုင်ငံ့အင်အား
**၀၇:၁၅** "မွေးမြူရေးရာအဖြာဖြာ"
**၀၈:၀၀** ဈေးကွက်ဝိုင်မာဝင်ငွေကောင်းဖို့ တန်ဖိုးမြင့်ထုတ်ကုန်ထုတ်လုပ်စို့
**၀၈:၂၀** တစ်သျှူးနည်းပညာလေ့လာရေးကြံသီးနှံ
**၀၉:၀၀** စာသင်ခန်းမှသည်လယ်တောဆီ (ဇာတ်လမ်းတို)
**၀၉:၄၅** တစ်နိုင်တစ်ပိုင်ပိုးမွေးမြူရေးလုပ်ငန်း

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကော်မရှင်အပါအဝင် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ရုံးဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111 ” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုရယူခဲ့သည့် ဌာန/အဖွဲ့အစည်းထံမှ မိမိတို့၏ လက်ကိုင်ဖုန်းများသို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ Short Code နံပါတ် “1111” ဖြင့် SMS များ ပေးပို့မေးမြန်းလာပါက မှန်ကန်စွာပြန်လည်ဖြေကြား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် လိုအပ်ချက်များကို အချိန်မီပြုပြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့်ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Short Code နံပါတ် “1111” ဖြင့်ပေးပို့လာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိပယ်ခွာ ပြည်သာယာရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဝိုင်းမော်မြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား ဇန်နဝါရီ ၂၁

ကချင်ပြည်နယ် အစိုးရအဖွဲ့ အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ပြည်နယ်စီးပွား မြှင့်တင်ရေးအတွက် စိုက်ပျိုး မွေးမြူရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME)စက်မှုလက်မှု ကုန်ထုတ်လုပ်ငန်းများ တိုးတက်မြင့်မားလာစေရေး ရင်းနှီးမတည်ပေးလျက်ရှိရာ ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးကြသည်။

ပြည်နယ် ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ဝိုင်းမော်မြို့နယ် နောင်တာလောကျေးရွာအုပ်စုအတွင်း တောင်သူဦးကြည်လင်၏ ခရမ်းချဉ်သီး၊ ငရုတ်သီး၊ ဂေါ်ဖီထုပ်၊ မုန်ညင်း၊ ခရမ်းသီး၊ ကိုက်လန် စသည့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်တောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စက်ရေတွင်းများတူးဖော်ပေးနိုင်ရေးနှင့် လျှပ်စစ်မီးရရှိရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများအကြား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အာလူးဘာရီ ကျေးရွာအတွင်းရှိ တောင်သူ ဦးဂိုလေး၏ လယ်ယာမြေ ၁၈ ဧကပေါ်တွင် စိုက်ပျိုးထားရှိသည့် ငရုတ်ပွပင်များ ဖြစ်ထွန်းအောင်မြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများ၏ ယာမြေများပေါ်တွင် ပန်းနှမ်း၊ ဆီမုန်ညင်း၊ ဂေါ်ဖီထုပ်နှင့် ဖူးစားပြောင်းပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို ဆက်လက်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

ယင်းနောက် ခါးရှိကျေးရွာရှိ ငါးလုပ်ငန်းဦးစီးဌာန ငါးမွေးမြူရေးကန်များတွင် ဒေသရင်းငါးမျိုးစိတ်နှင့် ငါးမျိုးစုံ မွေးမြူထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## ပြည်မြို့၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ

ပဲခူး ဇန်နဝါရီ ၂၁

ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး(အနောက်) ပညာရေးစုံညီပွဲတော် အခမ်းအနားနှင့် ပြည်ဒေသခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအခမ်းအနားများသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပဲခူးတိုင်းဒေသကြီး(အနောက်) ပညာရေးစုံညီပွဲတော်မုခ်ဦးအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူလေးများ၏ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များကို လိုက်လံကြည့်ရှု အားပေးခဲ့သည်။

ထို့နောက် ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ပဲခူးတိုင်းဒေသကြီး(အနောက်) ပညာရေးစုံညီပွဲတော်အား ဆက်လက်ကျင်းပပြုလုပ်ရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက စုံညီပွဲတော်တို့နွဲ့ပျော်သီချင်းဖြင့်




ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပဲခူးတိုင်းဒေသကြီး(အနောက်) ပညာရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ယုက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ဗဟိုအဆင့် စာပေ၊ ဂီတ၊ အနုပညာပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက လည်းကောင်း၊ တိုင်းဒေသကြီးအဆင့် စာပေ၊ ဂီတ၊ အနုပညာပြိုင်ပွဲများတွင် ဆုရရှိကြသူများအား အစိုးရအဖွဲ့ တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကာ ကျောင်းသား ကျောင်းသူလေးများက တေးသီချင်းများဖြင့် အသီးသီး ကပြဖျော်ဖြေတင်ဆက်ခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုငွေကျပ် သိန်း ၃၀ အား ပေးအပ်ခဲ့သည်။ ၎င်းနောက် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး ခရိုင်အလိုက်ပြခန်းအတွင်း ကျောင်းသား ကျောင်းသူလေးများ၏ ဘာသာရပ်အလိုက် လက်တွေ့သရုပ်ပြသနေမှု ပြခန်းများအား လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်မြို့ အလင်္ကာဟိုတယ်၌ ပြည်ဒေသခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ပြည်ဒေသအတွင်း ခရီးစဉ်သစ်များ ဖော်ထုတ်ခြင်း၊ ရှိပြီးသားခရီးစဉ်များအား ပြန်လည်အဆင့်မြှင့်တင်ခြင်း၊ မသန်စွမ်းများ သွားလာနေထိုင်စားသောက်နိုင်ရေး ဟိုတယ်၊ မိုတယ်နှင့်စားသောက်ဆိုင်များ ပြန်လည်ပြင်ဆင်ရန် လိုအပ်ချက်များအား လမ်းညွှန်မှာကြားခဲ့သည်။

၎င်းနောက် တက်ရောက်လာသည့် လုပ်ငန်းရှင်များက ပြည်ဒေသခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းအကြံပြု တင်ပြခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လွိုင်မွေဒေသ ချယ်ရီပန်းပွဲတော်(၂၀၂၃)သို့ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိ

ကျိုင်းတုံ ဇန်နဝါရီ ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) လွိုင်မွေဒေသ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် ချယ်ရီပင်များ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးတို့အတွက် ချယ်ရီပန်းပွဲတော် (၂၀၂၃)ကို ဇန်နဝါရီ ၁၉ ရက်မှ ၂၃ ရက်အထိ လွိုင်မွေတောင်စခန်း စတုရဋ္ဌသုမင်္ဂလာစေတီတော်အနီး ချယ်ရီပင်တန်းတွင် ကျင်းပလျက်ရှိရာ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ပွဲတော်ကျင်းပရာ ချယ်ရီပင်တန်းတစ်လျှောက်တွင် ရပ်နီးရပ်ဝေးမှ လာရောက်လည်ပတ်ကြသူများက အစုလိုက်အပြုံလိုက်ပွင့်နေသည့် ချယ်ရီပင်များအား ကြည့်ရှု၍ အလှဓာတ်ပုံရိုက်ကြသူများ၊ ချယ်ရီပင်တန်းအနီး မြက်ခင်းပြင်တွင် အပန်းဖြေကြသူများ၊ ရိုးရာအစားအစာ၊ ရိုးရာဝတ်စုံ၊ ဒေသထွက်ကုန်များ ရောင်းချသူများဖြင့် စည်ကားလျက်ရှိပြီး ဒေသအဆိုတော်များက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေလျက်ရှိသည်။ ထို့အပြင် လွိုင်မွေကန်ပတ်လည်နှင့် လွိုင်မွေအထင်ကရ နှစ်တစ်ရာစံအိမ်နေရာများတွင် လာရောက်လည်ပတ်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းရာသီ လွိုင်မွေချယ်ရီပန်းပွဲတော် (၂၀၂၃) ဒုတိယအကြိမ်သို့ လာရောက်လည်ပတ်သူများ ယခင်နှစ်ထက် ပိုမိုများပြားလျက်ရှိပြီး ကျိုင်းတုံ-လွိုင်မွေ ကားလမ်းတစ်လျှောက်နှင့် View Point နေရာများတွင် လာရောက်



လည်ပတ်ကြသည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ အလှဓာတ်ပုံရိုက်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

# ဟိုပုံးမြို့နယ်၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် ကွင်းဆင်းဆောင်ရွက်

ဟိုပုံး ဇန်နဝါရီ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ယနေ့နံနက် ၉ နာရီက တောင်ရပ်ကွက် အတုလမာန်အောင်ဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးဖြိုးနိုင်ဦးက နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို လည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ရဲမှူးစိုးအောင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးတို့ကို လည်းကောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူက ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါ အန္တရာယ်တို့ကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူက မိမိပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်များကို စနစ်တကျစွန့်ပစ်ကြရန်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူက မကြာမီ ကျောင်းသားကျောင်းသူများ ကျောင်းပိတ်မည်ဖြစ်၍ စာပေဗဟုသုတများရှာဖွေနိုင်ရေးပြည်သူ့စာကြည့်တိုက်သို့ အသုံးပြုတတ်စေရန် အားလပ်ရက်များစာဖတ်စေရေး မိဘပြည်သူများက မိမိသားသမီးများအား စာကြည့်တိုက်သို့ လာရောက်အသုံးပြုတတ်စေရန်တို့ကို လည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူက ရွေးကောက်ပွဲနှင့်ပတ်သက်သည်များကို လည်းကောင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူက ဘေးအန္တရာဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက သီးနှံစိုက်ပျိုးရေးနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးမှုများနှင့် တက်ရောက်လာသည့် ရပ်ကွက်နေပြည်သူများ၏ မေးမြန်းတင်ပြချက်များအပေါ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)



# ဒိုက်ဦးမြို့၌ ကျောင်းသား ကျောင်းသူများအား တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

ဒိုက်ဦး ဇန်နဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ အသက် ၅ နှစ်မှ ၁၂ နှစ်အတွင်း ကျောင်းသားကျောင်းသူများအား တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ထိုသို့ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် အထက(၁) အပါအဝင် ဒိုက်ဦးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသက် ၅ နှစ်မှ ၁၂ နှစ် ကျောင်းသား ကျောင်းသူ ၁၇၀၆ ဦးတို့အား ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

ကာကွယ်ဆေးထိုးနှံရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်မိုးမိုးအေးနှင့် ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ ကျော်ကျော်(ပြန်/ဆက်)

# လှည်းကူးမြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပ

လှည်းကူး ဇန်နဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ယနေ့နံနက်ပိုင်းက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲ၊ ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော် အခမ်းအနားကို လှည်းကူးအခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်း၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ကိုယ်လက်လှုပ်ရှားကာယအတွဲ (၃/၄)၊ ကဗျာလွတ်အကနှင့် တိုင်းရင်းသား အကအလှများဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် အခမ်းအနားကို လှည်းကူးအခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းသားကျောင်းသူများက စုံညီပွဲတော်တို့နွဲပျော်သီချင်းဖြင့် ဖွင့်လှစ်ပြီး မြို့နယ်ပညာရေးမှူး ဒေါ်သိန်းရွှေက စုံညီပွဲတော်ကျင်းပသည့် အကြောင်းအရာများနှင့် မြို့နယ်ဂုဏ်ဆောင်ဆုများရရှိခဲ့ကြသော ကလေးငယ်များ၊ ဘာသာရပ်အသီးသီးတွင် ဆုများရရှိခဲ့ကြသော ကလေးငယ်များအား ဆုများပေးအပ်မည့်ပွဲဖြစ်ပြီး ဆရာ၊ မိဘ၊ ကျောင်းသားများ စုံညီစွာတွေ့ဆုံကြကာ ကျောင်းသား ကျောင်းသူများ ဘက်စုံထူးချွန်စေရေးဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဆုရရှိသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူး၍ ကျောင်းသား ကျောင်းသူများက အဖွဲ့လိုက်အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။ ဉာဏ်ဟိန်း

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၀၅ | ၂၃၅၅ | ၂၃၄၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၆၀ | ၂၃၃၅ | ၂၄၃၅ | ၂၄၅၀ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၀ | ၂၉၀၀ |
| 95 Ron | ၂၃၈၅ | ၂၄၃၅ | ၂၄၃၀ | ၂၃၉၀ | ၂၄၃၀ | ၂၄၅၅ | ၂၄၄၀ | ၂၄၁၅ | ၂၅၁၅ | ၂၅၃၀ | ၂၄၂၅ | ၂၄၄၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၇၀ | ၂၇၀၀ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၈၀ | ၂၅၂၅ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၆၅ | ၂၇၉၅ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၆၀ | ၂၆၀၅ | ၂၆၀၅ | ၂၅၆၅ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၇၅ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၀ | ၂၂၆၈ |
| 95 Ron | ၂၂၆၇ | ၂၃၄၆ |
| HSD (500 ppm) | ၂၃၆၂ | ၂၄၃၉ |
| HSD (50 ppm) | ၂၄၃၆ | ၂၅၁၄ |
| HSD (10 ppm) | ၂၄၃၆ | ၂၅၁၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) ဝါးခယ်မမြို့ မရမ်းချောင်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် ဝါးခယ်မမြို့နယ် မရမ်းချောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၂၉၉၃ ဦးအား ၎င်းကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၈၇၄ ဦး၊ ခွဲစိတ်ရောဂါ ၂၅၀၊ သားဖွား/ မီးယပ်ရောဂါ ၁၁၄ ဦး၊ ကလေးရောဂါ ၁၄၇ ဦး၊ အရိုးရောဂါ ၆၁၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၂၈ ဦး၊ မျက်စိရောဂါ ၃၉၁ ဦးနှင့် သွားရောဂါ ၃၇၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၈၉ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၂၅ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၆၈ ဦး၊ တယ်လီဖေးရှင်းဓာတ်မှန်ရိုက်လူနာ ၂၁၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၃၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၅၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား ရန်ကုန်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခင်ဇော်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မဟာမုနိရုပ်ရှင်တော်ပင့်ဆောင်ခဲ့သူ ဗဒုံမင်းနှင့် သားတော်အိမ်ရှေ့ဥပရာဇာတို့၏ ကြေးသွန်းရုပ်တုပြသထား

**မန္တလေး ဇန်နဝါရီ ၂၁**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်(ဘုရားကြီး) အနောက်ဘက်၄၅ တာရှိ ဝါဆိုခြင်းရုံရှေ့အဝိုင်းပတ်တွင် မဟာမုနိရုပ်ရှင်တော်ကို ရခိုင်ပြည်မှ ပင့်ဆောင်ခဲ့သည့် ဗဒုံမင်းနှင့် သားတော်အိမ်ရှေ့ဥပရာဇာတို့၏ ကြေးသွန်းရုပ်တုကို အများပြည်သူအား ပြသထားမည်ဖြစ်ကြောင်း သိရသည်။



လက်ရှိအချိန်တွင် အဆိုပါကြေးသွန်းရုပ်တုကို မဟာမုနိဘုရားပရိဝုဏ်အတွင်း အရှေ့မြောက်ထောင့် သမိုင်းပန်းချီပြတိုက်အနီး၌ နောက်ခံမဏ္ဍပ်ဖြင့် အများပြည်သူလေ့လာနိုင်ရန် ယာယီပြသထားကြောင်း ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးကျော်ကျော်ဦးက ပြောသည်။

"မဟာမုနိရုပ်ရှင်တော်ကြီးကို ပင့်ဆောင်ခဲ့လို့ ကျေးဇူးတင်ဂုဏ်ပြုတဲ့အနေနဲ့ရော အများပြည်သူလည်း သိရှိစေချင်တဲ့အတွက်ပါ ရည်ရွယ်ဆောင်ရွက်တာဖြစ်တယ်။ ရုပ်တုကို ခြင်းလုံးရုံပေါ်က အဝိုင်းပတ်မှာထားဖို့ အောက်ခံခုံလုပ်တာ စတော့မှာပါ။ နိုင်ငံခြားသားတွေလာတဲ့အပေါက်ဘက်ဖြစ်လို့ သူတို့လည်း ဒါကိုပိုပြီး သတိထားမိမယ်" ဟု ၎င်းက ပြောသည်။

လာမည့် ဖေဖော်ဝါရီလတွင် ယာယီပြသသည့်နေရာမှ ရွှေ့ပြောင်းမည်ဖြစ်ပြီး ဗဒုံမင်းရုပ်တုအမြင့် ကိုးပေခွဲနှင့် သားတော်အိမ်ရှေ့ဥပရာဇာရုပ်တု အမြင့်ငါးပေခွဲ၊ ကြေးပိဿာချိန်စုစုပေါင်း ၃၅၀ ကျော်ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ်ကတည်းက စီစဉ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကြာမြင့်ခဲ့ကာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်တွင် ကြေးသွန်းအလုပ်ရုံမှ မဟာမုနိဘုရားကြီးသို့ သယ်ယူခဲ့ကြောင်း သိရသည်။

"အိမ်ရှေ့မင်းပုံကရှိပြီးသား။ ဗဒုံမင်းပုံသွန်းလုပ်ဖို့ တိုင်ပင်ကြတယ်။ တမ္ပဝတီ ဦးဝင်းမောင်က ပုံစံထုတ်၊ ဒီဇိုင်းရေးဆွဲတာကစလို့ ဖယောင်းပုံထုတ်တာ လုပ်ပေးတယ်။ ကျွန်တော့်အလုပ်ရုံက ကြေးသွန်းလောင်းတယ်။ ရုပ်တုထားမယ့် အောက်ခံခုံကို ခိုင်ခံ့ပြီး မြန်မာမှုနဲ့ဆီလျော်အောင် ဆောင်ရွက်ပြီးရင် ရွှေ့မှာပါ"ဟု မြန်မာမှုကြေးသွန်းပညာရှင်နှင့် ဂေါပကအဖွဲ့ဝင်ဖြစ်သူ ဦးဆန်းက ပြောသည်။

ဗဒုံမင်းနှင့် အိမ်ရှေ့ဥပရာဇာတို့၏ ကြေးသွန်းရုပ်မှာ အသက်ဝင် လက်ရာမြောက်ခြင်းကြောင့် ရုပ်တုကို နောက်ခံထား၍ ဓာတ်ပုံရိုက်ကူးသူများပြားလျက်ရှိကြောင်း၊ ယင်းကြေးသွန်းရုပ်တု ပြုလုပ်ထားရှိရန် ၂၀၂၀ ပြည့်နှစ်ကတည်းက အစီအစဉ်ရှိခဲ့သော်လည်း ယခုမှ အကောင်အထည်ပေါ်ခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

# မိတ္ထီလာပညာရေးဒီဂရီကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၂၁**

မိတ္ထီလာ ပညာရေးဒီဂရီကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်းတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာထူးချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပညာရေးကောလိပ်ရှိ ပညာပါရမီခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ကျောင်းသားကျောင်းသူများက "ကြိုဆိုပါသည် စုံညီပွဲတော်" သီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ပြီး ခရိုင်ပညာရေးမှူး ဦးမြသိန်းက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ဒုတိယမြို့နယ်ပညာရေးမှူး ဦးနိုင်နိုင်ဦးက လေ့ကျင်းရေး အလယ်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီးအား ကျောင်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းဆောင်ရည်ဆုကို ပေးအပ်ချီးမြှင့်ပြီး ခေတ္တမြို့နယ်ပညာရေးမှူး ဦးမြသိန်းနှင့် တာဝန်ရှိသူများက ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် ကျောင်းတက်မှန်ဆုရ ဆရာ ဆရာမများ၊ အတန်းလိုက် သင်ကြားရေးစွမ်းဆောင်ရည်ဆုရ ဆရာ ဆရာမများ၊ တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်တို့တွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် အတန်းအလိုက် ထူးချွန်ဆုများ ရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းထက်ထက်အောင်နှင့် တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# မြဝတီမြို့ အခြေခံပညာအထက်တန်းကျောင်း(ဝါတော)၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**မြဝတီ ဇန်နဝါရီ ၂၁**

ကရင်ပြည်နယ် မြဝတီမြို့ အခြေခံပညာ အထက်ကျောင်း (ဝါတော)တွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။



အခမ်းအနားကို မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိန်သောင်း၊ ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦး၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးအောင်မင်းစိုး၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိန်သောင်းနှင့် ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦးတို့က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးက ပညာရေးဆိုင်ရာကိစ္စရပ်များနှင့် ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ အခြေခံပညာ အထက်တန်းကျောင်း(ဝါတော)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးသက်က ကျေးဇူးတင်စကား ပြောကြားသည်။

**ဖျော်ဖြေတင်ဆက်**

ထို့နောက် ပညာရပ်နယ်ပယ်အလိုက် ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးကြပြီး ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဆက်လက် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# နိုင်ငံ့စီးပွား၊ ဒေသစီးပွားတိုးတက်ရေး အထောက်အကူပြုစေမည့် နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း

မြင့်မားလွန်းလှသည့် ပတ်ကွိုင်တောင်ကြောနှင့်အတူ ထူထပ်သိပ်သည်းသည့် မိုးသစ်တောများအတွင်း ဖြတ်သန်းဖောက်လုပ်ထားသည့် လီဒိုလမ်းမကြီးသည် ကမ္ဘာကျော်လမ်းမကြီးတစ်ခုဖြစ်သည်။ လီဒိုလမ်းမကြီးသည် အိန္ဒိယ၊ မြန်မာနှင့် တရုတ်နိုင်ငံတို့ကို ဆက်သွယ်ပေးထားသည့် လမ်းမကြီးတစ်ခုပင်။ ယင်းလမ်းမကြီးသည် လမ်းမိုင်အရှည် ၁၀၇၉ မိုင် ရှည်လျားသည်။ အဆိုပါလမ်းမကြီးသည် အိန္ဒိယနိုင်ငံမှအစပြု၍ မြန်မာနိုင်ငံ၌ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပန်ဆောင်မြို့၊ နန်းယွန်းမြို့နယ်၊ ကချင်ပြည်နယ်အတွင်း ရှင်ဗွေယန်မြို့၊ တနိုင်းမြို့နယ်၊ နမ္မတီးမြို့၊ မြစ်ကြီးနားမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ ဗန်းမော်မြို့နယ်များကို ဖြတ်သန်းကာ တရုတ်နိုင်ငံ ကူမင်းမြို့နှင့် ထိစပ်ထားသည်။

ဗညားဦး

## ပြည်ထောင်စုလမ်းမကြီးအဖြစ် လျာထားသတ်မှတ်ဆောင်ရွက်

ယင်းလမ်းမကြီး၏ အစိတ်အပိုင်းအဖြစ် နမ္မတီး- တနိုင်း- ပန်ဆောင်လမ်းသည် ပါဝင်နေသည်။ နမ္မတီး- တနိုင်း- ပန်ဆောင်လမ်းသည် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ရာတွင် အရေးပါသည့် လမ်းမကြီးဖြစ်သည့်အတွက် ပြည်ထောင်စုလမ်းမကြီး(National Highway NH-49) လမ်းအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် လျာထားသတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့သည် ၂၀၃၀ ပြည့်နှစ်တွင် လက်ရှိလမ်းမိုင် ၂၆၆၂ မိုင် (၄၂၉၄၀ ကီလိုမီတာ) ကျော်ရှိ လမ်းများကို အာဆီယံအဆင့်(၃) အကျယ် ၁၈ ပေ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းအဆင့် အနည်းဆုံးရောက်ရှိရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် တံတားများအားလုံး အကျယ် ၂၄ ပေ နှစ်လမ်းသွား သံကူကွန်ကရစ်တံတား၊ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား၊ သံမဏိသံပေါင်တံတားများ အဆင့်ရောက်ရှိရန် ရည်မှန်းအကောင်အထည်ဖော်နေခြင်းဖြစ်သည်။

ထိုသို့ ဆောင်ရွက်မှုတစ်ခုအနေဖြင့် နမ္မတီး- တနိုင်း- ပန်ဆောင်လမ်း အဆင့်မြှင့်တင်ခြင်းကို တနိုင်းခရိုင်နှင့် မိုးညှင်းခရိုင် လမ်းအထူးအဖွဲ့(၁) နှင့် လုပ်ငန်းတင်ဒါစနစ်ဖြင့် ကုမ္ပဏီများက တာဝန်ယူကာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၁)မှ သိရသည်။

နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း၏ ကချင်ပြည်နယ်အပိုင်းသည် နမ္မတီးမိုင်(၀/၀)မှ တဂတ်ခ (ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးစပ်) မိုင် (၁၄၄/၁) အထိ စုစုပေါင်း ၁၁၄ မိုင် တစ်ဖာလုံ ရှည်လျားသည်။

"၂၀၂၁-၂၀၂၂ မီနီဘဏ္ဍာနှစ်ကုန်အထိကတော့ ဒီလမ်းဟာ AC လမ်း မိုင် ၂၀၊ ကွန်ကရစ်လမ်း ၁၉ မိုင် နှစ်ဖာလုံ၊ ကတ္တရာလမ်း ရှစ်မိုင် လေးဖာလုံနဲ့ အမာခံလမ်း ၉၇ မိုင် လေးဖာလုံ တည်ရှိတဲ့ လမ်းမကြီးဖြစ်ပါတယ်။ ဒီလမ်းမကြီးကို ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင်ပြီးတော့ ၅ ဒသမ ၅ မီတာ အကျယ် ကွန်ကရစ်လမ်းမကြီးဖြစ်လာအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့ဘဏ္ဍာငွေနဲ့ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် နှစ်အလိုက်ဘဏ္ဍာငွေလျာထားပြီး လုပ်ငန်းတွေကို ကြိုးပမ်းဖော်ဆောင်သွားမှာ ဖြစ်ပါတယ်။ အခုကတော့ အမာခံလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်တာဖြစ်ပါတယ်" ဟု ကချင်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးတင်မောင်အုန်းက ပြောသည်။



နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း တံတားအမှတ် (၁/၈၇) ပေ ၉၄၀ တနိုင်းတံတား ချဉ်းကပ်လမ်း ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

၂၀၂၁-၂၀၂၂ ခြောက်လ ဘဏ္ဍာနှစ်တွင် ယင်းလမ်းအဆင့်မြှင့်တင်မှုအနေဖြင့် ကွန်ကရစ်လမ်း လေးမိုင်နှစ်ဖာလုံ၊ ပေ ၅၀ အောက်တံတား ၁၃ စင်း တည်ဆောက်ခဲ့ကြောင်း လမ်းဦးစီးဌာနမှသိရသည်။

"အခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ ပြည်ထောင်စု/ပြည်နယ် ဘဏ္ဍာရန်ပုံငွေနဲ့ ကွန်ကရစ်လမ်း ငါးမိုင်ခုနစ်ဖာလုံ၊ ပေ ၅၀ အောက် တံတား ၂၄ စင်း တည်ဆောက်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ဒါကြောင့် အခုဘဏ္ဍာနှစ်ကုန်ရင် AC လမ်း၊ ကွန်ကရစ်လမ်း စုစုပေါင်း ၅၃ မိုင် ငါးဖာလုံ ဆောင်ရွက်ပြီးစီးမှာဖြစ်ပြီးတော့ ကျန်ရှိတဲ့ အမာခံလမ်းပိုင်းတွေကိုလည်း ကွန်ကရစ်လမ်းတွေအဖြစ် ဆက်လက်အဆင့်မြှင့်တင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူး (မြို့ပြ)က ပြောသည်။

## ကွန်ကရစ်လမ်းများအဖြစ် ဆက်လက်အဆင့်မြှင့်တင်

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အမာခံလမ်းအဖြစ် ကျန်ရှိနေသည့်အပိုင်းများကို နှစ်စဉ်ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ကွန်ကရစ်လမ်းများအဖြစ် ဆက်လက်အဆင့်မြှင့်တင်တည်ဆောက်မည်ဖြစ်ပြီး လာမည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်လမ်း (၅/၀)မိုင်၊ လမ်းတာပေါင်တင်ခြင်း (၁/၇)မိုင်၊ ရေထုတ်ပြွန်ခြောက်စင်း တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရန် လျာထားကြောင်း သိရသည်။

နမ္မတီး - တနိုင်း - ပန်ဆောင်လမ်း၏ နမ္မတီးမြို့အပိုင်းတွင် နမ္မတီးမြို့မှ လဝါးကျေးရွာအထိ (၂၀/၀) မိုင်မှာ ကတ္တရာကွန်ကရစ် AC လမ်း ၈ ဒသမ ၅ မီတာ အကျယ်ဖြစ်ပြီး လဝါးကျေးရွာမှဆက်၍ ၅ ဒသမ ၅ မီတာအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ဆဲဖြစ်သည်။

ထို့အတူ တနိုင်းမြို့အပိုင်းတွင်လည်း တနိုင်းမှ နမ္မတီးမြို့ဘက်သို့ ၅ ဒသမ ၅ မီတာအကျယ် ကွန်ကရစ်လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို လုပ်ငန်းစီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ယင်းလုပ်ငန်းများပြီးစီးသွားပါက တနိုင်းခရိုင်နှင့် မြစ်ကြီးနားခရိုင်တို့သည် လမ်းပန်းဆက်သွယ်ရေး ပိုမိုလွယ်ကူလျင်မြန်လာမည်ဖြစ်သည်။

လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းနှင့်အတူ တံတားများ အဆင့်မြှင့်တင်ခြင်းကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းပေါ်ရှိ တနိုင်းမြို့မှ တနိုင်းတံတားအရှည် ပေ ၉၄၀ နှင့် ဝါရဇွပ်တံတား ပေ ၅၀၀ တို့သည် မူလက ဘေလီသံပေါင်တံတားအမျိုးအစားဖြစ်ပြီး အကျယ် ၁၃ ပေ ခြောက်လက်မသာ ရှိသဖြင့် မော်တော်ယာဉ်များသွားလာရာတွင် တစ်စီးပြီးမှတစ်စီး စောင့်ဆိုင်းသွားခဲ့ရသည့် အခြေအနေ တည်ရှိခဲ့သည်။ **စာမျက်နှာ ၁၉ သို့** ❑



၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်တွင် နမ္မတီး-တနိုင်း-ပန်ဆောင်လမ်း ကီလိုမီတာ(၃၉.၂၈-၄၃.၅၁) အတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

"လီဒိုလမ်းမကြီး၏ အစိတ်အပိုင်းအဖြစ် နမ္မတီး- တနိုင်း- ပန်ဆောင်လမ်းသည် ပါဝင်နေသည်။ နမ္မတီး- တနိုင်း- ပန်ဆောင်လမ်းသည် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ရာတွင် အရေးပါသည့်လမ်းမကြီးဖြစ်သည့်အတွက် ပြည်ထောင်စုလမ်းမကြီး(National Highway NH-49) လမ်းအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် လျာထားသတ်မှတ်ဆောင်ရွက်လျက်ရှိ"

❑ စာမျက်နှာ ၁၈ မှ

ထိုအခြေအနေကို ကျော်လွှန်ပြီး ပြည်သူများ သွားလာရေးအဆင်ပြေစေရန် ၂၄ ပေ အကျယ် တန် ၆၀ ခံနိုင်ဝန် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် လမ်းနှင့်အတူ အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် မော်တော်ယာဉ်များ စောင့်ဆိုင်းနေစရာမလိုဘဲ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ခဲ့ပြီဖြစ်သည်။

"တနိုင်းတံတားကိုတော့ ပြည်သူတွေအတွက် အဆင့်မြှင့်တင်ပြီး ဖြစ်ပါတယ်။ တံတားရဲ့ ကွေ့ကောက်နေတဲ့ ချဉ်းကပ်လမ်းကို မြေသားတာပေါင်တင်ပြီးတော့ ဖြောင့်တန်းအောင် ဆောင်ရွက်တဲ့လုပ်ငန်းတွေကိုလည်း တံတားအဆင့်မြှင့်တင်တာနဲ့အတူ ဆောင်ရွက်ခဲ့ပါတယ်။ တံတားပေါ်ကတ္တရာခင်းတဲ့လုပ်ငန်းလည်း ဆောင်ရွက်ပြီးပါပြီ။ ကျန်ရှိတာကတော့ ချဉ်းကပ်လမ်း ကွန်ကရစ်ခင်းတာပဲ ဖြစ်ပါတယ်။ ဒီလုပ်ငန်းကိုလည်း လာမယ့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ ကွန်ကရစ်လမ်းခင်းမှာ ဖြစ်ပါတယ်" ဟု တနိုင်းခရိုင်မှလက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်စိုးက ပြောသည်။

ထို့အတူ မန်ပန်တံတား အရှည်ပေ ၁၈၀ ကိုလည်း သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန်တွင် လုပ်ငန်းများပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နမ္မတီး - တနိုင်း - ပန်ဆောင်လမ်းပေါ်မှ အရှည် ပေ ၂၂၀ ရှိသည့် တံဆိတ်တံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဒေသထွက်ကုန်များ လျင်မြန်စွာ ပို့ဆောင်ကုန်သွယ်နိုင်မည်**

သို့ဖြစ်ရာ နမ္မတီး - တနိုင်း - ပန်ဆောင်လမ်း အဆင့်မြှင့်တင်ခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုတိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဒေသထွက်ကုန်များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လျင်မြန်စွာ ပို့ဆောင်ကုန်သွယ်နိုင်မည် ဖြစ်သည်။ ထို့အတူ အိန္ဒိယနိုင်ငံ နယ်စပ်မှစစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့ကို ဖြတ်သန်း၍ ကန်ပိုက်တီ၊ လွယ်ဂျယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည့်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်စေပြီး နိုင်ငံ့စီးပွား၊ ဒေသစီးပွား တိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## မင်းတပ်မြို့၌ စတုတ္ထအကြိမ် အခြေခံစားသောက်ကုန်များ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

မင်းတပ် ဇန်နဝါရီ ၂၁

ချင်းပြည်နယ် မင်းတပ်မြို့၌ ဒေသခံပြည်သူများ နေ့စဉ်လူမှုဘဝ စားသောက်ရေးတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ချင်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စစ်နယ်မြေမှူး ဗိုလ်မှူးကြီး အောင်မြတ်ထွန်းနှင့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် အခြေခံစားသောက်ကုန်များကို လက်ရှိပေါက်ဈေး၏ ၂၀ ရာခိုင်နှုန်းလျှော့၍ ယနေ့နံနက် ၈ နာရီခွဲက စံပြရပ်ကွက်ရှိ မြို့မဈေးရှေ့တွင် ရောင်းချပေးခဲ့သည်။



ဒေသနေပြည်သူများအား သက်သာသော ဈေးနှုန်းဖြင့် မည်သူမဆိုလွတ်လပ်စွာ ဝယ်ယူနိုင်ရေးတို့အတွက် အခြေခံစားသောက်ကုန်များဖြစ်သော ပစ္စည်း ၁၁ မျိုးနှင့် ဟင်းသီးဟင်းရွက်များကို စီစဉ်ရောင်းချပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခြေခံစားသောက်ကုန်များ ရောင်းချရာတွင် ဆန်တစ်ပြည် ငွေကျပ် ၁၈၀၀၊ ပဲဆီတစ်ပိဿာ ငွေကျပ် ၉၀၀၀၊ ဆားတစ်ထုပ် ငွေကျပ် ၄၀၀၊ ငါးပိတစ်ထုပ် ငွေကျပ် ၈၀၀၊ ကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၃၀၀၀၊ ကြက်သွန်ဖြူ တစ်ပိဿာ ငွေကျပ် ၄၀၀၀၊ ယမ်ယမ် တစ်ပါကင် ငွေကျပ် ၄၀၀၀၊ ကြက်ဥတစ်လုံး ငွေကျပ် ၂၀၀၊ နွားနောက်သား တစ်ပိဿာ ငွေကျပ် ၁၃၀၀၀၊ ဝက်သား တစ်ပိဿာ ငွေကျပ် ၁၀၀၀၀၊ အာလူး တစ်ပိဿာ ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ဝေဖြိုး(ဇလပ်မြေ)**

## မော်လမြိုင်မြို့နယ်၌ ရော်ဘာမျိုးခွဲခြားခြင်း အခြေခံသင်တန်း ဖွင့်လှစ်

မော်လမြိုင် ဇန်နဝါရီ ၂၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန(မော်လမြိုင်)၌ ရော်ဘာမျိုးခွဲခြားခြင်း အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန(မော်လမြိုင်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလှမိုးအောင်က အမှာစကားပြောကြားသည်။

ထို့နောက်နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာန (မော်လမြိုင်) တာဝန်ခံ ဒေါ်စမ်းစမ်းတင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ရော်ဘာမျိုးခွဲခြားခြင်း၏ အခြေခံအချက်များ သိရှိနိုင်စေရန်၊ ကိုင်းပွားခင်းစိုက်ပျိုးရာတွင် ပျိုးမမှားစေရန်၊ ပျိုးပင်ထုတ်လုပ်ရာတွင် မျိုးသန့်စေရန်၊ ပျိုးခင်းမှတ်ပုံတင်လျှောက်ထားသော ကိုင်းပွားခင်းတွင် မျိုးမှန်၊ မမှန် စစ်ဆေးနိုင်ရန်၊ စိုက်ပျိုးသော တောင်သူများ ပျိုးခင်းမျိုးမှန်ဖြန့်ဖြူးနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုမှ သင်တန်းသားသင်တန်းသူ ၂၀ အား ဇန်နဝါရီ ၂၀ ရက်မှ ၂၉ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဇလွန်မြို့နယ် ရိုးကြီးကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

ဇလွန် ဇန်နဝါရီ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အုတ်ရှစ်ကွင်းကျေးရွာအုပ်စု ရိုးကြီးကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ)ဒေါ်သင်းသင်းလှိုင်၊ ဇလွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ရိုးကြီးကျေးရွာတွင် ကျေးလက်ရေရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက်ပေ ၄၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် အရှည်ပေ ၉၃၀၀ ရှိ အိမ်သွယ်ရေတိုင်စနစ်တပ်ဆင်ပြီးခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာရေပေးရေးကော်မတီဝင်များ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ရိုးကြီးကျေးရွာတွင် အဆိုပါကျေးလက်ရေရရှိရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၇ ဒသမ ၆၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် Green Treasure Land Construction ကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန်လ စတုတ္ထပတ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ ၂၂၂

## နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အရင်းမပျောက် မတည်ထောက်ပံ့ငွေဖြင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ကျောင်းကုန်း ဇန်နဝါရီ ၂၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရုံးခန်းမ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အရင်းမပျောက် မတည်ထောက်ပံ့ငွေဖြင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် Simulation Exercise ပြုလုပ်ခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၃ နာရီတွင် ကျင်းပသည်။



ရှေးဦးစွာ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသိန်းဆွေဦးက အရင်းမပျောက် မတည်ထောက်ပံ့ငွေဖြစ်သဖြင့် ချေးမည့်ငွေအတွက် အာမခံပစ္စည်းတင်ပြရမည်ဖြစ်၍ စာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ တစ်နှစ်ပြည့်မြောက်သည့်နေ့တွင် အပြေအကျေ ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး မွေးမြူရေးအဖွဲ့ချုပ်တွင် အဖွဲ့ဝင်ဖြစ်ရမည်ဖြစ်ပြီး နိုင်ငံသားပိုင်စီးပွားရေးလုပ်ငန်းဖြစ်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးခြံ မှတ်ပုံတင်လက်မှတ်ရရှိသူ ဖြစ်ရမည်ဖြစ်ကြောင်း၊ တိုင်းတစ်တိုင်းလုံးတွင် ကြက်ယူနစ် ၈၀၊ ဝက်ယူနစ် ၅၀ နှင့် ဘဲယူနစ် ၂၀ ရရှိပါကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ အသေးစားနှင့် အလတ်စား မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ အကျိုးအမြတ်ရရှိရေး၊ ပြည်တွင်း အသားစားသုံးမှုဖူလုံစေရေးနှင့် ထုတ်ကုန်အရည်အသွေးမြင့်မားပြီး တိုးမြှင့်ထုတ်လုပ်လာနိုင်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ အရင်းမပျောက် မတည်ထောက်ပံ့ငွေဖြင့် အသားတိုးကြက်၊ ဥစားဘဲ၊ အသားတိုးဝက် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်သည့် လုပ်ငန်းစဉ်ဖြစ်ပြီး မွေးမြူသူများအား မွေးမြူရေးချေးငွေအနေဖြင့် မွေးမြူသူများလိုအပ်သည့် အမျိုးအစားကုန်ကျစရိတ်အတွက် ဝယ်ယူလိုသည့်နေရာသို့ ဌာနမှ Bank Transfer အနေဖြင့် ငွေပေးချေခြင်းစနစ်ဖြစ်ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကြည်ကြည်မြင့်နှင့် ဝန်ထမ်းများ၊ ကြက်၊ ဝက်၊ ဘဲ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသည့် မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဝတ္ထုတို




## ချစ်မင်း(မြစ်သား)

(၁)

"ငါကတော့ အများဆုံးရမှ ကျေနပ်မယ်"

"ဘယ်ရမလဲ"

"အဲဒီလိုတော့ မတရားမလုပ်ပါနဲ့"

တစ်ယောက်တစ်ပေါက် ပြောနေကြသည့် အသံတွေကအခန်းထဲမှာ ဆူညံနေသည်။

"ဒုန်း..."

ဦးဘအောင်က စားပွဲကို လက်သီးဆုပ်ဖြင့် ခပ်ပြင်းပြင်းထုလိုက်တော့မှ အသံအားလုံး ငြိမ်ကျသွား၏။

"တော်ကြစမ်း..၊ ဒီနေရာက ရပ်ကွက်ရုံးကွ၊ စကားများပြီး ဆူညံနေလို့မပြီးဘူး၊ ပြဿနာကိုဖြေရှင်းရမယ်" လယ်ဂျာစာအုပ်တစ်အုပ်ကိုယူပြီး စာရေးကိုသိန်းမောင်ကို လှမ်းပေးလေ၏။

"ကိုင်း..၊ ကိုသိန်းမောင် သူတို့ပြောလာမဲ့စကားတွေကို တတ်နိုင်သလောက်လိုက်မှတ်ပြီး မှတ်တမ်းတင်ထားပါ"

"ဟုတ်ကဲ့၊ အုပ်ကြီး"

မိခင်ကြီး မကွယ်လွန်ခင် ပိုင်ဆိုင်မှုပစ္စည်းတွေကို မည်သူ့ကိုမျှ ခွဲဝေမပေးခဲ့သောကြောင့် ကိုထွန်း၊ ကိုလတ်၊ မိမွန်တို့မောင်နှမသုံးယောက် အမွေခွဲရင်း စကားများကာ ပြဿနာတက်ကြလေသည်။

"မိမွန်၊ နင်အရင်ပြော၊ ခုကိစ္စကို ဘယ်လိုဖြစ်ချင်လဲ"

"ဟုတ်ကဲ့၊ ကျွန်မကတော့ ကိုလတ်ကိုပဲ များများရစေချင်တယ်"

ဦးဘအောင် မျက်မှန်ကို ပင့်တင်ပြီး....

"ဘာဖြစ်လို့လဲ မိမွန်"

"ကိုလတ်က လူပျိုဘဝနဲ့ အမေ့ကို အချိန်အကြာကြီး လုပ်ကျွေးခဲ့တာလေ၊ ကိုလတ်အိမ်ထောင်ကျတာလဲ သုံးနှစ်ကျော်ပဲရှိသေးတယ်။ ကိုထွန်းနဲ့ ကျွန်မက အစောကြီးအိမ်ထောင်ပြုခဲ့တာ၊ ဒီတော့... ကိုလတ်ကို ပိုပေးလိုက်တာ မျှတမယ်လို့ထင်ပါတယ်"

"ကိုထွန်း.. မင်းရောဘယ်လိုသဘောရလဲ"

ကိုထွန်းက ဒေါသမီးလျှံ တောက်လောင်နေသော မျက်လုံးတို့ဖြင့် မိမွန်ကို စူးစိုက်ပြီး ကြည့်နေ၏။

"ငါလည်း အမေ့ကို လုပ်ကျွေးခဲ့တာပဲ၊ ပြီးတော့ ငါကအကြီးဆုံးသား၊ ရခြင်းရငါပဲ ပိုရသင့်တာပေါ့"

ကိုထွန်းတစ်ယောက် စိတ်ထဲမှာပဲ ပြောနေခြင်းဖြစ်သည်။ ဦးဘအောင်ကိုလည်း မည်သည့်စကားမျှ ပြန်မပြောသေးပေ။ မိမွန်ကိုပဲ မကျေမနပ်ဖြစ်ကာ ဒေါသအကြည့်ဖြင့် ကြည့်နေသည်။

"ကိုထွန်း၊ အုပ်ကြီး မေးနေတယ်လေ"

စာရေးကိုသိန်းမောင်က ဝင်ပြီးပြောတော့မှ ကိုထွန်း၏ ဒေါသအကြည့်တို့ ခဏရပ်တန့်သွားလေသည်။

"မိဘပိုင်အမွေမို့ သားသမီးတိုင်း ခံစားခွင့်ရသင့်တယ်လို့ ထင်တယ်။ ဒါပေမဲ့...ကျွန်တော်က အကြီးဆုံးသားဖြစ်နေတော့ ပိုရသင့်တာမဟုတ်ဘူးလား"

"မင်းတစ်ကျပ်မှ မရသင့်ဘူး"

ကိုလတ်က ဝင်ပြောလေသည်။

"ဟ..၊ ဘာလို့မရသင့်တာလဲ"

"မင်းကိုယ်မင်းသိပေါ့ကွာ၊ ရှက်တတ်ရင် လဲသေလို့ရတယ်"

ဘယ်သူ့ကိုပိုပေးရမှာလဲ။ ဘယ်သူကအများဆုံးရသင့်တာလဲ။ မိမွန်ပြောတာလည်းသဘာဝတော့ ကျသားပဲ။ ဦးဘအောင် အမွေခွဲဝေပေးရေး ပြဿနာကို ဖြေရှင်းပေးဖို့ စဉ်းစားနေရသည်။ ထိုအမွေပြဿနာကို နောက်မှ အဆုံးအဖြတ်ပေးမည်ဖြစ်ကြောင်းပြောကြားလေသည်။

(၂)

"ကိုထွန်း...၊ အဲဒါဘာလုပ်တာလဲ"

"ဘာလုပ်လုပ် နင့်အပူမပါဘူး၊ နင်မေးစရာမလိုဘူး"

ကိုထွန်းခမျာ လူမသိအောင် ခိုးကြောင်ခိုးဝှက်လုပ်မှပဲ ကိုယ့်ကိုတရားခံစစ်လာစစ်နေသောကြောင့် မိမွန်ကို မကျေနပ်သည့်လေသံဖြင့် ပြောလေ၏။

"မမေးလို့ရမလား၊ အဲဒီရွှေထည်ပစ္စည်းတွေက အမေ့ဟာတွေလေ၊ အမေ့ဗီရိုထဲ ပြန်ထားလိုက် ကိုထွန်း"

"မထားဘူးဟာ၊ ငွေ့ရှေ့ကဖယ်၊ ငါဖဲဝိုင်းသွားဖို့ နောက်ကျနေပြီ။

"မဖယ်ဘူးဟာ"

"မဖယ်ချင်ဦး"

ပေကပ်ပြီးရပ်နေသော မိမွန်ကို ဝင်တိုက်ပြီး ဖဲဝိုင်းသို့ သုတ်ခြေတင်ခဲ့သည်။

"ဩော်...မိဘကို အမျိုးမျိုးစိတ်ဆင်းရဲအောင်လုပ်ခဲ့တဲ့လူက၊ ပစ္စည်းကိုခိုးပြီးလောင်းကစားလုပ်ခဲ့တဲ့လူက အမေ့ရဲ့ အမွေကို အတင်းလိုချင်နေသေးတယ်"

မိမွန်လည်း အတိတ်ကအကြောင်းအရာတွေကို ပြန်တွေးရင်း အိပ်ရာထက်မှာ တစ်ယောက်တည်း ပြောနေမိသည်။

"သား.. ကိုထွန်း၊ အမေ့ရွှေထည်တွေယူသွားတယ်ဆို၊ မိမွန်ပြောပြလို့သိပြီးပြီ။ ဘာလို့လုပ်ရတာလဲ၊ အမေက အိုစာ၊ မင်းစာအတွက် စုဆောင်းထားတာလေ၊ လုပ်ရက်လိုက်တာ"

အမေက ပြောလည်းပြော၊ ငိုလည်းငိုနေသည်။ သား၊သမီးတွေထဲမှာ ကိုထွန်းက အကြီးဆုံးဖြစ်ပြီး အဆိုးသွမ်းဆုံးဖြစ်နေ၏။ အရက်လေးတမြမြနှင့် အချိန်တိုင်းလိုလို မူးနေလေရဲ့။ သူ့ကြောင့် အမေ့ခမျာ ခဏ ခဏ မျက်ရည်ကျရသည်။ မိမွန်၏ ပါးပြင်ထက်မှာလည်း မျက်ရည်စတို့က တစ်စက်ပြီးတစ်စက် လိမ့်ဆင်းလာလေပြီ။ ယခုလို မောင်နှမအချင်းချင်း ပြဿနာတက်ပြီး ရုံးရောက်၊ ဂါတ်ရောက် ဖြစ်နေခြင်းကိုလည်း စိတ်ထဲမှာ မနှစ်မြို့။

"အမေ..၊ အမေ့ သားကြီးက ခုထိ မိုက်နေတုန်း.... အမေရဲ့"

မိမွန်တစ်ယောက် မရှိတော့သည့်အမေဖြစ်သူကိုပဲ တမ်းတကာ ငိုယိုနေမိသည်။

(၃)

ကိုထွန်းက ဆိုးပေတေပြီး မိဘအပေါ် မသိတတ်ခဲ့သလောက် ကိုလတ်ကတော့ လိမ္မာသည်။ သိတတ်သည်။ အမေ၏ ကျန်းမာရေးကိုလည်း ဂရုစိုက်ပေးလေ့ရှိသလို အိမ်၏ လယ်လုပ်ငန်းတွေကိုလည်း သူပဲ ဦးစီးလုပ်ကိုင်၏။ မိဘလက်ထက်ကတည်းက ထိန်းသိမ်းစောင့်ရှောက်ခဲ့သော အိမ်ဝိုင်းနှင့်လယ်မြေတွေကို ကိုထွန်းက အတင်းအဓမ္မတောင်းဆိုလာတော့ အခြားလူဆီရောင်းချရတော့မည်။ လူ့စိတ်သဘောအရ တစ်ကိုယ်ကောင်းဆန်ပြီး ပစ္စည်းဥစ္စာကို လိုချင်တပ်မက်လေ့ရှိတတ်ကြသည်။ သို့သော်လည်း...ကိုယ်နှင့် ထိုက်သင့်သလောက်ကိုသာ တောင်းဆိုသင့်သည်။ ကိုထွန်းကတော့ ထိုသို့မဟုတ်၊ သူသာလျှင် ပိုရသင့်သည်ဟူ၍ တဖွဖွပြောခဲ့သည်။ မည်သို့ပင်တောင်းဆိုနေကာမူ အုပ်ချုပ်ရေးမှူးသည်လည်း ကိုထွန်း၏အကြောင်းကို သိသင့်သလောက်သိနေပြီဖြစ်တာကြောင့် အမွေပစ္စည်းအားလုံးကိုရောင်းချပြီး ရရှိသည့် ပိုက်ဆံထဲမှ တစ်ဝက်တိတိကို ကိုလတ်အားပေးအပ်ခဲ့သည်။ ကျန်တစ်ဝက်ကိုတော့ ကိုထွန်းနှင့် မိမွန်တို့ ခွဲယူရလေသည်။

"ကျေကိုမကျေနပ်ဘူးဟေ့၊ တွေ့ဦးမှာပါ၊ မိုးကောင်းတုန်းရွာထားပေါ့"

ကိုထွန်းတစ်ယောက် လောဘစိတ်တွေ မွှန်ထူပြီး ကိုလတ်နှင့် မိမွန်ကို နာကျည်းစိတ်၊ မုန်းတီးစိတ်ဖြင့် ကြုံးဝါးပြောဆိုခဲ့သည်။ လမ်းမှာ မောင်နှမနှစ်ယောက်ဆုံတွေ့တိုင်းလည်း မျက်မုန်းကျိုးသော အကြည့်တို့ဖြင့် ဆက်ဆံလေ့ရှိသည်။ မိမွန်ခမျာ မောင်နှမသံယောဇဉ်ကြောင့် ခေါ်ချင်၊ နှုတ်ဆက်ချင်သော်လည်း ကိုထွန်း၏ ရန်လိုသည့် အပြုအမူတွေကြောင့် မမြင်ချင်ယောင်ဆောင်ပြီး ရှောင်ထွက်ခဲ့ရသည်။

"ထွီ..၊ ရွံစရာကောင်းတယ်။ ငါ့အပေါ်ကို မတရားလုပ်ကြတာ"

ကိုထွန်း၏ကြမ်းတမ်းသည့် အပြုအမူတွေကို ပြန်တွေးမိတိုင်း စိတ်မကောင်းဖြစ်ရသည်။ မှန်ကန်သည့်ဘက်မှ ရပ်တည်ပြီး ကိုလတ်ပဲ အမွေပစ္စည်းကို ပိုရသင့်ကြောင်း ပြောခဲ့ခြင်းဖြစ်သည်။ ကိုထွန်းကိုနစ်နာစေလိုသော စိတ်ဆန္ဒမိမွန်မှာ နည်းနည်းတောင်မရှိခဲ့ပါ။

မိမွန်နှင့် ကိုလတ်တို့သည် မကြာခဏဆိုသလို ဆုံတွေ့လေ့ရှိသည်။ ကိုလတ်နှင့် တွေ့တိုင်း..

"ကိုထွန်းကို သတိရလိုက်တာ ကိုလတ်ရယ်"

"ငါလည်း နင့်လိုပါပဲမိမွန်၊ သူအဆင်မှပြေရဲ့လားမသိဘူးနော်၊ ကျန်းမာရေးရောကောင်းလားမသိဘူး" ဟူ၍ ပြောလေ့ရှိ၏။ မောင်နှမသုံးယောက် ဥမကွဲသိုက်မပျက်၊ စည်းစည်းလုံးလုံးနေခဲ့ရသော နေ့ရက်တွေကို တမ်းတနေမိသည်။

(၄)

မျက်လုံးကို ဖြည်းဖြည်းချင်း ဖွင့်လိုက်သည့်အချိန်မှာ ခန္ဓာကိုယ်ကတစ်ခုခုဖြစ်နေသည်ကို သတိထားမိ၏။ တစ်ကိုယ်လုံးနာကျင်ကိုက်ခဲနေသည်။ ပိုဆိုးတာက ဦးခေါင်းနှင့် ဘယ်ဘက်ခြေထောက်။ ခြေထောက်ကို လှုပ်ကြည့်တော့ လေးလံနေသလိုခံစားရသည်။ နည်းနည်းမြှောက်ကြည့်မိတော့....

"အား...၊ကျွတ်..ကျွတ်....၊ နာလိုက်တာကွာ"

ကိုထွန်းတစ်ယောက် ဘေးဘီဝဲယာကို မျက်လုံးကစားကြည့်တော့ ဆေးပုလင်းတန်းလန်းနှင့် လူနာအချို့ကို တွေ့ရသည်။ ထိုအခါမှ ကိုယ့်အဖြစ်ကို သတိရလေ၏။

ညက ဆိုင်ကယ်တိုက်ခဲ့မိတာပါလား...။ ခေါင်းကတဆစ်ဆစ်ကိုက်လာသလို အားငယ်စိတ်တွေကလည်း ရင်ထဲကို အတိုင်းအဆမရှိ ရောက်ရှိလာလေရဲ့။

"ကိုကြီး...၊ ညီမလေးကိုယ်တိုင် ပြုတ်လာတဲ့ဆန်ပြုတ်ပူပူလေးသောက်လိုက်နော်"

ဘေးခုတင်မှ ကောင်မလေးတစ်ယောက်က သူ့အစ်ကိုကို မနက်စာကျွေးနေတာ မြင်ရ၊ ကြားနေရသည်။ ကိုထွန်းရင်ထဲက ခံစားချက်က ခန္ဓာကိုယ်နာကျင်ကိုက်ခဲတာထက် ပိုနေသည်။ မိမွန်နှင့် ကိုလတ်ကိုလည်း သတိရ၊ တမ်းတမိသည်။ ကိုယ်က ရင့်သီးစွာဆက်ဆံခဲ့မိတော့ ဘယ်လာကြပါ့မလဲ ဟု တွေးမိပြန်သည်။

"ကိုထွန်း"

သူမျှော်လင့်တမ်းတနေမိသော အသံမဟုတ်မှန်းသိသည်။ မျှော်နေတာက မိမွန်နှင့်ကိုလတ်။ ရောက်လာတာက သူ့ဇနီး။

"ကိုထွန်းသတိရလာပြီနော်၊ တစ်ညလုံးသတိမရလို့ အကုန်လုံးစိတ်ပူနေကြတာ၊ ကိုထွန်းသတိရလာရင် စားဖို့စားစရာတွေ ခဏထွက်ဝယ်နေတာ"

မည်သည့်စကားမျှ ပြောချင်စိတ်မရှိတာကြောင့် ခေါင်းတစ်ချက်ပဲ ညိတ်ပြမိသည်။

"မိမွန်နဲ့ ကိုလတ်က ကိုထွန်းကို တစ်ညလုံးဆေးရုံမှာ စောင့်ပေးနေတာ မိန်းမက အိမ်မှာသားတစ်ယောက်ထဲ ကျန်ခဲ့လို့ ပြန်အိပ်လိုက်တာ"

ကိုထွန်း၏မျက်နှာလေး ကြည်လင်တောက်ပသွားသည်။ အခက်အခဲတစ်ခုခု ကြုံလာတိုင်း သွေးချင်းမောင်နှမတွေကို သတိရပြီး အားကိုးချင်မိတာအမှန်။ အချိန်အနည်းငယ်ကြာတော့ မိမွန်နှင့် ကိုလတ်တို့ အထုပ်ကိုယ်စီ ကိုင်ဆွဲပြီး ရောက်လာကြသည်။

"ကိုထွန်းအတွက် လိုမယ်ထင်တဲ့ ပစ္စည်းတွေကို မိမွန်တို့သွားဝယ်နေကြတာ"

ကိုထွန်း၏ မျက်ဝန်းမှ မျက်ရည်စတို့ တစ်စက်ပြီးတစ်စက် လိမ့်ဆင်းလာလေပြီ။

"ကိုထွန်း ဘာလို့မျက်ရည်ကျနေတာလဲ"

စိတ်ထဲမှာ စို့နင့်စွာခံစားနေရတော့ ကိုလတ်၏အမေးကို အချိန်အတန်ကြာမှ ဖြေမိသည်။

"ဝမ်းနည်းမိလို့ပါကွာ၊ မင်းတို့ကို နာကျည်းမုန်းတီးခဲ့တယ်။ ဒါပေမယ့်... မင်းတို့က ငါ့အပေါ်ကြင်နာကြပါတယ်ကွာ"

မိမွန်လည်း ကိုထွန်း၏ပါးပြင်ပေါ်မှ မျက်ရည်တို့ကို တယုတယသုတ်ပေးပြီး......

"မိမွန်တို့က မောင်နှမအရင်းအချာတွေပါ။ တစ်ယောက်ယောက် အခက်အခဲဖြစ်လာရင် မိမွန်စိတ်က မနေနိုင်ပါဘူး"

"ကျေးဇူးပါ မိမွန်နဲ့ကိုလတ်၊ တစ်ကိုယ်ကောင်းဆန်ခဲ့တဲ့အတွက်လည်း တောင်းပန်ပါတယ်။ မင်းတို့ရဲ့ ကြင်နာမှုက မှောင်နေတဲ့ ငါ့စိတ်ကို အလင်းပြလိုက်တာပါပဲ။ လမ်းမှားကနေလမ်းမှန်ကိုရောက်အောင် ပြလိုက်တာပါပဲ။ နောက်ဆို..ငါတို့ ချစ်ချစ်ခင်ခင်၊စည်းစည်းလုံးလုံးနေသွားကြမယ်လေ"

အခုမှပဲ အားလုံး၏မျက်နှာမှာ အပြုံးပန်းများ ဝေဆာစွာရောက်ရှိလာတော့သည်။ ။

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## ပညာရွှေအိုး လူမခိုး

❂ သင်၊ တွေး၊ အံ၊ ရွတ် မြတ်ပညာ
ငယ်စဉ်ကြိုးစားရှာ။
မိဘ၊ ဆရာ လမ်းညွှန်ပေး
နာခံ ချိန်မရွေး။

❂ ချင့်ချိန်တွေးတတ် ဆင်ခြင်နိုင်
ပညာ့ဂုဏ်မလွှိုင်။
စိတ်ဓာတ်ခိုင်မာ မယိုင်လဲ
အောင်မြင်မှုဆင့်နွဲ။

❂ ပညာရဲရင့် ပွဲတင့်တယ်
လူ့လောကအလယ်။
မျက်နှာမငယ် ဂုဏ်ပန်းလှ
ထည်ဝါခန့်ညားစွ။

❂ ဇွဲလုံ့လနှင့် ဝီရိယထူ
ကိုယ်ပိုင်ဉာဏ်ရည်ကူ။
ပညာဟူသည် မြတ်ရွှေအိုး
ဘယ်သောခါမှ လူမခိုး
သိမြင်အကောင်းဆုံး။

စျာန်လေး(ပညာရေး)

## တောင်သူဘဝ တောင်သူအလှ

❂ စိန်းလန်းတဲ့ လယ်ကွင်းပြင်
စပါးပင် အနံ့ထွား။
တောင်သူတွေ အလိုဆန္ဒ
ပြည့်ဝလို့သွား။

❂ တို့တောင်သူ လယ်သမား
အားခဲကြ နှစ်တိုင်းမှာ
အထွက်ကောင်းဖို့ရာ။

❂ ကြိုးစားပြီး လုပ်ရရှာ
ငွေပေါ်လာ အချိန်လေး။
မြတ်နိဗ္ဗာန် ရည်မှန်းလို့
လှူဒါန်းချင်သေး။

❂ ကောင်းမှုကို အစဉ်တွေး
သဒ္ဒါဖွေး မနောဖြူ။
စေတနာ မေတ္တာများ
ထားရှိတဲ့လူ။

❂ ပွင့်လင်းလို့ ရိုးဖြောင့်သူ
မငြူစူ မွန်မြတ်လှ။
ညှော်လာရင် ဖော်ရွေမှုဖြင့်
ပြုစုချင်ကြ။ ။

ခင်နွဲ့မူ (ပုလဲ)

ဆောင်းပါး

# အခက်အခဲကို ကျော်လွှားကြမည်လား သို့မဟုတ် ဖြေရှင်းကြမည်လား

## ကိုငြိမ်းငယ်(ကျွန်းဒေါင့်)

လောကဓံနှင့် မကင်းနိုင်ကြသော လူသားတို့အတွက် အနည်းနှင့်အများဆိုသလို နေ့စဉ်ရင်ဆိုင်နေကြရသည့် အခက်အခဲဟူသည် ကျော်လွှားသွားရမည့်အရာ မဟုတ်ပေ။ ရင်ဆိုင်ဖြေရှင်းရမည့်အရာသာဖြစ်သည်။ အခက်အခဲနှင့် တွေ့ကြုံလာလျှင် မဖြေရှင်းဘဲ ကျော်လွှား၍ရနိုင်ပါသည်။ သို့သော် အမှန်တကယ် ပြေလည်သွားမည်မဟုတ်ပေ။ ကျော်လွှားခဲ့သော ထိုအခက်အခဲသည် မဖြေရှင်းရသေးသမျှ သက်ဆိုင်သူ၏ နောက်သို့ အရိပ်ပမာ လိုက်နေမည်သာဖြစ်သည်။ ဥပမာအားဖြင့် စာသင်ကျောင်းများတွင် ယနေ့လူငယ်တို့ လေ့လာသင်ယူနေသည့် ဘာသာရပ်များသည် ရုပ်ရှင်ကြည့်ရခြင်းလောက် မလွယ်ကူပေ။ နေ့စဉ် ပုံမှန်ပြုလုပ်နေရသော အိမ်စာအလုပ်များသည်လည်း ရုပ်ရှင်ကြည့်နေရသလောက် မလွယ်ကူပေ။ တစ်နည်းအားဖြင့် ထိုအလုပ်များသည် လူငယ်တို့အတွက် အခက်အခဲပင်ဖြစ်သည်။

လူငယ်တို့အနေဖြင့် ကျောင်းစာများကို ပုံမှန်ပြုလုပ်နေခြင်း သို့မဟုတ် ဘဝအောင်မြင်ရေးအတွက် လေ့လာသင်ယူနေခြင်းသည် သက်ဆိုင်ရာ အခက်အခဲများကို ဖြေရှင်းနေခြင်းပင်ဖြစ်သည်။ ထိုသို့ ကြိုးစားခြင်းဖြင့် ဖြေရှင်း၍ ပြေလည်သွားသောအခါ အောင်မြင်မှုရရှိပြီး နောက်ထပ်အဆင့်မြင့်သောနေရာတစ်ခုသို့ ရောက်ရှိသွားမည်ဖြစ်သည်။ လူငယ်တို့အနေဖြင့် သက်ဆိုင်ရာအတန်းမှ စာလေ့လာမှုဟူသော အခက်အခဲများကို မဖြေရှင်းဘဲ ကျော်လွှား၍ မရပေ။ နောက်ထပ် အဆင့်မြင့်သောအတန်းတစ်ခုသို့ ကျော်လွှားပြီး ရောက်ရှိနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် အခက်အခဲဟူသည် ကျော်လွှားသွားရုံဖြင့် မပြေလည်နိုင်ပေ။ ဖြေရှင်းမှသာလျှင် ပြေလည်ပြီး အောင်မြင်မှုရရှိနိုင်မည်ဖြစ်သည်။

အခက်အခဲတစ်ခုကို ပြေလည်အောင် ဖြေရှင်း၍ အောင်မြင်မှုရရှိရန်အတွက် ကြိုးစားရာတွင် အသေးအဖွဲလေးများဖြင့် နေ့စဉ် တည်ဆောက်ကြရသည်။ တစ်လှမ်းချင်းလှမ်းကြရသည်။ အောင်မြင်မှုရရှိရန်မှာ နေ့ချင်းညချင်း တစ်ခါတည်းဖြင့် အပြင်းအထန် အားထုတ်မှုအပေါ်တွင် မူတည်နေခြင်းမဟုတ်ပေ။ ထို့ပြင် အောင်မြင်မှုရရှိရန် စောင့်ဆိုင်းနေ၍လည်း မရနိုင်ပေ။ ကြုံတွေ့လာသော အခက်အခဲနှင့် အတားအဆီးများကို အကြိမ်ကြိမ်ကြိုးစား၍ ဖြေရှင်းခြင်းဖြင့်သာ ရရှိနိုင်ပါသည်။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ ကမ္ဘာကျော်ဖြစ်ရပ်တစ်ခုကို စာချစ်သူလူငယ်များအတွက် မျှဝေပေးလိုက်ပါသည်။

ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး သောမတ်အယ်လ်ဗာ အယ်ဒီဆင်၏ အခက်အခဲများကို ဖြေရှင်းရာတွင် သူ၏သဘောထားနှင့် လေးစားဖွယ်လုပ်ရပ်အကြောင်းပင်ဖြစ်သည်။ ယနေ့ ကမ္ဘာတွင် ညအချိန်ကို နေ့အချိန်သဖွယ် လျှပ်စစ်မီးသီးများဖြင့် အလင်းရောင်ပေးနိုင်နေခြင်းမှာ အယ်ဒီဆင်၏ ကြိုးစားမှုများစွာထဲမှ အောင်မြင်မှုတစ်ခုကြောင့်ပင်ဖြစ်သည်။ ယနေ့ ကမ္ဘာကြီး ခေတ်မီတိုးတက်လာခြင်းမှာ လျှပ်စစ်မီးသီးကို အောင်မြင်စွာ တီထွင်ပေးနိုင်ခဲ့ခြင်းကြောင့်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အယ်ဒီဆင်သည် လျှပ်စစ်မီးသီးကို တီထွင်ရာတွင် တစ်ကြိမ်တည်းဖြင့် အောင်မြင်ခဲ့ခြင်းမဟုတ်ပေ။ သူသည် အခက်အခဲအမျိုးမျိုးကို ဖြတ်ကျော်၍ အကြိမ်တစ်ထောင်မက စမ်းသပ်ကြိုးစားခဲ့ခြင်းဖြင့် ရရှိခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် သူသည် မအောင်မြင်ခဲ့သော စမ်းသပ်မှုများစွာ၊ လုပ်ဆောင်မှုများစွာကို ရှုံးနိမ့်မှုဟု မသတ်မှတ်ခဲ့ပေ။ လျှပ်စစ်မီးသီး တီထွင်ပြုလုပ်ရန် မရနိုင်သော နည်းလမ်းများကို တွေ့ရှိခြင်းဟု သတ်မှတ်ကာ ကြိုးစားခဲ့ခြင်းဖြစ်သည်။ အခက်အခဲအပေါ်တွင်ထားရှိသော သူ၏ စိတ်သဘောထားမှာ လေးစားစံထားစရာ ကောင်းလှပါသည်။ ထို့ကြောင့် နောက်ဆုံးတွင် သူသည် လျှပ်စစ်မီးသီး တီထွင်ပြုလုပ်ရန်နည်းလမ်းကို အောင်မြင်စွာ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ထို့အတူ လူငယ်တို့အတွက် အခက်အခဲဟူသည် ကြောက်စရာ မဟုတ်ပေ။ အောင်မြင်မှုရရှိရန် ယာယီအတားအဆီးတစ်ခုသာဖြစ်သည်။ ထို့ပြင် လောကဓံအခက်အခဲများကို ရင်ဆိုင်ဖြေရှင်းခြင်းသည် လူငယ်တို့၏ ကိုယ်နှင့်စိတ်ကို ကြံ့ခိုင်လာစေရန် အထောက်အပံ့ပေးပါသည်။ ထိုသို့အထောက်အပံ့ပေးကြောင်းကို ကျွန်ုပ်၏ အတွေ့အကြုံတစ်ခုဖြင့် လူငယ်တို့အတွက် မျှဝေပေးလိုက်ပါသည်။

တစ်နေ့တွင် ကျွန်ုပ်သည် ပရိဘောဂပစ္စည်းများ ပြုလုပ်သော အလုပ်ရုံသို့ ရောက်သွားခဲ့သည်။ ထိုအလုပ်ရုံတွင် အလုပ်သမားတစ်ယောက် သစ်ရွေးနေသည်ကို ကျွန်ုပ် လေ့လာနေမိခဲ့သည်။ အလုပ်သမားက သစ်သားချောင်းများကို ဂရုတစိုက် ရွေးချယ်နေသည်။ ရွေးချယ်ထားသော သစ်သားချောင်းများကို အပုံနှစ်ခု ခွဲခြား၍ ပုံထားသည်။ သူသည် အပုံသေးမှ သစ်သားချောင်းများကို အသုံးပြုမည့် အမှတ်အသားပြထားသည်။ ထို့နောက် အပုံကြီးမှ သစ်သားချောင်းများကို ပယ်ပစ်သော အမှတ်အသားပြထားသည်။ ပယ်ပစ်မည့်အပုံကြီးထဲတွင် အကောင်းပကတိရှိနေသော သစ်သားချောင်းများမှာ အလွန်များပါသည်။ သို့သော် အလုပ်သမားက ပယ်ပစ်သော အမှတ်အသားများ ပြထားသောကြောင့် ကျွန်ုပ် နားမလည်နိုင်အောင် ဖြစ်နေပါသည်။

ထို့ကြောင့် ကျွန်ုပ်သည် ပယ်ပစ်ထားသော သစ်သားပုံကြီးထဲမှ အကောင်းပကတိရှိနေသော သစ်သားချောင်းများကို ပြပြီး မေးကြည့်မိသည်။ "ဒီသစ်သားတွေက အကောင်းတွေပဲလေ။ ဘယ်လို အပြစ်အနာအဆာရှိနေလို့ ပယ်ပစ်တာလဲ" ဟု မေးကြည့်သည်။ ထိုအခါ အလုပ်သမားက ကျွန်ုပ်ကို ယခုလို သေသေချာချာ ရှင်းပြပါသည်။ "ပယ်လိုက်တဲ့ သစ်သားချောင်းတွေ အများစုဟာ အကောင်းတွေ၊ အသန့်တွေမှန်း သိပါတယ်။ ဒါပေမဲ့ ပယ်လိုက်တဲ့ သစ်ချောင်းတွေဟာ တောင်ကြားထဲမှာပေါက်တဲ့ သစ်ပင်တွေကဆိုတာ အတွေ့အကြုံအရသိတာပေါ့။ အဲဒီသစ်ချောင်းတွေဟာ ကောင်းတယ်၊ သန့်တယ်လို့ ဆိုပေမယ့် မုန်တိုင်းဒဏ်၊ နေဒဏ်၊ ရေဒဏ်တွေ မခံရဘူး။ ဒါကြောင့်မို့ အသားပွတယ်၊ ပျော့တယ်လေ။ ပရိဘောဂအဟောင်းတွေကို အစားထိုးတဲ့နေရာနဲ့ ပြင်ဆင်တဲ့နေရာတွေမှာ ထည့်သုံးဖို့ဖြစ်တယ်။ အသုံးပြုဖို့ရွေးချယ်ခဲ့တဲ့ အပုံသေးက သစ်ချောင်းတွေဟာ တောင်ကုန်းပေါ်မှာပေါက်တဲ့ သစ်ပင်တွေကရတာတွေပဲ။ တောင်ကုန်းပေါ်မှာပေါက်တဲ့ အဲဒီသစ်ချောင်းတွေဟာ မုန်တိုင်းဒဏ်၊ မိုးဒဏ်၊ နေဒဏ်စတဲ့ ရာသီဥတုဒဏ်တွေကို အမြဲခံနေရတော့ အသားကျစ်ပြီး တောင့်တင်းခိုင်မာမှုရှိတယ်လေ။ ပရိဘောဂအကောင်းစားတွေကို ပြုလုပ်တဲ့နေရာမှာ အသုံးပြုရမယ်။ အဲဒါကြောင့် သစ်ချောင်းတွေကို ရွေးရတာပေါ့"ဟု ကျွန်ုပ်ကို ရှင်းပြခဲ့သည်။

သစ်ပင်တို့သည် ရာသီဥတုနှင့် အတိုက်အခံပြု၍ သစ်ချောင်းတို့၏ တန်ဖိုးကို မြင့်တက်စေပါသည်။ လူသားတို့သည် လောကဓံ၏ အခက်အခဲများနှင့် အတိုက်အခံပြု၍ ဘဝတန်ဖိုးကို မြှင့်တင်နေရပါသည်။ ထို့ကြောင့် အခက်အခဲဟူသည် ကြောက်စရာ မဟုတ်သလို ကျော်လွှားရမည့်အရာလည်း မဟုတ်ပေ။ ရင်ဆိုင်ဖြေရှင်းပြီး အောင်မြင်မှုလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းရမည့် လှေကားထစ်သဖွယ်သာ ဖြစ်ပေသည်။

ထို့ကြောင့် လူငယ်တို့အတွက် အခက်အခဲဟူသည် မဖြေရှင်းရသေးသော အောင်မြင်မှု၏အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်သည်။ လူသားတိုင်း ထိုသို့ သိမြင်နားလည်နိုင်ကြ၍ လောကဓံတရားများကို ရင်ဆိုင်ဖြေရှင်းနိုင်ကြခြင်းဖြင့် ဘဝအောင်မြင်မှုများကို ရရှိစေချင်ပါသည်။ သို့ရာတွင် အခက်အခဲနှင့် ရင်ဆိုင်ကြရသည့်အခါ ကျော်လွှားကြမည်လား သို့မဟုတ် ရင်ဆိုင်ဖြေရှင်းကြမည်လား ဆိုသည်ကိုမူ ကျွန်ုပ်တို့တစ်ဦးချင်းစီက အဖြေပေးကြရမည် ဖြစ်ပါသည်။ ။

## ခေတ်မီသာယာ ကျေးတောရွာ

❖ ရေနံဆီ မီးခွက်နဲ့
ခရီးဆက်ခဲ့ ကျေးတောရွာ။
ရှေးအစဉ် သမားရိုးကျ
ညချမ်းချိန်ခါ။

❖ မီးခွက်ရဲ့ အလင်းမှာ
ဝိုင်းဖွဲ့ကာ နေကြရ။
လမ်းတွေမှာ မှောင်မိုက်ပေ့
လပြည့်မျှော်ကြ။

❖ ယနေ့ချိန် အလွန်တိုးတက်
ဖြိုးလျက်သာယာပေ။
နေဝင်လျှင် မီးလင်းလက်
စီးပွားတက်နေ။

❖ လျှပ်စစ်မီး ရရှိပေ
မြို့တွေလို ခေတ်မီချက်။
အိမ်တိုင်းတွင် ရောင်စုံထွန်းလို့
မီးဝင်းထိန်လျက်။

❖ ဓာတ်ကြိုးတွေ သွယ်ကာယှက်
ရွာချင်းဆက် လမ်းတွေမှာ။
ဓာတ်တိုင်တွေ အစီရီတန်း
လမ်းတိုင်းထိန်ဖြာ။

❖ ကျေးလက်နဲ့ မြို့ပြမကွာ
ရွှေလအလာ မမျှော်ရ။
ကလေးသူငယ် မီးရောင်များနဲ့
အားလုံးပျော်ကြ။ ။

ဥက္ကာကျော်(ပုလဲ)

## လမြတ်တပို့တွဲ

❖ တပို့တွဲလ ကုံရာသီ
ရှစ်ခွင်မှိုင်းမှုန်ရီ။
မြောက်ပြန်လေပြည် တိုက်ခတ်သွင်း
ဖွဲဖွဲကျငွေနှင်း။

❖ ပန်းရနံ့သင်း တောပန်းအစုံ
ဖူးပွင့် ပေါက်လဲငုံ။
ခွာညိုသင်းထုံ လက်ပံဖူး
ကျေးငှက်သံစုံမြူး။

❖ ထူးမြတ်လှသည့် ပွဲသဘင်
ထမနဲပွဲတော်ပင်။
စိန္တေမြတ်ရှင် ဆွမ်းတော်ဦး
ဒါနကုသိုလ်ထူး။

❖ ဗုဒ္ဓရည်စူး ပူဇော်ကာ
ထင်းမီးအမွှေးနံ့သာ။
ညဏ်ရိုးထင်းပါ ပူဇော်အမြဲ
နှစ်စဉ်တပို့တွဲ။
ထူးမြတ်လှသည့်ပွဲ။ ။

ပန်းမာလာ

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ရွှေမိုးညို

သိပ္ပံမောင်ဝ

မောင်လူအေးသည် မိမိ၏ မယားချစ် မမြသန်းကလေးအား မော်လမြိုင် ဒိုင်းဝန်ကွင်းသင်္ချိုင်း သီဟိုဠ်ပင်လေးအောက်တွင် မြှုပ်နှံပစ်ထားခဲ့ရသည်မှာ ၁၀ ရက်ခန့်သာကြာသေး၏။ ထိုသီဟိုဠ်ပင်လေး၊ သီဟိုဠ်ကိုင်းလေးအား တရေးရေး မြင်ယောင်နှင့်နေ၏။ ကိစ္စပြီးစီး၍ မိမိနေအိမ်သို့ ရောက်လာသည်မှာ သုံးရက်သာလျှင် ကြာသေး၏။

အိမ်သို့ပြန်ရောက်ပြီးနောက် စိတ်ထဲတွင် ကြောင်တောင်တောင်နှင့်နေ၏။ ဟာတာတာနှင့်နေ၏။ ပျင်းသလိုလို၊ ဆွေးသလိုလိုနှင့်နေ၏။ လွမ်းသည်ဟူ၍လည်း မဆိုနိုင်၊ ဆွေးသည်ဟူ၍လည်း မဆိုနိုင်၊ စိတ်ညစ်သည်ဟူ၍လည်း မဆိုနိုင်၊ ဟာတာတာနှင့်ဖြစ်နေ၏။ ကြောင်တောင်တောင် ဟိုဟာလုပ်ရနိုးနိုး၊ သည်ဟာလုပ်ရနိုးနိုး၊ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ၏။

တစ်ယောက်တည်း စားပွဲရှေ့ ကုလားထိုင်တွင်ထိုင်ကာ တွေဝေစဉ်းစားနေသည်မှာလည်း အတန်ပင်ကြာ၏။ မိမိအင်္ဂလန်ပြည် အောက်စဖို့ဒ်မြို့တွင် တစ်ယောက်တည်း သွားရောက်နေထိုင်ခဲ့ဖူး၏။ မိဘဆွေမျိုးချစ်သူခင်သူတို့အား လွမ်းဆွတ်တသခဲ့ဖူး၏။ သို့သော် ယခုအခါမှာကဲ့သို့ နေမထိ ထိုင်မထိမဖြစ်၊ နောက်တစ်နေ့ ပြန်တွေ့ရဦးမည်ကိုသိသောကြောင့် ဖြစ်ဟန်တူလေသည်။ တစ်ယောက်တည်း နေခဲ့သည်မှာလည်း နှစ်ပေါင်းများစွာ ကြာပေပြီ။ ယခုကဲ့သို့မဖြစ်စဖူး၊ နှစ်ယောက် ပူးပေါင်းသင်းကာ မနေခဲ့ဖူးသေးသောကြောင့် ဆိုစရာရှိ၏။ ဤသည်လည်း မဟုတ်သေး၊ မမြသန်းကလေးနှင့်ပင် မမာဖြစ်နေစဉ်က ခွဲခွဲဖူးသေး၏။ လွမ်းဆွတ်၏။ တသ၏။ ပူဆွေး၏။ သို့သော် ယခုကဲ့သို့ ကြောင်တောင်တောင်နှင့် နေမထိ ထိုင်မထိ မဖြစ်။ နောင်တစ်နေ့ကျလျှင် ပြန်တွေ့ရဦးမည်ဟူသော မျှော်လင့်ချက်လေးက ရှိသေးသောကြောင့်တည်း။

ယခုကား မျှော်လင့်ချက် လုံးလုံးကင်း၏။ မပြန်သောလမ်းသို့ သွားပေပြီ။ ထိုသီဟိုဠ်ကိုင်းအောက်မှာပင် အရိုးအသား ဆွေးမြည့်၍ သွားရတော့အံ့။ မျှော်လင့်ချက်ကင်းသောသူအား လောကကြီးသည် အချည်းနှီးဖြစ်၏။ လောကကြီးအတွင်း၌ မြင်မြင်သမျှ အကျိုးမမြင်၊ အပြစ်သာ မြင်ရ၏။ ထိုင်နေရကောင်းနိုးနိုး၊ ထနေရကောင်းနိုးနိုး၊ အိပ်ရကောင်းနိုးနိုး၊ လမ်းလျှောက်နေက ကောင်းနိုးနိုးနှင့်နေ၏။ မမြသန်းကလေး၏ မျက်နှာ၊ မမြသန်း မြှုပ်ထားရာ၏အထက်တွင် ပေါက်သော သီဟိုဠ်ပင်တို့ကိုသာ မျက်စိထဲ တရေးရေးမြင်လျက်နေ၏။ စိတ်ကိုဖျောက်၏။ ဆုံးမ၏။ တရားချ၏။ မရ။

စိတ်ပြေလက်ပြေ တုတ်ကောက်တစ်ချောင်းကိုကိုင်ကာ လူသူနှင့်ဝေးသော ကုန်းဘက်သို့ တစ်ယောက်တည်း လမ်းလျှောက်ရင်း ထွက်သွား၏။ စိမ်းလန်းသော မြက်ခင်းများ၊ စိမ်းလန်းသော တောင်တန်းလေးများ၊ စိမ်းလန်းသော သစ်ပင်သစ်ကိုင်းများ၊ ရေပြည့်နေသော ရေအိုင်လေးများကို မြင်လိုက်ရလျှင် ဆွေးစိတ်လွမ်းစိတ်များ ပျောက်ကင်းလွင့်စဉ်၍ မသွားရုံမျှမက ယခင်က ပူဆွေးသောစိတ်များကို ဆွပေးသည်နှင့်တူ၏။

စိတ်ပူဆွေးနေသောသူအား တိတ်ဆိတ်သော နေရာနှင့်မဖြစ်၊ တိတ်ဆိတ်လေလေ ပူဆွေးသောစိတ် တိုးလေလေဖြစ်၏။ မြန်မြန်ပင် အိမ်သို့ပြန်လာခဲ့၏။

ထမင်းဟင်းစားသောက်ပြီးလျှင် လူပေါများရာ အရာရှိတို့၏ အသင်းရုံသို့ ထွက်သွား၏။ ခါတိုင်းမူကား အသင်းရုံသို့ သွားခဲဘိခြင်း။ စိတ်ပြေလက်ပြေ ဖဲဝိုင်းတွင်ဝင်၍ဖဲရိုက်၏။ ဖဲချပ်တွေအကြားတွင် မမြသန်း၏စိတ် ပေါ်၍လာ၏။ သူတကာ အသီးသီးနိုင်ကြ၏။ မောင်လူအေးကား အရှုံးသာ အဖတ်တင်၏။ ဖဲရိုက်၍လည်း နေရာမကျ၊ သူများတကာ ဘီလိယက်ထိုးနေသည်ကို ကြည့်၏။ သူတကာ စကားပြောနေကြသည်တွင်ဝင်၍ ရောနှောကာပြော၏။ ရယ်သည့်နေရာတွင် ရယ်၏။ ပြုံးသည့်နေရာ ပြုံး၏။ သို့သော် မမြသန်းစိတ်ကား မပျောက်။ လူကတခြား၊ စိတ်ကတခြား ဖြစ်လျက်နေတော့သတည်း။

အချိန်ကုန်၍ အိမ်ပြန်လာပြီးလျှင် မိမိဝါသနာပါသော စာအုပ်တွေကိုဖွင့်၍ ဖတ်၏။ ရှေးက ဤစာအုပ်မျိုးကို ဖတ်ရလျှင် ထမင်းမှန်း၊ ဟင်းမှန်းမသိ စွဲစွဲမြဲမြဲ ဖတ်လေ့ရှိ၏။ အလွန်စွဲလမ်း၏။ များစွာ သဘောကျ၏။ ဖတ်၍ အနှစ်သာရရှိ၏။ ယခုကား စာတစ်မျက်နှာ ကုန်ရန်ပင် အတော်ကြာအောင်ဖတ်ရ၏။ စာတစ်မျက်နှာ ပြီးသွားပြန်ပါလည်း မိမိဖတ်သောအကြောင်းအရာများမှာ ဘာမှန်းမသိ၊ ဖတ်လိုက်စဉ်းစားလိုက် တွေးတောလိုက်နှင့် လုပ်နေသောကြောင့် ဖြစ်လေသည်။ ဟိုစဉ်းစား သည်စဉ်းစားနှင့် နေ၏။ အချိန်မှာ မကုန်နိုင်သကဲ့သို့ ထင်မှတ်မိပေ၏။

အချိန်ကုန်လွန်လိုသောကြောင့် မိတ်ဆွေများထံသို့ စာလှမ်း၍ ရေး၏။ ထိုစာတွေအထဲတွင် ဘာတွေပါကုန်မှန်းမသိ။ ထင်တာတွေကို ရေးထည့်လိုက်လေ့ရှိ၏။ အများအားဖြင့် မမြသန်းကလေး၏ အကြောင်းသာ များကုန်၏။ စိတ်ကို အမျိုးမျိုးပျောက်အောင် ကြိုးစား၏။ ကြိုးစား၍မရ၊ ကြာလျှင် လွှတ်၍ထားရ၏။ စဉ်းစားချင်တိုင်း စဉ်းစားလျက်နေ၏။

ဤသို့ နေမထိ ထိုင်မထိ ဖြစ်နေသည်မှာ သုံးရက်ကြာပေပြီ။ ယနေ့ ရုံးမှ ငါးနာရီပြန်လာခဲ့၏။ စိတ်ပြေလက်ပျောက် လမ်းလျှောက်ရန် ဘောင်းဘီ၊ ဖိနပ်များကို ဝတ်ကာနေ၏။ ဤသို့ အဝတ်အစားလဲ၍ နေတုန်းမှာပင် အနောက်ဘက်မှ တိမ်တိုက်မိုးသားကြီးများ မည်း၍မည်း၍ တက်လာ၏။ ကြည့်နေရင်းပင် မိုးကြီးသည်းထန်စွာ ရွာ၏။ ချစ်ခင်သူတို့နှင့် ကွဲကွာ၍နေသော သူတို့မှာ ဤသို့သော အခိုက်အခါမျိုးနှင့် ကြုံတွေ့လျှင် အဘယ်မှာ မလွမ်းဘဲနေနိုင်အံ့နည်း။ (မောင်လူအေးကား မမြသန်းကလေးနှင့် ခေတ္တမျှခွဲခွာ၍ နေရသူမဟုတ်၊ မတွေ့တမ်း ခွဲ၍သွားလေပြီ။) မောင်လူအေး ဆွေးခြင်းကား ဆိုစရာမရှိ။ လွမ်းသူတို့ကား ပြန်၍ ဆုံနိုင်သေး၊ တွေ့နိုင်သေး၏။ ဆွေးသူတို့ကား ပြန်၍ မတွေ့တော့ပြီ။ လမ်းဆုံးသို့ ရောက်ပြီးဖြစ်၏။

ဤသို့ အဝတ်အစားလဲ၍နေတုန်းမှာပင် အနောက်ဘက်မှ တိမ်တိုက်မိုးသားကြီးများ မည်း၍မည်း၍ တက်လာ၏။ ကြည့်နေရင်းပင် မိုးကြီးသည်းထန်စွာ ရွာ၏။ ချစ်ခင်သူတို့နှင့် ကွဲကွာ၍နေသောသူတို့မှာ ဤသို့သော အခိုက်အခါမျိုးနှင့် ကြုံတွေ့လျှင် အဘယ်မှာ မလွမ်းဘဲနေနိုင်အံ့နည်း။ (မောင်လူအေးကား မမြသန်းကလေးနှင့် ခေတ္တမျှခွဲခွာ၍ နေရသူမဟုတ်၊ မတွေ့တမ်း ခွဲ၍သွားလေပြီ။) မောင်လူအေး ဆွေးခြင်းကား ဆိုစရာမရှိ။ လွမ်းသူတို့ကား ပြန်၍ဆုံနိုင်သေး၊ တွေ့နိုင်သေး၏။ ဆွေးသူတို့ကား ပြန်၍ မတွေ့တော့ပြီ။ လမ်းဆုံးသို့ရောက်ပြီးဖြစ်

မိုးပေါက်များကျနေသည်ကို တစိမ့်စိမ့် ကြည့်လျက်နေ၏။ မလှုပ်မရှား ငြိမ်သက်စွာ ရှုစားနေသော်လည်း စိတ်ထဲကမူ မည်မျှ လှုပ်ရှားနေသည်ကိုကား မည်သူပြောပြနိုင်အံ့နည်း။ အိမ်ရှေ့ခြံထဲတွင် ပေါက်ရောက်နေကြသော ဂန္ဓမာပန်းတို့ကား မမြသန်း ကျန်းကျန်းမာမာရှိစဉ်က သန်တုန်း၊ ပွင့်တုန်း၊ ဖူးတုန်း အလွန်တရာပင် ရှုချင်ဖွယ်ကောင်းကြ၏။ လူမြင်တိုင်း ချီးမွမ်းကြရ၏။ မမြသန်း မကျန်းမမာဖြစ်၍ မော်လမြိုင်သို့ ပြန်သွားသောအခါ၊ ဂန္ဓမာပန်းပင် ပန်းပွင့်ပန်းဖူးလေးတို့မှာလည်း ညိုးနွမ်းခွေလျ အားပြတ်ကာ ရှိနေကြကုန်၏။ ယခု မမြသန်းကလေး အဆုံးစွန်သော ဘဝတစ်ပါးသို့ ပြောင်းသွားသောအခါ၌လည်း မမြသန်းနှင့်အတူပင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားကြကုန်လေသည်။

ပန်းခြံအတွင်း၌ ပန်းပင်ဟူ၍ မရှိတော့ပြီ။ မြေပြင်သာလျှင် ကျန်တော့၏။ ကံတူအကျိုးပေးများ ဖြစ်လေရော့သလား။ မမြသန်းကား ဂန္ဓမာပန်းပွင့်ကလေးတွေနှင့် တူလှပေ၏။ ထိုပန်းကလေးတို့သည် လှပတင့်တယ် ရှုချင်ဖွယ်ကောင်း၏။ ၎င်းတို့အား မျက်စိအောက်တွင် အမြဲရှုချင်စေကာမူ အသက်မရှည်ကြ။ ခေတ္တတွင်သာ အသက်ရှင်ကြကုန်၏။ မမြသန်းကလေးမှာလည်း သီလဂုဏ်၊ သမာဓိဂုဏ်နှင့် ပြည့်စုံပါပေ၏။ အသက်ကား မရှည်ရှာ။

ပန်းပင်သစ်ပင်တို့မှ ကင်းမဲ့၍နေသော ပန်းခြံကား မိမိနှင့်တူလှ၏ဟု တွေးတောမိလေ၏။ ပန်းခြံမှာ ဂန္ဓမာပန်းကလေးများ ပွင့်ဖူးနေစဉ်က အလွန်တရာမှပင် ကြည့်ရှု၍ တင့်တယ်၏။ မောင်လူအေးမှာလည်း မမြသန်းကလေးရှိစဉ်က များစွာအလွန်တင့်တယ်၏။ ရွှင်ရွှင်ပြုံးပြုံး ရှိ၏။ ယခုမှာကား ပန်းပင်ကင်းသော ပန်းခြံကဲ့သို့ ခြောက်သွေ့သွေ့၊ မှုန်သုန်သုန် ဖြစ်လျက်နေပြီ။ ရွှင်ပျကြည်လင်ခြင်းကား အလျှင်းကင်းလျက်နေပေပြီ။ အိမ်ရှေ့ပန်းခြံကိုကြည့်ကာ အတန်ကြာအောင်ပင် ငြိမ်သက်စွာ တွေးတောလျက် အဆွေးပွားလျက်နေလေတော့၏။

မိုးလည်းရွာဆဲပင်။ မိုး၏တန်ခိုးကား ချစ်ခင်သူတို့ အတူတူနေထိုင်ရလျှင် စိတ်အေးမြစေ၏။ ချစ်ခင်သူတို့ ခွဲခွာ၍နေရမှုကား စိတ်ကို ပူဆွေးနေ၏။ ရှေးက မိုးဖွဲ့များကို ဖတ်ဖူးသည်ကား များလှပေပြီ။ အမှုမဲ့အမှတ်မဲ့သာ ဖတ်၏။ လွမ်းစိတ်ဆို၍မပေါ်၊ ဆွေးစိတ်ဆို၍မပေါ်၊ ယခုမှပင် ကိုယ်တိုင်ကြုံတွေ့ရ၏။ မိုးရွာ၍ ဆွေးသောကြောင့် အဆွေးစိတ်ပျောက်ရန် အိမ်ရှေ့ပန်းခြံကို စိုက်၍ကြည့်ပြန်လည်း ခြောက်သွေ့သွေ့မြင်ရသော် တိုး၍သာဆွေးစေ၏။

ငွေတိုက်အလုပ်ကို သင်ကြားရန် ဇလွန်သို့ သွားစဉ်က မမြသန်းကလေးအား ဟင်္သာတမြို့တွင် ခေတ္တထားခဲ့၏။ တနင်္ဂနွေနေ့ ရုံးအားရက်တွင် မြင်လိုသောကြောင့် မော်တော်ကားတစ်စီးသာ သွားနိုင်ရုံ တာရိုးလမ်းပေါ်တွင် ညကိုးနာရီ မှောင်မှောင်မည်းမည်းတွင် ဟင်္သာတသို့ စိုင်း၍လာသော အကြောင်းများကို စဉ်းစားမိ၏။ ကြောက်ရမှန်းမသိ၊ လန့်ရမှန်းမသိ၊ မမြသန်းကို တွေ့ချင်သောဇောက ကွယ်၍ထားဘိ၏။ ယခုမူကား မော်တော်ကားမဆိုထားဘိ၊ လေယာဉ်ပျံဖြင့် သွားရောက်ရှာဖွေသော်လည်း မမြသန်းနှင့် တွေ့ဆုံရန် အကြောင်းမရှိ၊ အဆုံးစွန်သောဘဝသို့ ရောက်နေကြပေပြီ၊ အကွဲကြီးကွဲ၍နေလေပြီ။ ရှေးဟောင်းနှောင်းဖြစ်တို့ကို အတွေးနှင့်သာ လွမ်း၍ နေရလေတော့သတည်း။

မော်လမြိုင်မှ တစ်နေ့က ယူဆောင်၍လာသော မမြသန်းကလေး၏ဓာတ်ပုံကို ကြည့်လိုသောကြောင့် သေတ္တာထဲမှထုတ်ကာ ကြည့်၏။ ဤဓာတ်ပုံကား မမြသန်း ခပ်ငယ်ငယ် အပျိုဖော်ဝင်စက ရိုက်ထားသောပုံဖြစ်၏။ ဆံထုံးပင် မထုံးတတ်သေး၊ ဘီးထောက်ကလေးနှင့် ရှိသေး၏။ အတန်ကြာအောင် သေသေချာချာစိုက်၍ ကြည့်နေ၏။ ထိုဓာတ်ပုံထဲတွင် မိမိနှင့်လက်ထပ်ယူစဉ်ကထက်ပင် ချောသည်လှသည်ဟူ၍ ထင်မှတ်မိ၏။ အကယ်ပင် ချောသောကြောင့်ပေလော။ လွတ်သွားသောငါး ဖြစ်သောကြောင့်ပေလော၊ မည်သူပြောကြားနိုင်အံ့နည်း။

လူအစား ဓာတ်ပုံကို ထားခဲ့၏။ လူကား မပြန်လာသောခရီးသို့ သွားပေပြီ။ ဤဓာတ်ပုံကားအဝိညာဏက အသက်မရှိသောအရာဖြစ်၏။ စက္ကူမျှသာ ဖြစ်လေသည်။ မောင်လူအေးအား ကြောင်တောင်တောင် ကြည့်လျက်နေ၏။ မမြသန်းကား မဟုတ်၊ မမြသန်းကလေး၏ အရိပ်အယောင်မျှသာ ဖြစ်လေသည်။ အနှစ်မရှိသည့်တောတွင် ကြက်ဆူပင် မင်းမူသကဲ့သို့ မမြသန်းကိုယ်တိုင် မရှိသည့်အခါတွင် ၎င်း၏ဓာတ်ပုံလေးကပင် မင်းမူလျက်နေ၏။ သွေးကြီးသကဲ့သို့နေ၏။ မခေါ်ချင်မပြောချင် လုပ်လျက်နေ၏။ ဂုဏ်ခံလျက်နေ၏။ ဤဓာတ်ပုံကလေးကိုပင် ခုံခုံမင်မင်ကြည့်ရှုရ၏။

သို့သော် ဤဓာတ်ပုံမှာလည်း ၎င်း၏ပိုင်ရှင် မမြသန်းကိုယ်တိုင်ကဲ့သို့ပင် ဤလောကကြီး၌ အမြဲတည်နိုင်မည်မဟုတ်။ တစ်နေ့နေ့ပျက်စီးရမည်ကားမလွဲတည်း။ ဆယ်နှစ်ကြာအောင် တည်တံ့နိုင်စေကာမူ အနှစ်ငါးဆယ်တိုင်အောင် တည်နိုင်မည်မဟုတ်။ အနှစ်ငါးဆယ်တိုင်အောင် တည်နိုင်စေကာမူ အနှစ်ငါးရာကြာအောင် တည်နိုင်မည်မဟုတ်။ (တစ်နေ့နေ့၌ ပျက်စီးရမည်မှာ မုချ။)

ဤဓာတ်ပုံလေး ပျက်စီးပြီးနောက် ပညတ်ဖြစ်သော မမြသန်းဆိုသည့် အမည်လေးကား အတော်ကြာအောင်ပင် ကျန်နေပေဦးမည်။ မိဘဆွေမျိုးအပေါင်းတို့၏ နှုတ်ဖျားတွင် မမြသန်းဟူ၍ ကျန်နေပေဦးမည်။ မကြာမကြာ သတိရနေကြပေဦးမည်။ ဤမမြသန်းဆိုသော အမည်မှာလည်း အမြဲတည်နိုင်မည်မဟုတ်။ နှစ်ပေါင်းငါးဆယ်၊ တစ်ရာစသဖြင့် ကြာ၍လာလျှင် အမည်မှာလည်း ပျောက်ပျက်၍ အမှန်ပင် သွားရမည်။

မမြသန်းကိုယ်တိုင် မမြသန်း၏ ဓာတ်ပုံ မမြသန်း၏ အမည်သာမဟုတ်၊ မမြသန်းအတွက် ဆွေးနွေးသောသူ၊ မမြသန်း၏ ဓာတ်ပုံကြည့်ကာ လွမ်းသောသူ၊ မမြသန်း၏ အမည်လေးကို တရေးရေးနှင့် နားထဲတွင် ကြားနေသော သူမှာလည်း အမြဲတည်နိုင်ရန်ကား ဝေးလေစွ၊ အချိန်တန်လျှင် ပျက်စီးရပေဦးမည်။ မမြသန်း၏ ဆွေမျိုးသားချင်း ချစ်ခင်သူတို့အားလုံးအနက်လည်း မည်သူသည် ဤပျက်စီးယိုယွင်းခြင်းတည်းဟူသော ဓမ္မတာတရားကြီးမှ ကင်းလွတ်နိုင်အံ့နည်း။ ဤလောကတွင် ထင်ရှားပေါ်ပေါက်နေကြသော သစ်ပင်တောတောင်၊ ရေမြေချောင်းမြောင်းတို့မှာလည်း ဤပျက်စီးခြင်းတရားမှ ကင်းကြပါ၏လော။ မကင်း။ ဤလောကကြီးမှစ၍ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကကြီးလည်း ပျက်စီးခြင်းမှ မကင်း။ အဘယ်အရာသည် ပျက်စီးခြင်းမှ ကင်းပါသနည်း။ ဤပျက်စီးခြင်းတည်းဟူသော တရား၏အကြားတွင် မောင်လူအေး၏ စိတ်မှာ ဖရိုဖရဲပြိုကွဲပျက်စီးလျက် နေလေတော့သတည်း။ လောကကြီး၏ အပြင်ဘက်သို့ ရောက်၍ နေတော့၏။ ဤလောကကြီးကို သတိမရ၊ မည်မျှကြာသည်မသိ။ မိုးလည်းစဲ၍ သွားလေပြီ၊ ထမင်းစားချိန်ကျသောကြောင့် အစေခံက လာ၍ခေါ်မှ ကုလားထိုင်ပေါ်တွင် အိပ်ပျော်နေကြောင်း သိရတော့သတည်း။ လက်ထဲတွင် ကိုင်၍ထားသော မမြသန်း၏ ဓာတ်ပုံကို စားပွဲပေါ်တွင်ချကာ ထမင်းစားခန်းရှိရာ အောက်ထပ်သို့ တစ်ယောက်တည်း ဆင်းသွားလေ၏။ ။

၁၉၃၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဂန္ဓလောက။

# ရန်ကုန်မြို့တော် သန့်ရှင်းသာယာသပ်ရပ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သာကေတမြို့နယ် ရှုခင်းသာလမ်းတစ်လျှောက် သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ ၆/အရှေ့ရပ်ကွက် ရှုခင်းသာ မြို့ပတ်လမ်းပေါ်ရှိ မြို့နယ်ဈေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးရှေ့ အုတ်ရေမြောင်း တည်ဆောက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်သည် ရန်ကုန်မြို့တော်ဂေါက်ကွင်းသို့ ရောက်ရှိပြီး မြကန်သာကွင်းအတွင်း (၂၆)ကြိမ်မြောက် မြို့တော်ဂေါက်ကွင်း နှစ်ပတ်လည် အသင်းသားများ ဂေါက်သီးရိုက်ပြိုင်ပွဲ (ရွှေအဆင့်) ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မြို့တော်ဝန်သည် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်သို့ ရောက်ရှိပြီး သစ်ရွက်ဆွေးမှ EM Bokashi မြေသြဇာထုတ်လုပ်နေမှု၊ အုန်းပင်များ စိုက်ပျိုးထားရှိမှု၊ ပျိုးခြံများအတွင်း ပျိုးပင်များ၊ ပန်းအလှပင်များ၊ ရောင်စုံပန်းများ ပျိုးထောင်ထားရှိမှုနှင့် ပန်းခြံအတွင်း မြေယာရှုခင်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပဲခူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်

**ပဲခူး ဇန်နဝါရီ ၂၁**

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပဲခူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ အမျိုးသား (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ပဲခူးခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန်ရွတ်ဆိုခဲ့ကြသည်။ ထို့နောက် ပဲခူးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ခိုင်က ပြိုင်ပွဲအတွက် ငွေကျပ် ငါးသိန်းနှင့် ပဲခူးခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာဝင်းက ပြိုင်ပွဲအတွက် ဘောလုံး နှစ်လုံးအား ထောက်ပံ့ပေးအပ်ခဲ့ရာ ပဲခူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်က လက်ခံရယူခဲ့သည်။

အဆိုပါ အခမ်းအနားအား ပဲခူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ဘောလုံးဝါသနာရှင် ဒေသခံပြည်သူများ တက်ရောက်ကြပြီး အဖွင့်ပွဲစဉ်အဖြစ် ဝမ်းဘဲအင်းအသင်းနှင့် ဇိုင်း/မြောက်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်း ဖွင့်လှစ်

**ပွင့်ဖြူ ဇန်နဝါရီ ၂၁**

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသခံပြည်သူများ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်ခြင်း နည်းပညာများ ရရှိစေရန်နှင့် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီတွင် ပွင့်ဖြူမြို့နယ် ကျွဲတိကျေးရွာ၌ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းကို ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ မင်းဘူးခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဦးထွန်းလှအောင်၊ ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းကိုကိုထွန်းတို့က သင်တန်းအထောက်အကူပစ္စည်းများ ပေးအပ်ခဲ့ပြီး ပညာပေးသင်တန်းဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီး အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်

**သထုံ ဇန်နဝါရီ ၂၁**

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပညာရေးဌာနတို့ပူးပေါင်း၍အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် ယမန်နေ့မွန်းလွဲပိုင်းက သထုံမြို့ရှိ အမက(ရဲဝင်း) နှင့် အမက(တပ်မြေ) အခြေခံပညာမူလတန်းကျောင်းတို့၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးပြီး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

နယ်လှည့်စာကြည့်တိုက် လိုက်လံဖွင့်လှစ်ရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ကျောင်းစာကို ကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များစသည့် ကလေးများအသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ် စသည့်အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ၂၀၂၃ ခုနှစ် ဇန်နဝါရီလ(တတိယ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၂၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၆၄ ဒီဂရီဖာရင်ဟိုက်မှ ၇၅ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၇၆ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၅ ဒီဂရီဖာရင်ဟိုက်မှ ၉၄ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၃၀ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့တွင် ၄၀ ဒီဂရီဖာရင်ဟိုက်မှ ၄၉ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ၅၀ ဒီဂရီဖာရင်ဟိုက်မှ ၅၈ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့် တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၅၁ ရာခိုင်နှုန်းမှ ၆၂ ရာခိုင်နှုန်းအတွင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၃ ရာခိုင်နှုန်းမှ ၇၄ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့် တောင်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၇၅ ရာခိုင်နှုန်းမှ ၈၆ ရာခိုင်နှုန်းအတွင်း ရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၂၃ မီလီမီတာမှ ၃၄ မီလီမီတာအတွင်းနှင့် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၃၅ မီလီမီတာမှ ၄၆ မီလီမီတာအတွင်း ရှိနိုင်သည်။

**မိုး/ဇလ**

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင် ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာ တို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် -

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၃
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၄၀၄၃၃၉၉၆၉
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၆
အီးမေးလ်လိပ်စာ - antiillegaltradeinfo@gmail.com

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၁
လက်ကိုင်ဖုန်းနံပါတ် - ၀၉ ၆၉၉၆၁၁၁၁၆
ဖက်စ်ဖုန်းနံပါတ် - ၀၆၇ ၄၀၉ ၈၈၇
အီးမေးလ်လိပ်စာ - antiillegaltradeoffice@gmail.com


## မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းခြံချောင်းကျေးရွာနှင့် မော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာတို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် တန့်ငူကျေးရွာအုပ်စု ကွမ်းခြံချောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့က အဆိုပါကျေးရွာရှိ သာသနာ့ရောင်ခြည်စေတီဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့က ဒေသခံပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၄၁ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ဆီးချို၊ သွေးချိုရောဂါ၊ အရိုး၊ အကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကြသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၂၁ ဦး အား ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း (ဆပ်သွားတော) ၌ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုး၊ အကြောရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးကြရာ မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ကြို့ပင်ကောက်မြို့ ဒေသခံပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိသည့်အတွက် ဝမ်းသာပျော်ရွှင်လျက်ရှိ



**ကြို့ပင်ကောက် ဇန်နဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ရှိ ဒေသခံပြည်သူများ နွေရာသီရေရှားပါးချိန် သောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် တိုင်းဒေသကြီးအစိုးရ၏ ထောက်ပံ့ငွေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်အတွင်း ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

ကြို့ပင်ကောက်မြို့၏ ရေရှားပါးမှုသည် ဘိုးဘွားအစဉ်အဆက်ကတည်းကဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် သိန်းတစ်သောင်းနီးပါး အကုန်အကျခံကာ ဆောင်ရွက်ခဲ့သောကြောင့် မြို့အရှေ့ခြမ်းမှာ သန့်ရှင်းသော သောက်သုံးရေသုံးစွဲခွင့်ရရှိနေပြီဖြစ်၍ မြို့သူမြို့သားများ ဝမ်းသာပျော်ရွှင်လျက် ရှိကြောင်း သိရသည်။

သောက်သုံးရေ ပေးဝေရေးလုပ်ငန်းကို မြို့အရှေ့ဘက်ခြမ်း ရပ်ကွက် ငါးခုအတွက် ကုန်ကျစရိတ် ငွေကျပ်သိန်းပေါင်း ၅၀၀၀ ကျော် အသုံးပြု၍ ဖြန့်ဝေပေးနေပြီဖြစ်ကြောင်း၊ မြို့အနောက်ဘက်ခြမ်း လေးရပ်ကွက်အတွက် ကုန်ကျစရိတ်ငွေကျပ် သိန်းပေါင်း ၄၀၀၀ ကျော်ဖြင့် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ဖြန့်ဝေပေးသွားမည်ဖြစ်ရာ ရေမီတာစုစုပေါင်း ၇၆၀ ဖြင့် ရေဂါလန် ၁၈၀၀၀၀ ကို နေ့စဉ် ဖြန့်ဝေပေးသွားမည်ဖြစ်၍ လူဦးရေ ၉၀၀၀ ကျော်မှာ သန့်ရှင်းသော သောက်သုံးရေ နေ့စဉ် သုံးစွဲခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**


## သတင်းကြေညာချက်

၁။ Campana Mythic Co.,Ltd သည် မြန်မာ-စင်ကာပူ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေအောက် ဖိုင်ဘာကေဘယ်သွယ်တန်းခြင်းလုပ်ငန်းကို ရေအောက်ကေဘယ်ချခင်းသည့် သင်္ဘော CS.Nusantara Explorer ဖြင့် မြန်မာအထူးသီးသန့်စီးပွားရေးဇုန်အတွင်း ဆောင်ရွက်သွားမည့် ဧရိယာများဖြစ်သော မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၆ ဒသမ ၄၁၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၅၂၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၂ ဒသမ ၃၈၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၁ ဒသမ ၃၄၅ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ ဒသမ ၃၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂ ဒသမ ၄၁၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ ဒသမ ၆၆၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၀၅၇ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၄ ဒသမ ၈၅၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၃ ဒသမ ၄၃၃ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ ဒသမ ၈၃၉ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၁ ဒသမ ၃၃၆ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၆ ဒသမ ၆၃၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂ ဒသမ ၁၀၉ မိနစ်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၇ ဒသမ ၁၆၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၆ ဒီဂရီ ၂၂ ဒသမ ၄၁၃ မိနစ်တို့အတွင်းတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၀၂၃ ခုနှစ် ဧပြီလ ၁၅ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော်၏ သီးသန့်စီးပွားရေးဇုန် (Myanmar Exclusive Economic Zone)အတွင်း ပင်လယ်ရေအောက် ဖိုင်ဘာကေဘယ် သွယ်တန်းခြင်းလုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်မည့် လမ်းကြောင်း တစ်လျှောက် လုပ်ငန်းဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တည်နေရာဧရိယာများအတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**


## ဘားအံစက်မှုဇုန်၌ အဆင့်မြင့်ခေတ်မီ တန် ၁၀၀ ဆန်စက် တည်ဆောက်သွားမည်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပြည်နယ်အတွင်း တန်ဖိုးမြင့်ထုတ်ကုန်များရရှိစေရန်နှင့် ဒေသတွင်း အရည်အသွေးကောင်းမွန်သည့် ဆန်စက်များ တည်ထောင်နိုင်ရန် ရည်ရွယ်၍ ကရင်ပြည်နယ် ဘားအံစက်မှုဇုန်တွင် အဆင့်မြင့်ခေတ်မီ တန် ၁၀၀ ဆန်စက် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၇ ရက်က လာရောက်ခဲ့တဲ့ ခရီးစဉ်မှာ ကရင်ပြည်နယ်အတွင်း တန်ဖိုးမြင့်ဆန်ထုတ်ကုန်တွေ ရရှိစေဖို့နဲ့ ဒေသတွင်း အရည်အသွေးကောင်းမွန်တဲ့ ဆန်စက်တွေကို တည်ထောင်နိုင်ဖို့ လမ်းညွှန်ခဲ့တာရှိပါတယ်။ အဓိကကတော့ ခေတ်မီဆန်စက်ကြီး တည်ဆောက်ပြီးသွားရင် အရည်အသွေးပြည့်မီတဲ့ဆန်တွေကို ပြည်တွင်းသာမက ပြည်ပကိုပါ တိုက်ရိုက်တင်ပို့ရောင်းချနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဆန်စက်တည်ဆောက်မယ့် မြေနေရာကိုလည်း လျာထားသတ်မှတ်ထားပြီးဖြစ်ပါတယ်”ဟု ကရင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ကရင်ပြည်နယ်အတွင်းမှာရှိတဲ့ ဆန်စက်တွေဟာ ဟာလာဆန်စက်တွေ အများဆုံးဖြစ်ပါတယ်။ ဆန်စက်ကြီးအနေနဲ့ ထုတ်လုပ်မှုအများဆုံးက ဆန်တန် ၆၀ ကျ တစ်လုံးသာရှိပါတယ်။ ဒေသတွင်းမှာ ဆန်ဖူလုံမှုရှိသော်လည်း ခေတ်မီနည်းပညာမြင့်ဆန်စက်နဲ့ ထုတ်လုပ်နိုင်ခြင်းမရှိတာကြောင့် ခေတ်မီဆန်စက်ကြီးကို မြန်မြန်အကောင်အထည်ဖော် ဆောင်ရွက်စေချင်ပါတယ်” ဟု ဆန်စက်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ကရင်ပြည်နယ်အတွင်း ခေတ်မီဆန်စက်ကြီး တည်ဆောက်ပြီးသွားပါက နိုင်ငံတကာအရည်အသွေးပြည့်မီသည့်ဆန်များ ထုတ်လုပ်နိုင်မည့်အပြင် ဘေးထွက်ပစ္စည်းများအား သဘာဝမြေဩဇာနှင့် တိရစ္ဆာန်အစားအစာအဖြစ် ထုတ်လုပ်သွားမည်ဖြစ်ပြီး ဒေသ၏ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ၏ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အပံ့ဖြစ်စေသကဲ့သို့ ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းအသစ်များ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ရှမ်းယူနိုက်တက်အသင်းကို ခြေစမ်းပွဲမကစားမီ တွေ့ရစဉ်။

## MNL ကလပ်အသင်းများ ရာသီကြိုခြေစမ်းပွဲ ယှဉ်ပြိုင်ကစား

ရန်ကုန် ဇန်နဝါရီ ၂၁

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် ကလပ်အသင်းများသည် ဇန်နဝါရီ ၂၀၊ ၂၁ ရက်က ရာသီကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။

ရာသီကြိုခြေစမ်းပွဲများတွင် ရှမ်းယူနိုက်တက်အသင်းက GFA အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဒဂုံစတားယူနိုက်တက်အသင်းက ကချင်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရခိုင်ယူနိုက်တက်အသင်းက အာဖရိကကစားသမားများဖြင့် ဖွဲ့စည်းထားသည့် All Stars အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လက်ရှိ MNL အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ပထမဆုံးခြေစမ်းပွဲအဖြစ် GFA အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပထမပိုင်းတွင် လူသစ်ကစားသမားများနှင့် လူငယ်ကစားသမားများကို အသုံးပြုခဲ့ပြီး ဒုတိယပိုင်းတွင် ကျော်ဇင်ဖြိုး၊ ကျော်ဇင်လွင်၊ ရဲမင်းသူ၊ ဟိန်းသီဟဇော်၊ နန္ဒကျော်၊ မြတ်ကောင်းခန့်၊ မတ်ခ်ဆာကီ စသည့် အမာခံများကို ထည့်သွင်းအသုံးပြုခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းတွင် တည်ငြိမ်မင်းနှင့် ဒုတိယပိုင်းတွင် အေးမင်းသူတို့က သွင်းယူခဲ့သည်။

MNL ကလပ်အသင်းများသည် ရာသီကြိုခြေစမ်းပွဲများ ဆက်တိုက်ကစားမည်ဖြစ်ပြီး အပတ်စဉ် စနေနှင့် ဗုဒ္ဓဟူးနေ့များတွင် ဦးစားပေးကစားဖွယ်ရှိနေသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

**❍ တောင်သမန်မှ**

ကိုဗစ်ကာလမတိုင်မီက ဦးပိန်တံတားတွင် လုပ်ကိုင်သည့် ဓာတ်ပုံဆရာဦးရေထက် ၂၀၂၂ နှစ်ဆန်းပိုင်းကစ၍ ပိုမိုများပြားလာခဲ့ရာ ဓာတ်ပုံဆိုင်ငါးဆိုင်နှင့် ဓာတ်ပုံရိုက်ပေးသည့် ဓာတ်ပုံဆရာများမှာ တံတားအနောက်ဘက်တွင် ၄၀ ဝန်းကျင်၊ တံတားအလယ်တွင် ၁၅ ဦးဝန်းကျင်နှင့် အရှေ့ဘက်တွင် ၂၀ ဝန်းကျင်ရှိသည်ဟု သိရသည်။

"ကိုဗစ်မတိုင်မီ သူတို့ဖုန်းကင်မရာနဲ့ရိုက်ကြတော့ ကျွန်တော်တို့ အလုပ်မဖြစ်သလို ဓာတ်ပုံသမားနည်းပြီး နေ့တွက်ရဖို့ခဲယဉ်းတယ်။ ကိုဗစ်ရောဂါငြိမ်သွားပြီး ၂၀၂၂ ခုနှစ်လောက်မှာ အလည်အပတ်လာသူများလာသလို အလှဓာတ်ပုံကို ကင်မရာနဲ့ ရိုက်သူများလာတဲ့အတွက် ဓာတ်ပုံသမားတွေ များလာတာပေါ့။ လက်သင်ဓာတ်ပုံသမားတွေလည်း ရှိတယ်" ဟု ၎င်းကပြောသည်။

၂၀၂၂ နှစ်ဆန်းပိုင်းမှစ၍ ဦးပိန်တံတားသို့ လည်ပတ်သူနှင့်အပန်းဖြေလာရောက်သူများပြားလာရာ ဥပုသ်ရက်နှင့် ရုံးပိတ်ရက်များတွင် ပုံမှန်ရက်ထက် လေးဆခန့်ပိုမိုများပြားလာသဖြင့် ဓာတ်ပုံသမားများလည်း နေ့စဉ်ဝင်ငွေရရှိကြောင်း၊ရိုက်ကူးခအဖြစ် ပုံကူးလျှင် ၄ x ၆ လက်မတစ်ပုံလျှင် ၁၅၀၀ ကျပ်၊ ရိုက်ပြီးသောဓာတ်ပုံကို ပုံထုတ်မကူးဘဲ ဖုန်း (သို့မဟုတ်)Memory Stick နှင့် ယူပါက တစ်ပုံလျှင် ၁၀၀၀ ကျပ် ဖြစ်ကြောင်းသိရသည်။

"လူစည်ကားရင် ဓာတ်ပုံသမားတစ်ယောက်ကို ၂၀၀၀၀ ကျပ်ဝန်းကျင် အောက်ထစ်ရပြီး တစ်ရက်တည်းနဲ့ တစ်သိန်းကျော် ရဖူးသူရှိတယ်။ကင်မရာနဲ့ ဖုန်းရဲ့ ဓာတ်ပုံအရည်အသွေးကွာတာကို သိလာလို့ကင်မရာနဲ့ ရိုက်သူများလာတယ်။ပုံမကူးဘဲ သူတို့ဖုန်းထဲကို ကျွန်တော်တို့ ရိုက်ထားတဲ့ပုံတွေ ထည့်ပေးတယ်။ ဈေးသတ်မှတ်ထားပေမယ့် ပုံများရင်လျှော့ပေးတာပေါ့"ဟု ဆက်လက်ပြောကြားသည်။

ဦးပိန်တံတားမှ ဓာတ်ပုံရိုက်ကူးပေးသူများသည် ကင်မရာလွယ်ထားပြီး အများအားဖြင့် အလှဓာတ်ပုံရိုက်ပေးရန် ပုသိမ်ထီးများကိုင်ဆောင်ထားကြကြောင်း၊ တံတားအနောက်ဘက်၊အလယ်နှင့် အရှေ့ဘက်ဟူ၍ နေရာခွဲခြားကာ အလှဓာတ်ပုံရိုက်ကူးရေးကို စီးပွားဖြစ်လုပ်ကိုင်နေကြကြောင်းသိရသည်။

**မောင်အေးချမ်း**

**❖ ကျောဖုံးမှ**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် နိုင်ငံတကာခြေစမ်းပွဲအဖြစ် ဖေဖော်ဝါရီ သို့မဟုတ် မတ်လတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ပဏာမကစားသမား ၃၅ ဦးဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်နေသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပါရီအိုလံပစ်ခြေစစ်ပွဲတွင် အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ မော်လ်ဒိုက်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး ယင်းခြေစစ်ပွဲကို ဧပြီ ၃ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ဧပြီတွင် ပါရီအိုလံပစ်ခြေစစ်ပွဲ၊ မေလတွင် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရမည်ဖြစ်ပြီး နှစ်ဝက်နောက်ပိုင်းတွင် အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲနှင့် ပါရီအိုလံပစ် ပထမအဆင့်ခြေစစ်ပွဲအောင်မြင်ပါက ဒုတိယအဆင့်နှင့် တတိယအဆင့်ခြေစစ်ပွဲများ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

■

**✳ လီဗာပူးမှ**

ကစားသမားတွေကို ၃-၄-၂-၁ ကစားကွက်နဲ့ ပွဲထွက်လာခဲ့တာဖြစ်ပါတယ်။

အဲဒီလို ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာခဲ့ပေမယ့် လီဗာပူးအသင်းရော ချယ်လ်ဆီးအသင်းပါ ဂိုးမသွင်းနိုင်ခဲ့ဘဲ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် သရေတစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရကာ လီဗာပူးအသင်းက ပရီမီယာလိဂ်ပွဲစဉ် ၁၉ ကစားပြီးချိန်မှာ ရမှတ် ၂၉ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၈ နေရာမှာ ရပ်တည်ခဲ့ပြီး ချယ်လ်ဆီးအသင်းကတော့ ပွဲစဉ် ၂၀ ကစားပြီးချိန်မှာ ရမှတ် ၂၉ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၁၀ နေရာမှာ ယာယီရပ်တည်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ အခုပွဲစဉ်မှာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ဒီဇင်ဘာ ၂၇ ရက်က အက်စ်တွန်ဗီလာအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်အပြီးမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ လေးပွဲအထိနိုင်ပွဲပျောက်ဆုံးမှုနဲ့ ကြုံခဲ့ရတာဖြစ်ပြီး ချယ်လ်ဆီးအသင်းကလည်း နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ ပြိုင်ပွဲစုံခြောက်ပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

# အနုပညာ

## မာရီဆာအေဘယ်လာကို အေမီဝိုင်းဟောက်စ်အဖြစ် တွေ့မြင်ရမည်

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ အေမီဝိုင်းဟောက်စ်အကြောင်း ရိုက်ကူးမယ့် အတ္ထုပ္ပတ္တိရုပ်ရှင်သစ်မှာ ဗြိတိန်မင်းသမီး မာရီဆာအေဘယ်လာက ကွယ်လွန်ခဲ့ပြီဖြစ်တဲ့ တေးသံရှင် အေမီဝိုင်းဟောက်စ်အဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



အဆိုပါရုပ်ရှင်ကို ဇန်နဝါရီလလယ်ပိုင်းက လန်ဒန်မှာ စတင်ရိုက်ကူးနေပြီဖြစ်ပါတယ်။ Back to Black လို့ အမည်ပေးထားတဲ့ အဆိုပါရုပ်ရှင်မှာ အေမီဝိုင်းဟောက်စ်ရဲ့ လန်ဒန်မှာ ရောက်ရှိနေထိုင်ခဲ့တဲ့ အစောပိုင်းနှစ်တွေအကြောင်းကို ပုံဖော်မှာဖြစ်ပါတယ်။ ဒါ့အပြင် အောင်မြင်ကျော်ကြားတဲ့အထိ ကြိုးပမ်းခဲ့ရတဲ့ အကြောင်းတွေလည်း ပါဝင်မှာဖြစ်တယ်လို့ သိရပါတယ်။

အေမီဝိုင်းဟောက်စ်ဟာ ဂရမ်မီဆု ခြောက်ကြိမ် ဆွတ်ခူးနိုင်ခဲ့တဲ့ တေးသံရှင်တစ်ဦးပါ။ သူဟာ ၂၀၁၁ ခုနှစ် ဇူလိုင် ၂၃ ရက်မှာ အရက်အဆိပ်သင့်မှုကြောင့်သေဆုံးခဲ့ပါတယ်။သူဟာ အရက်နဲ့ မူးယစ်ဆေးပြဿနာတွေနဲ့ အချိန်အတော်ကြာ ရင်ဆိုင်ခဲ့ရပြီး ကွယ်လွန်ချိန်မှာ အသက် ၂၇ နှစ်အရွယ်သာ ရှိသေးတာလည်း ဖြစ်ပါတယ်။



## ဂျီမင်းနဲ့အတူရိုက်ကူးထားတဲ့ ဓာတ်ပုံကို ဒေးဗစ်ဘက်ခမ်းဖော်ပြ

ပဲရစ်မှာပြုလုပ်ခဲ့တဲ့ Dior ဖက်ရှင်ပြပွဲကို တက်ရောက်ခဲ့တဲ့ တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့ဝင် ဂျီမင်းနဲ့အတူရိုက်ကူးထားတဲ့ဓာတ်ပုံတစ်ပုံကို ဘောလုံးကြယ်ပွင့် ဒေးဗစ်ဘက်ခမ်းက လတ်တလောမှာ သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ကြောင်း အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇန်နဝါရီ ၂၀ ရက်က အဆိုပါ ဖက်ရှင်ပြပွဲကို ကျင်းပခဲ့တာပါ။ ယင်းအခမ်းအနားကို ဂျီမင်းတက်ရောက်ခဲ့ပြီး အခြားသော နာမည်ကျော်ကြယ်ပွင့်တွေလည်း တက်ရောက်ခဲ့ပါတယ်။ ယင်းအခမ်းအနားမှာ ဂျီမင်းနဲ့ သူ့ရဲ့သားတို့နဲ့အတူ ရိုက်ကူးထားတဲ့ ဓာတ်ပုံကို ဒေးဗစ်ဘက်ခမ်းက သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာပါ။ ကေပေ့ါပ်ကြယ်ပွင့်တစ်ဦးနဲ့ တွဲဖက်ရိုက်ကူးထားတဲ့ ဓာတ်ပုံကို ဖော်ပြခဲ့တာကြောင့် အချို့သော ပရိသတ်တွေက အံ့အားသင့်မိကြောင်းလည်း ရေးသားဖော်ပြခဲ့ကြတာ တွေ့ရပါတယ်။

**အေးပြည့်- စုစည်းသည်**

## Blackpink ဖျော်ဖြေပွဲကို တက်ရောက်ခဲ့တဲ့ ဂျက်ဆီကာဂျန်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့ Blackpink ရဲ့ဟောင်ကောင်မှာ ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲကို Girls' Generation အဖွဲ့ဝင် ဂျက်ဆီကာဂျန်တက်ရောက်ခဲ့ပါတယ်။ ဂျက်ဆီကာက ဒီလိုတက်ရောက်အားပေးခဲ့ခြင်းဟာ သူနဲ့ Blackpink အဖွဲ့ဝင်ဂျန်းနီတို့ကြားက ခင်မင်မှုကို ဖော်ပြခဲ့တာလည်းဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇန်နဝါရီ ၁၅ ရက်မှာ ဂျက်ဆီကာက သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဂျန်းနီဖျော်ဖြေနေတဲ့ပုံတွေပါဝင်တဲ့ ဗီဒီယိုနဲ့တွဲဖက်ကာ အားပေးကြောင်းစာသားတွေ ရေးသားဖော်ပြခဲ့ပါတယ်။

## အမည်ပြောင်း

နေပြည်တော်၊ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ ကြီးအင်းကျေးရွာ အထက-ခွဲ(ကြီးအင်း) Grade-9 တွင် ပညာသင်ယူနေသည့် အဖ ဦးရွှေကို [၉/တကန(နိုင်)၀၅၆၆၇၈]၏ သမီး မဖူးသက်ငုံ အား မမေသုခခင် ဟု ပြောင်းလဲခေါ်ပါရန်။

မမေသုခခင်

## ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မဟာဗန္ဓုလလမ်းမကြီး၊ မြေတိုင်းအမှတ် ၄၁၊ လူနေရပ်ကွက် အမှတ်(တ/၁၅)ရပ်ကွက်၊ ပန်းခြံ(၂၁)၊ ခြံအမှတ်(၁၀၂၄/ခ)၊ အကျယ်ပေ (၂၀'x၆၀')ရှိဦးခင်မောင်စိုး အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသည့် ခြံမြေနှင့် ယင်းခြံမြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုပြောဆိုသူ ဦးအောင်ဇော်မြင့်[၁၂/ထတပ(နိုင်) ၀၇၄၀၄၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသိန်း[၁၁/မမန(နိုင်)၀၂၁၁၇၂] က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ် အကြောင်းကြားနိုင်ပါသည်။ ကန့်ကွက်သူမရှိပါက သတ်မှတ်ရက်ကျော်လွန်သည်နှင့် အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်အေးသိန်း**
[၁၁/မမန(နိုင်)၀၂၁၁၇၂]

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးစံပယ်ထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၄၈)**
**ရွှေပြည်သာယာအိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း**
**Ph: 09 749 741 332, 09 429 137 843**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**

## သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ စိုက်မွေးလမ်း၊ မြေကွက်အမှတ်(၁၂၃၄)ဟုခေါ်တွင်သော ဦးဆန်းသိန်းအမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ်( ၆၀ )ဂရန်မြေ အမျိုးအစား မြေကွက်၊ အကျယ်အဝန်း ( အလျား ၄၀ပေxအနံ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်၍လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဆန်းသိန်း[၁၂/သကတ(နိုင်)၀၁၂၃၄၁၇]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်နော်အေးအေးနွဲ့[၁၄/ဝခမ(နိုင်)၁၇၁၁၈၃]သည် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ( ၁၇-၁-၂၀၂၃ )ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ )ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်မျိုးချစ် ( LLB )** — **ဒေါ်သက်ဝေအောင် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၇၄ )** — **အထက်တန်းရှေ့နေ(စဉ်-၅၀၀၁၆)**
**တိုက်( B-8 )၊ အခန်း (၂၀၄ )၊ ဗိုလ်မင်းရောင်အိမ်ရာ၊ ( ၄၂ )ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-778849700, 09-773562082**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၃)တိုးချဲ့ရပ်ကွက်၊ ဥသာဖုရားလမ်း၊ တိုက်အမှတ်(၇၄)၊ ၂ခန်းတွဲ ၆ ထပ်တိုက်ရှိ (၆-A)၊ ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း ပေ(၁၉x၅၄)၊ မြေရှင် ဦးလှမြင့်[၁၂/သကတ(နိုင်) ၀၆၇၁၉၇]၊ ကန်ထရိုက်တာ ဦးမြင့်လွင်ဦး[၁၂/အစန(နိုင်)၁၅၂၁၅၁] ၎င်းထံမှ ဆက်စပ်စာချုပ်များအရ ဝယ်ယူပိုင်ဆိုင် အကျိုးခံစားလျက်ရှိသူ ဒေါ်ခိုင်ဝေလင်း[၇/သကန(နိုင်)၁၁၅၃၀၉]က ကျွန်ုပ်၏မိတ်ဆွေအား ပြန်လည်ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီခဲ့ရာ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေခဲ့ပါသည်။ သို့ဖြစ်ပါ၍ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် တစ်စုံတစ်ရာ ရှိပါကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများအတိုင်း အရောင်းအဝယ်အား ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသန္တာဦး(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၄၆)**
**ဖုန်း-၀၉-၄၂၈၁၄၄၅၇၅, ၀၉-၇၉၅၆၄၁၆၀၀**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၇)၊ ဟားခါး၊ (၄)လမ်း၊ မြေကွက်အမှတ်-၁၆၂(က)ဟုခေါ်တွင်သော အကျယ်အဝန်း အလျားxအနံ (၂၀x၆၀)ပေ ဧရိယာ ၀.၀၂၇ ဧက(စတုရန်းပေ-၁၂၀၀)၊ ဦးတင်ဝင်း(GBK-၀၀၁၂၂၈) အမည်ပေါက် ဂရန်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်(ရေ+မီး)အပါအဝင် အိမ်ခြံမြေနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ ဒေါ်ခိုင်ယဉ်မွန်[၁၂/တမန(နိုင်)၀၉၅၆၀၆]က လက်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းခြင်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျင့်လမ်းတွောင်[၄/တတန(နိုင်)၀၃၃၂၁၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အိမ်ခြံမြေ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက(၃၀-၁-၂၀၂၃)ရက်နေ့ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်ရန်မရှိပါက အထက်ဖော်ပြပါ နှစ်ဦးသဘောတူအိမ်ခြံမြေအပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်ဝင့်ထွန်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၆၉)**
**အမှတ်(၁၈၉)၊ အောင်ကျက်သရေလမ်း၊ (၁၂)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၂၆၁၁၀၀၁၃၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ ဦးဖိုးလမ်း၊ အမှတ်(၈)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၇)ထပ်တိုက်၏စတုတ္ထထပ်(၅-လွှာ)၊ (ခြေရင်းခန်း) အကျယ်အဝန်း(၁၂ ၁/၂ x ၆၀)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်များကို အပျောက်စနစ်ဖြင့်ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် ဦးပြည့်စိုးအောင်[၁၂/သဃက(နိုင်)၀၆၁၇၃၇]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ်ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| ဒေါ်အေးမြင့်ရီ | ဒေါ်စိုးစိုးမြင့် | ဦးသိန်းညွန့် |
|---|---|---|
| B.Sc, DA, HGP, R.L, DBL, DML, DIL | LL.B | BA, HGP, R.L, DBL, DML, DIL |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၆၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁) |

**အမှတ်-၁၀၁၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
ဖုန်း-၀၉-၇၉၈၈၂၇၅၉၀ ဖုန်း-၀၉-၄၂၀၃၅၉၆၃ ဖုန်း-၀၉-၅၀၅၃၁၀၇

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ ဆီဆုံလမ်း၊ အမှတ်(၁၅)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ တတိယထပ် (၄-လွှာ)၊ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၅x၆၅)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်များကို အပျောက်စနစ်ဖြင့် ဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် ဦးဝင်းမျိုးသူ[၁၂/ဥကမ(နိုင်)၁၀၀၉၇၆]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

| ဒေါ်အေးမြင့်ရီ | ဒေါ်အိဖြိုးဇင် | ဦးသိန်းညွန့် |
|---|---|---|
| B.Sc, DA, HGP, R.L, DBL, DML, DIL | LL.B, D.B.L | BA, HGP, R.L, DBL, DML, DIL |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၇၅) | တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁) |

**အမှတ်-၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
ဖုန်း-၀၉-၇၉၈၈၂၇၅၉၀ ဖုန်း-၀၉-၇၉၀၁၂၃၄၈၀ ဖုန်း-၀၉-၅၀၅၃၁၀၇

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၆

| | | |
|---|---|---|
| ဒေါ်ကြည်ကြည်ခိုင် နှင့် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးထွန်းလင်း) | ၁။ ဒေါ်ချောစုကြည် | ၉။ ဦးဝင်းကို |
| | ၂။ ဦးသန့်ဇင်ကြည် | ၁၀။ ဦးသန့်ဇင် |
| | ၃။ ဦးတင်စိုးဝင်း | ၁၁။ ဦးသိန်းစိုးဝင်း |
| | ၄။ ဒေါ်နှင်းမြတ်မြတ်ထူး | ၁၂။ ဦးမောင်ကိုကို |
| | ၅။ ဒေါ်လှဝင်းစိန် | ၁၃။ ဒေါ်ဇင်မာဝေ |
| | ၆။ ဒေါ်ခင်သန်းဆွေ | ၁၄။မညိမ်းချမ်းကျော် |
| | ၇။ ဦးဇော်ဝင်း | ၁၅။ မောင်ဇင်မျိုးမင်း |
| | ၈။ ဦးစိုးမြင့် | |
| တရားလို | တရားပြိုင်များ | |

ဒေါ်လှဝင်းစိန်၊ ဒေါ်ခင်သန်းဆွေ၊ ဦးစိုးမြင့်၊ ဦးဝင်းကို၊ ဦးသန့်ဇင်၊ ဦးသိန်းစိုးဝင်း၊ မညိမ်းချမ်းကျော်၊ မောင်ဇင်မျိုးမင်း၊ မိုးကြိုးပစ်ကျေးရွာ၊ ငြိမ်း(၁၁)စိုက်ပျိုးရေးခြံ၊ ရပ်ကွက်ကြီး(၂၁)၊ ပြင်ဦးလွင်မြို့(ယခုနေရပ်လိပ်စာမသိ)သူများ သိစေရမည်။

သင့်အပေါ်၌ ဒေါ်ကြည်ကြည်ခိုင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးထွန်းလင်း)က တရားလိုလက်ရှိလုပ်ကိုင်လျက်ရှိသော စိုက်ပျိုးရေးခြံများအတွင်းသို့ မတရားအဓမ္မကျူးကျော်၍ ဝင်ရောက်နေထိုင်လုပ်ကိုင်နေသော တရားပြိုင်များအား နှင်ထုတ်ပြီး လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် (၁၃၈၄ ခုနှစ်၊ တပို့တွဲလဆုတ် ၉ ရက်) နေ့ မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ရုံးတော်မှငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်အတွင်း တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိမိသန်း)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၁၃၄/က)၊ မြေကွက်တည်နေရာအမှတ်(၁၁၃၄/က)၊ မြေတိုင်းလမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဧရိယာ(၀.၀၂၈၂)ဧက၊ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းတွင် အမည်ပေါက်ဖြစ်သူ ဦးတင်ဆင့်[၁၂/သဃက(နိုင်)၀၁၇၀၇၄]၏ အထူးကိုယ်စားလှယ်စာရရှိသူ ဒေါ်ခင်မြတ်မြတ်စိုး[၁၂/အစန(နိုင်)၁၃၃၆၂၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်ဆန်းလွင်[၁၂/ပဇတ(နိုင်)၀၃၀၃၇၀]၊ ဒေါ်မေမွန်ဦး [၈/ရစက(နိုင်)၁၈၇၁၇၆]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်ဆန်းလွင်၊ ဒေါ်မေမွန်ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်သူဇာကျော် LL.B, D.B.L, D.I.L, D.I.P.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်၊**
**(Star City၊) သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph-09-765602290**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၆၊ မြေကွက်အမှတ်-၆၉၅/က၊ အကျယ်အဝန်း(အလျားxအနံ) (၂၀ပေx၆၀ပေ)ရှိ ဦးမောင်စိန်[၇/သနပ(နိုင်)၀၃၉၂၇၈]အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လျက်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးမင်းသန့်[၁၂/သဃက(နိုင်)၁၆၃၃၆၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်(၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးချို(စဉ်-၇၈၂၈)** — **ဦးဇော်ဇော်(စဉ်-၂၄၉၅၄)**
**တရားလွှတ်တော်ရှေ့နေ** — **အထက်တန်းရှေ့နေ**
**အမှတ်(၁၁)၊ ၁၅၇-လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ Ph:09-5278394, 09-254378207**

## ဦးမြင့်လွင် [၁၄/ကပန(နိုင်)၁၃၂၀၇၀]နှင့်အများသိစေရန်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၁၀)လမ်းနေ၊ အမှတ်(၆၆၃/ခ)၊ ဦးကျော်မြင့်[၁၂/လမန(နိုင်)၀၄၆၉၃၉]ပိုင် မြေကွက်ပေါ်တွင် ဦးကျော်မြင့်နှင့် ဦးမြင့်လွင်တို့သည် နှစ်ခန်းတွဲ(၅)ထပ်တိုက် ဆောက်လုပ်ရန် (၁၆-၁၂-၂၀၂၁) ရက်နေ့တွင် အဆောက်အဦဆောက်လုပ်ရန် ကတိစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ အဆိုပါစာချုပ်ချုပ်ဆိုခဲ့သည့် တိုက်မှာ ပထမထပ်ဆလပ်လောင်းပြီးသည်အထိ ပြီးစီးနေပါသဖြင့် ဦးမြင့်လွင်ကို (၆)လနှင့်အပြီးဆောက်လုပ်ရန် ကတိပြုစာချုပ်ချုပ်ဆိုခဲ့ပါသည်။ စာချုပ်သက်တမ်း(၆)လပြည့်သည်အထိ လုပ်ငန်းဆောင်ရွက်ခြင်း မရှိခဲ့ပါသဖြင့် လူမှုရေးအရ ဦးမြင့်လွင် ထပ်မံတောင်းဆိုခဲ့သည့်အတိုင်း (၁-၉-၂၀၂၂)ရက်နေ့အထိ စောင့်ပေးခဲ့သော်လည်း လုပ်ငန်းဝင်ရောက်လုပ်ကိုင်ခြင်း မရှိပါသဖြင့် ဦးမြင့်လွင်၏ ကတိအတိုင်း (၁၆- ၁၂-၂၀၂၁)ရက်စွဲပါ စာချုပ်မှာ ပျက်ပြယ်သွားပြီးဖြစ်ပါကြောင်းနှင့် အဆိုပါစာချုပ် ချုပ်ဆိုထားသည့်အဆောက်အအုံဆောက်လုပ်ခြင်းကိုလည်း ဖျက်သိမ်းလိုက်ပြီဖြစ်ပါကြောင်း ဦးမြင့်လွင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**(KHIN MAR LAR LAW FIRM)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ဖုန်း-၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ငပလီမြို့၊ မြပြင်ရပ်ကွက်၊ မြပြင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၀၇)၊ (မြပြင်ကွင်း)၊ ဦးပိုင်အ မှတ်(၁၉၇-ခ)၊ ဧရိယာ(၀.၁၅)ဧကရှိ (အိမ်ရာမြေ)မြေအမျိုးအစား(G2)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ သံတွဲမြို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဒေါ်ပြည်ချမ်း[၁၁/သတန(နိုင်)၀၁၇၀၁၀]အမည်ပေါက်တည်ရှိပြီး ၎င်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးမျိုးသူရ[၉/ခအဇ(နိုင်)၀၁၂၀၈၆]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ တစ်ဆင့်ပြန်လည်လွှဲ ပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မွန်မွန်ချို(LL.B)** — **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** — **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၁၈၇)၊ ပထမထပ်၊ သုဒဿနလမ်း၊ (၁၆/၂)ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

> အိမ်အတွင်းနှင့် ခြံဝင်းအတွင်း ရေပိုက်မလုံမှု၊ ရေဘုံဘိုင် ရေစိမ့်မှု တို့ကို ပြုပြင်ပါ။
> ရေယိုစိမ့်မှုကြောင့် ရေတင်ချိန်ပိုများလေ မီတာခ ပိုကုန်ကျမှု ဖြစ်စေပါမည်။



## အပြင်ထွက်တိုင်း
## ပါးစပ်နှင့် နှာခေါင်းစည်း (MASK) ကို
## စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

## ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(၆)၊ အောင်သုခ(၂၇)လမ်း၊ မြေကွက်အမှတ်(၁၂၉၄-က)၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ ဒေါ်ခင်သန်းရွှေ[၁၂/သကတ(နိုင်)၀၁၄၀၄၄]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း) (၁၀ပေ x ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်ခင်သန်းရွှေ[၁၂/သကတ(နိုင်)၀၁၄၀၄၄]၊ ဦးသန်းထွေး[၁၂/သကတ(နိုင်)၀၁၃၄၀၄]၊ ဒေါ်ခင်လေးမြင့်[၁၂/သကတ(နိုင်)၀၁၂၈၃၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာဖြိုး[၁၂/သကတ(နိုင်)၁၄၉၆၂၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသူရဝင်း(B.A, B.Sc(Hons), DBL(Credit), PGDL., LL.B(Q), LL.M (1st year)(Commmercial Law), (WIPO)(Switzerland)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၄၂၅)**
**Moe Dae War Law Firm**
**အမှတ်(၂၇)၊ အောင်သပြေအရှေ့(၁)လမ်း၊ ၇(အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်။ ဖုန်း-၀၉-၄၂၀၁၈၄၆၅၊ ၀၉-၇၇၇၇၇၉၄၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဓမ္မကဝတီလမ်း၊ အမှတ်(၂၁)တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၈ C၊ မြေကွက်အမှတ်-၆၁ ကေ/၁+၉၄၀+၉၄၁+၉၄၂၊ မြေအမျိုးအစား-မြေပိုင်မြေ၊ အမည်ပေါက်-ဦးတိုးအောင် (ခ) ရှိဝါရှန်ကယ်[၇/ပခန(နိုင်)၁၆၅၅၃၄]၊ ဒေါ်လှဲ့လှဲ့ဝင်း(ခ) ကော်မလာဒေဝီ[၇/ပခန(နိုင်)၁၆၅၅၃၃]၊ ဦးအောင်ဝင်း(ခ)ဘာဘူ[၇/ပခန(နိုင်)၁၆၅၅၃၆]မြေကွက်အား ဟိန္ဒူလူမျိုး ဗုဒ္ဓဘာသာကိုးကွယ်သူဦးတိုးအောင်သည် ၂-၁-၂၀၂၁ ရက်နေ့ ရန်ကုန်ဆေးရုံကြီး၌ သေဆုံးသည့် သေဆုံးမှုလက်မှတ်၊ ဦးတိုးအောင်(ခ)ရှိဝါရှန်ကယ် ကွယ်လွန်သဖြင့် တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်းနှင့် ဖော်ပြပါမြေကွက်၏ခင်ပွန်းသည် ဦးတိုးအောင် (ခ) ရှိဝါရှန်ကယ်၏ပိုင်ဆိုင်ခွင့်အစုကို ၎င်းတစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ အခြားအမွေဆက်ခံသူတစ်ဦးတစ်ယောက်မျှ မရှိကြောင်း ဗိုလ်တထောင်မြို့နယ်တရားရုံးတွင် ကျိန်ဆိုသော ကျမ်းကျိန်လွှာအမှတ်-၁၀၈၆/၂၀-၁၂-၂၀၂၂၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုစာရင်း၊ မြေအမည်ပေါက်သည့် အရောင်းအဝယ်စာချုပ်အမှတ် ၄၁၁၉/၂၀၂၀နှင့် ၁၈-၁၁-၂၀၁၄ရက်နေ့ တရားရုံးရောင်းကြောင်း လက်မှတ်စာတို့ကိုတင်ပြ၍ ကျန်အမည်ပေါက်နှစ်ဦးဖြစ်သူ ဒေါ်လှဲ့လှဲ့ဝင်း(ခ) ကော်မလာဒေဝီ၊ ဦးအောင်ဝင်း(ခ)ဘာဘူတို့နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအ ဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၇၈၁)၊ ဧရိယာ(၄၀ပေx၆၀ပေ)၊ မြေကွက်တည်နေရာအမှတ်(၇၈၁)၊ ရွှေအုတ်ဂူ(၁)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ခင်ကြည်[၁၂/သကတ(နိုင်)၀၅၃၁၉၀] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်သူ ဒေါ်ခင်ကြည်(မိခင်)နှင့် ဦးစိုးဝန်(ဖခင်)တို့ အသီးသီးကွယ်လွန်ပြီး ၎င်းတို့၏သားသမီး(၄)ဦးအနက် ဒေါ်ငွေးငွေးသည် (အပျိုကြီးဘဝဖြင့်) ကွယ်လွန်သဖြင့် ကျန်သားသမီးများဖြစ်ကြသော ဒေါ်စန်းစန်းကြည် [၁၂/သကတ (နိုင်)၀၈၈၅၇၈]၊ ဒေါ်တင်တင်အေး [၁၂/သကတ(နိုင်)၁၄၅၆၆၃]၊ ဦးအောင်စိုး[၁၂/သကတ(နိုင်)၀၈၇၉၀၇]တို့ထံမှ ဂရန်မူရင်း၊ ဒေါ်ခင်ကြည်၊ ဦးစိုးဝန်နှင့် ဒေါ်ငွေးငွေးတို့၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မိဘများတွင် ကျန်ရစ်သူ သား/သမီးအရင်းများဖြစ်ကြသော မိမိတို့မောင်နှမ (၃)ဦးသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ အခြားသော သား/သမီးမွေးချင်း တစ်ဦးတစ်ယောက်မျှ မရှိကြောင်းနှင့် ကိတ္တိမ မွေးစား သား/သမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိကြောင်း တရားရုံး ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ နှစ်စောင်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်မြေပုံကူး လျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်းဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ ဗိုလ်သန်းတင်လမ်း၊ အမှတ်(ဒ/၃၂)ဟုခေါ်တွင်သော မြေအကျယ် ပေ(၂၀x၆၀)အကျယ်ရှိမြေနှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော သွပ်မိုး၊ ပျဉ်ထောင်အိမ်တစ်လုံးနှင့် မြေပေါ်/မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအပါအဝင်ဖြစ်သော အိမ်နှင့်မြေအား တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးဇော်နိုင်[၁၂/သလန(နိုင်)၀၉၂၅၂၆]နှင့် ဒေါ်အေးမြင့်ခိုင် [၁၂/သလန(နိုင်)၀၉၂၅၅၇] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းမင်းသန်း(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၉၁)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း-၀၉-၅၀၉၂၁၀၆**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ လူနေရပ်ကွက်အမှတ်-(ဏ/၁၄)၊ ဝေသန္တရာလမ်း၊ မြေကွက်အမှတ်-၅၇၄(ခ)ဟုခေါ်တွင်သော အကျယ်ပေ(၂၀x၆၀)ရှိ ဒေါ်လှမြင့်အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသည့် မြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ခဲ့သူ ဦးစန်းမောင်[၁၄/ပသန(နိုင်)၁၄၆၄၃၀]ကိုင်ဆောင်သူထံမှ အဆင့်ဆင့်အရပ်ကတိစာချုပ် များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးဘဲလဲဂျီမိုး[၄/မတပ(နိုင်)၀၀၃၆၇၅] ကိုင်ဆောင်သူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဦးဘိုနိုင်[၁၄/ဘကလ(နိုင်)၂၁၃၀၄၆] ကိုင်ဆောင်သူမှ စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက် အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ(၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဘိုနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသန္တာစိုး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၈၀)**
**အမှတ်-၂၀၄(က)၊ ဗိုလ်အောင်ကျော်လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၄၂၀၂၀၄၆၅၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၁၃၊ မြေကွက်အမှတ်-၁၉၁၉၊ ဧရိယာ(၆၀ x ၄၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် ပစ္စည်းအားလုံးတို့၏ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်တင်ခိုင်ဦး(ကွယ်လွန်သူ)[၁၂/လမန(နိုင်)၁၂၇၈၃၄]၏ တရားဝင်ခင်ပွန်းဖြစ်သော ဦးအောင်မြင့်ဦး[၁၂/လမန(နိုင်)၀၉၄၄၁၉]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်နှင့် အဆောက်အဦတွင် အကျိုးခံစားခွင့်ရှိသူမည်သူမဆို ဦးအောင်မြင့်ဦး၏ရောင်းချခြင်းအပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းတင်(အထက်တန်းရှေ့နေ) (စဉ်-၂၀၈၁၉) ဒေါ်ဖြူဖြူဇော်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၁၄၇၉)**
**အမှတ်-၂၉၊ (တတိယထပ်)၊ (၃၅)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၄၅၀၀၂၉၈၅၊ ၀၉-၄၅၀၅၈၀၁၈၂**

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါ ခေါ်ဆိုခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ၂၃၀ကေဗွီ ခရမ်းပင်မဓာတ်အားခွဲရုံစီမံကိန်းအတွက် လိုအပ်သော 230/33/ 11kV (33.33)MVA Transformer and Related Accessories (4)Nos အား သယ်ယူပို့ဆောင်ရန် (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် ၃-၂-၂၀၂၃ ရက် (၁၂:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www.moep.gov.mm) တွင်လည်း ကြေညာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉ ၊ ၀၆၇-၃၄၁၀၂၈၂**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဝင်းထွန်း[၁၂/မဂတ(နိုင်)၀၈၄၂၀၀]နှင့် ဒေါ်မွန်မွန်ကျော်[၇/ပခန(နိုင်)၃၄၉၀၉၀]တို့၏ တရားဝင် လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်တေဇလမ်း၊ မြေကွက်အမှတ်-၉၂၊ အိမ်အမှတ်-၄၇၊ မြေဧရိယာ (အလျား ၂၅ပေx အနံ ၅၀ပေ)ရှိ မြေပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်း[၁၂/ဒပန(နိုင်)၀၀၉၁၇၃] ပိုင်ဆိုင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော R/C (၂)ခန်းတွဲ၊ (၅)ထပ်တိုက်အဆောက်အဦမှ ဒုတိယထပ်(ခေါင်းရင်းခြမ်း)၊ A-2၊ ရေ၊ မီးအပြည့်အစုံ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ပြီး အပေါင်အနှံ၊ အရှုပ်အရှင်း လုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချပိုင်ခွင့်ရှိကြောင်း စကားကမ်းလှမ်းလာသူ ဦးမောင်မြင့် [၉/ကပတ(နိုင်)၁၄၇၈၈၇]ထံမှ ကျွန်ုပ်မိတ်ဆွေက အဆိုပါတိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင် လွှဲပြောင်း၊ ဝယ်ယူရန်အတွက် ရောင်းချသူ ဦးမောင်မြင့်ထံသို့ စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေး၊ ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်းထွန်းနှင့် ဒေါ်မွန်မွန်ကျော်တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ဇင်ဇင်နိုင်(LL.B, D,B,L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၉၂)**
**အမှတ်(၁၁၄၄/က)၊ အောင်သုခ(၂၁)လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၄၈၆၅၅၈၊ ၀၉-၂၅၄၁၁၀၆၈၈**

## ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(တောင်)၊ မေတ္တာလမ်း၊ မြေကွက်အမှတ်(၁၄၉-က)၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ ဒေါ်ခင်စုမွန်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်စုမွန် [၁၂/သဃက(နိုင်)၁၄၁၃၂၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာမမ(LL.B, D.M.L, D.I.L) ဒေါ်ခင်မျိုးလတ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၂၆) အထက်တန်းရှေ့နေ(စဉ်-၅၁၃၆၆)**
**အမှတ်(၄၄)၊ ပ-ထပ်၊ အခန်း(၁၀)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၂၁၅၇၃၊ ၀၉-၂၅၄၁၃၀၀၇၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈၊ လူနေရပ်ကွက်အမှတ်-၂၈၊ စောရန်ပိုင်လမ်း၊ မြေကွက်အမှတ်(၅၉၀)၊ အကျယ်အဝန်း ပေ(၄၂x၈၆)ရှိ မြေကွက်မှာ ဦးခင်မောင်စိုး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက်အကျယ်အဝန်း(၄၂x၈၆)ပေအနက်မှ အိမ်ကိုမျက်နှာမူလျှင်(ဘယ်ဘက်ခြမ်း) အကျယ်အဝန်း ပေ(၂၂x၈၆)ရှိ အိမ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ (ဦးခင်မောင်စိုး၏ဇနီးဖြစ်သူ) ဒေါ်ရှယ်လီအေး [၁၂/ဗဟန(နိုင်)၀၁၃၅၅၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို (၂၀-၁-၂၀၂၃)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်နှင့် မြေအား လွှဲပြောင်းရောင်းချမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်သည့်နေ့ရက်ကျော်လွန်သည့်အချိန်တွင် အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးညွန့်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၁၄၂/၁၉-၁၂-၁၉၈၉)**
**တိုက်(၁)၊ (အဟောင်း)၊ အခန်း(၆)၊ ဖ.ဆ.ပ.လ ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**09-5077159, 09-885077159, 09-765077159, 09-965077159**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်ပြည်သူ့ဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသကြသည့် လူနာများအတွက် အောက်ဖော်ပြပါ ဆေးဝါးနှင့် ဆေးပစ္စည်းများ ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်-

(က) ဆေးဝါးနှင့် ဆေးပစ္စည်းများ
(ခ) ကင်ဆာဆေးဝါးများ
(ဂ) ဓာတ်ခွဲခန်းသုံးဆေးရည်နှင့်ဆေးပစ္စည်းများ
(ဃ) ဓာတ်မှန်ခန်းသုံးဆေးပစ္စည်းများ
(င) အောက်ဆီဂျင်(ဓာတ်ငွေ့ရည်/ဓာတ်ငွေ့)

၂။

| | | |
|---|---|---|
| တင်ဒါပုံစံ စတင် ရောင်းချမည့်ရက် | - | ၂၀-၁-၂၀၂၃ (သောကြာနေ့) |
| တင်ဒါပုံစံနောက်ဆုံး ပေးသွင်းရမည့် နေ့ရက်/အချိန် | - | ၂-၂-၂၀၂၃(ကြာသပတေးနေ့) ၁၆:၀၀ နာရီ |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ အသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက်အမှတ်(၃၀၀)၊ အကျယ်အဝန်း ဧရိယာ(၀.၀၅၉)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်၊ (၃၀)ရပ်ကွက်၊ ထွန်းသီရိ(၅)လမ်း၊ အမှတ်(၈)ဟုခေါ်တွင်သည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဦးရဲမင်းသူ[၁၃/တခလ(နိုင်)၀၆၄၀၈၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ် တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ (၁၇)လမ်း၊ မြေကွက်အမှတ်(၅၁၉)၊ မြေအကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိဦးစံရွှေစိန် +၁ ဂရန်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်၏ တရားဝင်ခွဲစိတ်ထားရသေးခြင်းမရှိသော ခေါင်းရင်းခြမ်း၊ ဂရန်မူရင်းခြမ်း၊ မြေအကျယ်အဝန်း(၁၃ပေ x ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက် ဦးစံရွှေစိန်(ဘ) ဦးကျော်ဇံ [၁၂/ဥကတ(နိုင်)၀၁၇၀၁၃]က ဥပဒေနှင့်အညီ စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ရောင်းချလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ခင်ရီ(ဘ) ဦးထွန်းမောင်[၁၂/ဥကတ(နိုင်)၁၁၃၇၃၄]က အပြီးအပိုင်လွှဲ ပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက သက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်ခင်ခင်ရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်မေလှိုင်LL.B, D.B.L, Dip in English**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၁၆/၂၁-၁၂-၂၀၁၁)**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/ဒီ)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။ Ph-09-5083805, 09-799618472**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆၊ မြေကွက်အမှတ်-၁၃၄၈၊ မြေကွက်တည်နေရာအမှတ်(၁၃၄၈)၊ ဗိုလ်ဗထူးလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၁)ဒေါ်သန်းသန်းရီ[၁၂/အစန(နိုင်)၁၅၉၂၀၃]၊ (၂) ဒေါ်လှလှရီ[၁၂/အစန(နိုင်)၁၅၉၂၀၄]၊ (၃) ဒေါ်မြင့်မြင့်ရီ[၁၂/အစန(နိုင်)၁၅၉၂၀၅]၊ (၄) ဦးသိန်းထွန်း[၁၂/အစန(နိုင်)၁၅၉၂၀၁] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား အမည်ပေါက်(၄)ဦးအနက်မှ ဒေါ်မြင့်မြင့်ရီ(ဇနီး)ကွယ်လွန်သဖြင့် ၎င်း၏အစုကို ဦးဝင်းနိုင်[၁၂/သလန(နိုင်)၀၇၉၆၂]က တရားဝင် အမွေဆက်ခံခွင့်ရှိသည့် တစ်ဦးတည်း သောခင်ပွန်းဖြစ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ဒေါ်မြင့်မြင့်ရီသေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်၊ နိုင်/ကတ်တို့ပူးတွဲ၍ ကျန်အမည်ပေါက်(၃)ဦးအနက်မှ ကိုယ်တိုင်နှင့် ဦးသိန်းထွန်းထံမှ (GP)အမှတ်(၂၁၁၈၁/၂၂-၁၁-၂၀၁၁)ဖြင့်ရသူ ဒေါ်မြင့်မြင့်ရီက ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ယနေ့ထက်တိုင် ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာတို့တင်ပြပြီး ဒေါ်လှလှရီ၊ ဦးဝင်းနိုင်တို့နှင့်ပူးတွဲ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကျွန်တော်တို့အစိုးရအနေနဲ့ တိုင်းပြည်တာဝန်များကို ထမ်းဆောင်နေရချိန်မှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တာဝန်ထမ်းဆောင်နေခြင်းသာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ ရပ်တည်နေခြင်းတို့ဟာ ဒီမိုကရေစီနည်းလမ်းကျ ပေါ်ထွက်လာတဲ့ အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်နေတာ၊ တစ်နည်းအားဖြင့် ပြည်သူလူထုလိုလားတောင့်တတဲ့ ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နေတာပဲဖြစ်တယ်လို့ ခိုင်ခိုင်မာမာ ပြောလိုပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေနဲ့လည်း အစိုးရနဲ့လက်တွဲပြီး ဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ကြဖို့၊ ငြိမ်းချမ်းရေးလမ်းကို လျှောက်လှမ်းကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## တောင်သမန် ဦးပိန်တံတားတွင် ဓာတ်ပုံသမား ၁၀၀ ဝန်းကျင်ရှိပြီး စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်သူများပြားလာ

မန္တလေး ဇန်နဝါရီ ၂၁

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန် ဦးပိန်တံတားတွင် ဓာတ်ပုံဆရာ ၁၀၀ ဝန်းကျင်ရှိပြီး လာရောက်လည်ပတ်သူများက အလှဓာတ်ပုံရိုက်ကူးမှုများကြောင့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်သော ဓာတ်ပုံသမားများပြားလာကြောင်း တောင်သမန်မှ ဓာတ်ပုံဆရာတစ်ဦးက ပြောသည်။ စာမျက်နှာ ၂၅ ကော်လံ ၄ သို့ ❍

## ပါရီအိုလံပစ်ခြေစစ်ပွဲမတိုင်မီ မြန်မာအမျိုးသမီးအသင်း ပြည်ပခြေစမ်းပွဲကစားမည်

ရန်ကုန် ဇန်နဝါရီ ၂၁

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဧပြီလတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၄ ပါရီအိုလံပစ် အာရှဇုန်ပထမအဆင့်ခြေစစ်ပွဲမတိုင်မီ ပြည်ပခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ဒီဇင်ဘာဒုတိယပတ်ကတည်းက စတင်လေ့ကျင့်လျက်ရှိပြီး ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် နိုင်ငံတကာခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းခြေစမ်းပွဲကစားရန် စီစဉ်လျက်ရှိပြီး အာရှဒေသတွင်းမှ လက်ရွေးစင်အသင်းတစ်သင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ စာမျက်နှာ ၂၅ ကော်လံ ၄ သို့ ❖

## လီဗာပူးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ဂိုးမရှိသရေရလဒ် ထွက်ပေါ်ခဲ့

ဇန်နဝါရီ ၂၁ ရက်ညပိုင်းရဲ့ ပရီမီယာလိဂ်အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ လီဗာပူးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် သရေတစ်မှတ်နဲ့သာ ကျေနပ်ခဲ့ရပါတယ်။

လီဗာပူးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှာ နှစ်သင်းစလုံးဟာ အနိုင်သုံးမှတ်ရရှိရေးအတွက် လီဗာပူးအသင်းက ဆာလာ၊ ဂတ်ပို၊ အီလီယော့၊ အယ်လ်ကန်တာရာ၊ ကီတာ၊ ဘက်ဆီတစ်၊ ရောဘတ်ဆန်၊ ဂိုမက်ဇ်၊ ကိုနာတေး၊ မီလ်နာ စတဲ့ကစားသမားတွေကို အသုံးပြုကာ ၄-၃-၃ ကစားကွက်နဲ့ ပွဲထွက်လာခဲ့ပြီး ချယ်လ်ဆီးအသင်းကလည်း ကိုင်ဟာဗက်၊ မာဆင်မောင့်၊ ဂယ်လာဂါ၊ ကူကူရယ်လာ၊ ဂျော်ဂျင်ဟို၊ ဇီယက်ချ်၊ သီယာဂိုဆေးလ်ဗား၊ ချာလိုဘက်စတဲ့ စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ✳



**ယနေ့ ဖတ်စရာ**



**စစ်ပွဲတွေရပ်**

ဆောင်းပါး စာမျက်နှာ » ၁၀

**အမေရိကန်နိုင်ငံ၌ ယခုနှစ် တုပ်ကွေးရာသီအတွင်း လူပေါင်း ၂၅ သန်းကျော် တုပ်ကွေးရောဂါဖြစ်ပွား**

စာမျက်နှာ » ၁၃

**ဘားအံစက်မှုဇုန်တွင် အဆင့်မြင့် ခေတ်မီ တန် ၁၀၀ ဆန်စက် တည်ဆောက်သွားမည်**

စာမျက်နှာ » ၂၄

# အံ့ဩဖွယ်မကုန် ပီတိရသ...ဖြင့် ဆင်နွှဲခဲ့သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အောင်ပွဲ

တက္ကသိုလ်မြတ်သူ

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ ပထမအကြိမ်လွတ်လပ်ရေးအောင်ပွဲကို ကျွန်တော့်ဇာတိ မြင်းခြံမြို့တွင် စတင်ဆင်နွှဲခဲ့ရသည်။ ထိုစဉ်က ကျွန်တော့်အသက်မှာ ၁၇ နှစ် ဖြစ်သည်။ မြင်းခြံမြို့ အရေးပိုင် (ခရိုင်ဝန်) ဦးချစ်ဆွေ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ပထမအကြိမ် လွတ်လပ်ရေးနေ့အောင်ပွဲ ကျင်းပရေးကော်မတီတွင် ကျွန်တော်က မြင်းခြံမြို့နယ် ကျောင်းသားသမဂ္ဂကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့ရသည်။ မြင်းခြံခရိုင် ဗမာပြည်ကွန်မြူနစ်ပါတီဥက္ကဋ္ဌ ဦးအောင်သူ(သံမဏိမောင်မောင်)အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်သော အနုပညာယဉ်ကျေးမှု(ပျော်ပွဲရွှင်ပွဲနှင့် တေးဂီတပြိုင်ပွဲကျင်းပရေး)ဆပ်ကော်မတီတွင် တာဝန်ကျသည်။

နယ်ချဲ့အင်္ဂလိပ်တို့၏ သူ့ကျွန်ဘဝမှ လုံးဝလွတ်မြောက်ပြီ၊ မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်၍ အချုပ်အခြာအာဏာ ပိုင်နိုင်ငံအဖြစ်သို့ ရောက်ရှိပြီ ဆိုသော အသိဖြင့် မြင်းခြံမြို့ အစိုးရအထက်တန်းကျောင်း အမှတ်(၁)ကွင်းနှင့် လွတ်လပ်ရေး ပန်းခြံကွင်း၌ လွတ်လပ်ရေးအောင်ပွဲကို ကျွန်တော်တို့အားလုံး ပျော်ရွှင်စွာ ခြိမ့်ခြိမ့်သဲမျှ ဆင်နွှဲကြသည်။ ကျွန်တော်သည် ၁၇ နှစ်သားအထိ၊ နယ်ချဲ့နှင့်ဖက်ဆစ်တို့ လက်အောက်တွင် ၁၇ နှစ်တိတိ ကျွန်ဖြစ်ခဲ့ရာမှ ယနေ့လွတ်ပြီ၊ ကျွတ်ပြီဟူသော ပီတိဖြင့် နံနက် ၄ နာရီ မိနစ် ၂၀ အညာဆောင်းတွင်း အအေးဒဏ်ကိုမမှုဘဲ ချမ်းအေးလှသော်လည်း ပီတိလွှမ်းနေသော ဝမ်းသာခြင်းဖြင့် လွတ်လပ်ရေးနေ့ နံနက် အလံတင်အခမ်းအနားသို့ တက်ရောက်ဆင်နွှဲခဲ့သည်။ ထိုစဉ်က ဗမာပြည်ကွန်မြူနစ်ပါတီသည် ဥပဒေအပြင်ထွက်ပြီး တောမခိုသေး၍ ပြည်သူတို့နှင့်အတူ ပထမဆုံး လွတ်လပ်ရေးအောင်ပွဲကို ဝမ်းသာတက်ကြွစွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ပြည်သူ့ရဲဘော်များလည်း တောမခိုသေး၍ အားလုံးတညီတညွတ် တပျော်တပါး လွတ်လပ်ရေးအောင်ပွဲ နွှဲခဲ့ကြပေသည်။ မြန်မာတိုင်းရင်းသား ပြည်သူတို့ကား အထူးပြောနေစရာ မလိုလောက်အောင်ပင် ပီတိတဝေဝေ၊ အပြုံးပန်းများနှင့် "လွတ်လပ်ပြီ .... လွတ်လပ်ပြီ ...တို့တွေ လွတ်လပ်ပြီ"ဟု သီဆိုဥဒါန်းကျူးနေကြပေသည်။



ထို့နောက် ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်ဖြင့် မြန်မာ့လွတ်လပ်ရေးနေ့ အခမ်းအနားများကို နိုင်ငံအနှံ့ မြို့ရွာများတွင် ကျင်းပခဲ့ရာ ပြည်သူတို့၏ လွတ်လပ်ရေးစိတ်ဓာတ်သည် ရှင်သန်တိုးပွားလာခဲ့ကြပေသည်။ (၂၅)နှစ်မြောက် လွတ်လပ်ရေးနေ့(ငွေရတု)၊ နှစ်(၅၀)ပြည့် လွတ်လပ်ရေးနေ့(ရွှေရတု)မှသည် ယခု ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက် မြန်မာ့လွတ်လပ်ရေးနေ့ (၇၅)နှစ်ပြည့် စိန်ရတု အခမ်းအနားကို နိုင်ငံအနှံ့ကျင်းပကြရာ ကျွန်တော်သည် နေပြည်တော်တွင် ကျင်းပသည့် ခမ်းနားကြီးကျယ်သော စိန်ရတု လွတ်လပ်ရေးပွဲသဘင်သို့ တက်ရောက်ဆင်နွှဲခဲ့ရပေသည်။

နေပြည်တော်၌ ကျင်းပသည့် ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားသို့ ကျွန်တော်တက်ရောက်ဖြစ်သော အကြောင်းတရားကား လွတ်လပ်ရေးနေ့ အခမ်းအနား၊ လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲနှင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးအပ်မည်ဖြစ်ရာ အလင်္ကာကျော်စွာဘွဲ့ရ ကျွန်တော်လည်း ဘွဲ့နှင်းသဘင်တွင် ဘွဲ့တံဆိပ်ယူပြီး စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားနှင့် လွတ်လပ်ရေးနေ့ ဂုဏ်ပြုညစာစားပွဲ တက်ရောက်ရန် ဖိတ်ကြားစာရထား၍ ရောက်ရှိနေခြင်းဖြစ်ပါသည်။

အချပ်ပိုစာမျက်နှာ (ခ) သို့ »»

**ယခုနှစ် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များပေးအပ်ပွဲ၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနား၊ လွတ်လပ်ရေးနေ့ ညစာစားပွဲတို့သည် လွတ်လပ်ရေးရရှိခဲ့သည့် ၇၅ နှစ်တာကာလအတွင်း ကျွန်တော့်အနေဖြင့် မကြုံဖူးလောက်အောင် များစွာစည်ကားသိုက်မြိုက်၊ ကြီးကျယ်ခမ်းနားလွန်းသည်ကို တအံ့တဩတွေ့ကြုံရ**



အဆောင်သုံးဆောင်သာ ရှိခဲ့သော ဗိုလ်ရှုခံမဏ္ဍပ်ကို မွမ်းမံပြင်ဆင်ခဲ့ရုံသာမက အဆောင်နှစ်ဆောင် ထပ်မံတိုးချဲ့ဖွဲ့စည်းထားမှု၊ ယန္တရားစစ်ကြောင်း ချီတက်အလေးပြုမှုနှင့် တပ်မတော် (လေ)မှ လေယာဉ်များ အုပ်ဖွဲ့ပျံသန်း၍ ချီတက်အလေးပြုမှုကို တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးတွင် ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ခြင်းခံရသူများအား ကြိုဆိုရန် တိုးချဲ့ဆောက်လုပ်ထားသည့် ခမ်းနားသစ်လွင်သော အဆောက်အအုံကြီးကို ဤသို့တွေ့ရစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးတွင် ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ခြင်းခံရသူများအား ကြိုဆိုရန် တိုးချဲ့ဆောက်လုပ်ထားသည့် ခမ်းနားသစ်လွင်သော အဆောက်အအုံကြီးကို တွေ့ရှိလိုက်ရသည်မှာ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား ယခုနှစ်တွင် နိုင်ငံတော်က မည်မျှအလေးထား တန်ဖိုးထားကြောင်း ပေါ်လွင်ထင်ရှားလှ

»»» **အချပ်ပိုစာမျက်နှာ (က) မှ**

ကျွန်တော်သည် နယကအစိုးရ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်ထက် ၂၀၀၇ ခုနှစ် လွတ်လပ်ရေးနေ့က လူမှုထူးချွန်တံဆိပ်၊ သမ္မတကြီး ဦးသိန်းစိန် လက်ထက် ၂၀၁၂ ခုနှစ် လွတ်လပ်ရေးနေ့က စည်သူဘွဲ့၊ ယခု ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နစကအစိုးရလက်ထက်တွင် အလင်္ကာကျော်စွာဘွဲ့များ ရရှိခဲ့ပါသည်။

ယခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များပေးအပ်ပွဲ၊ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနား၊ လွတ်လပ်ရေးနေ့ ညစာစားပွဲတို့သည် လွတ်လပ်ရေးရရှိခဲ့သည့် ၇၅ နှစ်တာကာလအတွင်း ကျွန်တော့်အနေဖြင့် မကြုံဖူးလောက်အောင် များစွာ စည်ကားသိုက်မြိုက်၊ ကြီးကျယ်ခမ်းနား လွန်းသည်ကိုတအံ့တသြတွေ့ကြုံရပါသည်။

### ဘွဲ့မျိုးစုံရရှိသူအများဆုံး

ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်ရာ၌ ယခုနှစ်တွင် ဘွဲ့မျိုးစုံရရှိသူအများဆုံးဟု ဆိုရပေမည်။ နိုင်ငံတော်အကျိုးကို ခေတ်အဆက်ဆက် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသူများ၊ နိုင်ငံတော်အတွက် အသက်ခန္ဓာစွန့်လွှတ်ခဲ့ကြသူများ၊ အမျိုးသားရေးတာဝန် ကျေပွန်ခဲ့သူများကို ဘွဲ့ထူး၊ ဂုဏ်ထူးများ ချီးမြှင့်အသိအမှတ်ပြုခဲ့သည့်အပြင် ဖဆပလ (ပါလီမန်ဒီမိုကရေစီခေတ်)၊ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် (ဆိုရှယ်လစ်ဒီမိုကရေစီခေတ်)၊ နဝတနှင့် နယကအစိုးရလက်ထက်မှစ၍ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ထွန်းလာသော ပါတီစုံဒီမိုကရေစီခေတ်တို့မှ နိုင်ငံ့အကျိုးကို ထူးထူးကဲကဲ သယ်ပိုးခဲ့သူများကိုပါ ဂုဏ်ထူးဆောင်ဘွဲ့များ ထိုက်ထိုက်တန်တန် ပေးအပ်ခဲ့ပါသည်။

၁-၁-၂၀၂၃ ရက်နေ့နှင့် ၂-၁-၂၀၂၃ ရက်နေ့တို့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်၌ လည်းကောင်း၊ ၃-၁-၂၀၂၃ ရက်နေ့တွင် ဇေယျာသီရိဗိမာန်၌ လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့များ၊ တပ်မတော်ဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားများကို ကျင်းပခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးတွင် ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်ခြင်းခံရသူများအား ကြိုဆိုရန် တိုးချဲ့ဆောက်လုပ်ထားသည့် ခမ်းနားသစ်လွင်သော အဆောက်အအုံကြီးကို တွေ့ရှိလိုက်ရသည်မှာ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများအား ယခုနှစ်တွင် နိုင်ငံတော်က မည်မျှအလေးထား တန်ဖိုးထားကြောင်း ပေါ်လွင်ထင်ရှားလှပေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးသဘင်ဆောင်၌ ကျင်းပသည့် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းသည့်အခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်းပါစာသားများကို မှတ်မိနေပါသေးသည်။ "အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ ယနေ့အထိ အသက်ခန္ဓာနှင့် သွေးချွေးတို့ကို ပေးဆပ်ပြီး ထူးကဲစွာ ဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကဏ္ဍတို့တွင် ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတို့တွင် တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးခြားစွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့်လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသော ပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာတီထွင်ဖန်တီးစွမ်းဆောင်နိုင်သည့် ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့တွင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို ယခုလို မင်္ဂလာရှိပြီး ထူးခြားလေးနက်သည့် အခါသမယတွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ထူးဆောင်ဘွဲ့များကို ဂုဏ်ပြုချီးမြှင့်အပ်နှင်းသွားမည်ဖြစ်ပါကြောင်း။

"နိုင်ငံတော်၏ အရေးအရာများနှင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ကြသည့် ခေတ်အဆက်ဆက်တွင်လည်း အမြင်တူခြင်း မတူခြင်း၊ မူဝါဒကွဲပြားခြင်း မကွဲပြားခြင်းများ ရှိခဲ့ပါကြောင်း၊ လက်ရှိအချိန်မှာလည်း အမြင်တူခြင်း မတူခြင်း၊ မူဝါဒကွဲပြားခြင်း မကွဲပြားခြင်းများ ရှိနေပါသေးကြောင်း၊ ယခုနှစ် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ခြင်းသည် တိုင်းပြည် လွတ်လပ်ရေးရရှိရန်နှင့် လွတ်လပ်ရေးကို အစွန့်ရှည်တည်တံ့ရေးတို့အတွက် အသက်ခန္ဓာ ပေးဆပ်ခဲ့ကြသူများနှင့် ဂုဏ်ပြုချီးမြှင့်ထိုက်သူများအားလုံးကို ဂုဏ်ပြုချီးမြှင့်ပေးအပ်ခြင်းဖြစ်ပါကြောင်း။

**အချပ်ပိုစာမျက်နှာ (ဂ) သို့ »»»**



**ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်ရာ၌ ယခုနှစ်တွင် ဘွဲ့မျိုးစုံရရှိသူ အများဆုံးဟု ဆိုရပေမည်။ နိုင်ငံတော်အကျိုးကို ခေတ်အဆက်ဆက် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသူများ၊ နိုင်ငံတော်အတွက် အသက်ခန္ဓာစွန့်လွှတ်ခဲ့ကြသူများ၊ အမျိုးသားရေးတာဝန် ကျေပွန်ခဲ့သူများကို ဘွဲ့ထူး၊ ဂုဏ်ထူးများ ချီးမြှင့်အသိအမှတ်ပြုခဲ့သည့်အပြင် ဖဆပလ (ပါလီမန်ဒီမိုကရေစီခေတ်)၊ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ် (ဆိုရှယ်လစ်ဒီမိုကရေစီခေတ်)၊ နဝတနှင့် နယကအစိုးရလက်ထက်မှစ၍ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ထွန်းလာသော ပါတီစုံဒီမိုကရေစီခေတ်တို့မှ နိုင်ငံ့အကျိုးကို ထူးထူးကဲကဲ သယ်ပိုးခဲ့သူများကိုပါ ဂုဏ်ထူးဆောင်ဘွဲ့များ ထိုက်ထိုက်တန်တန် ပေးအပ်ခဲ့**

»»» အချပ်ပိုစာမျက်နှာ (ခ) မှ

“နိုင်ငံတော်အတွက် မိမိအသက်ခန္ဓာကို ပဓာနမထားဘဲ ကြံ့ခိုင်သည့် စိတ်ဓာတ်၊ စံတင်ထိုက်သည့်စွမ်းရည်၊ ဂုဏ်ယူထိုက်သည့် စွန့်စားခြင်းမျိုးဖြင့် ထူးထူးချွန်ချွန် ဆောင်ရွက်ခဲ့ကြသူများကို အဆင့်ဆင့် စိစစ်ပြီး ထောက်ခံတင်ပြချက်များအရ ချီးမြှင့်ခြင်းဖြစ်ပါကြောင်း။

**သားစဉ်မြေးဆက် ဂုဏ်ယူစရာ**

“ယခုရရှိခဲ့သည့် ဂုဏ်ထူးဆောင်ဘွဲ့များသည် မိမိတို့ ဖြတ်သန်းခဲ့ရသည့် ခက်ခဲကြမ်းတမ်းသောဘဝကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြသည့် မိမိတို့ စွမ်းဆောင်ရည်များကို နိုင်ငံတော်က မှတ်ကျောက်တင်ခြင်းခံခဲ့ရသည့် သင်္ကေတ အမှတ်အသားတစ်ခု ဖြစ်သည့်အတွက် ယနေ့အခမ်းအနားကို ကိုယ်တိုင် တက်ရောက်ခြင်း မပြုနိုင်တော့သည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း သားစဉ်မြေးဆက် ဂုဏ်ယူစရာဖြစ်ပါကြောင်းနှင့် နိုင်ငံတော်နှင့် ပြည်သူများကိုယ်စား လေးစားဂုဏ်ယူပါကြောင်း၊ မိဘဘိုးဘွားများ၏ နိုင်ငံတော်အတွက် ဆောင်ရွက်ခဲ့သည့် ကြီးမြတ်သောဂုဏ်ကို ဆက်လက်စောင့်ထိန်းပေးရန်” ပြောကြားခဲ့ပါသည်။



၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲကြီးကို နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကျင်းပခဲ့ရာ ပြည်သူများ စိတ်ကြည်နူးချမ်းမြေ့ခဲ့ကြပြီး လွတ်လပ်ရေး၏ အငွေ့အသက်များကို ခံစားနားလည်စေခဲ့သည်။

အခမ်းအနားတွင် ဗိုလ်ချုပ်မှူးကြီးက တစ်ဦးချင်းစီအား ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့သည်။ ကိုယ်တိုင် တက်ရောက်လာမယူနိုင်သူများအတွက် ကာယကံရှင်၏ မိသားစုဝင် သား၊ သမီး၊ မြေး၊ မြစ်တို့က ကိုယ်စား တက်ရောက်ယူကြသည်။ မူလက ကိုယ်စား လာယူသူများအားလုံး ဘွဲ့တံဆိပ်တက်ယူမနေဘဲ ဆုအမျိုးအစားအလိုက်၊ ဆုရသူများ ကိုယ်စား တစ်ယောက်၊ နှစ်ယောက်က တက်ယူရန် သက်ဆိုင်ရာကော်မတီက စီစဉ်ခဲ့သည်ဟု သိရသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပင်ပန်းလွန်းမည်ကို စိုးရိမ်သောကြောင့် ဖြစ်ပေလိမ့်မည်။ သို့ရာတွင် ဗိုလ်ချုပ်မှူးကြီးက ကိုယ်စားယူသူအားလုံးကိုလည်း ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့သည်။

ဗိုလ်ချုပ်ကြီး(ငြိမ်း) ဦးနေဝင်း၊ ဦးနု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဦးစန်းယု၊ ဦးအေးကို၊ ဦးစိန်လွင်တို့ ကိုယ်စား သား၊ သမီး၊ မြေးတို့က ဘွဲ့တံဆိပ်ကို လက်ခံကြသည်။ တိုင်းရင်းသားမျိုးစုံ ဂုဏ်ထူးဆောင်ဘွဲ့ရရှိသူများ၊ ဗုဒ္ဓဘာသာဆရာတော် သံဃာတော်များ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များ ဆုတက်ယူကြသောအခါ ပရိသတ်၏လက်ခုပ်သြဘာသံက ပို၍ကျယ်လောင်သည်ကို သတိပြုမိသည်။ ကျွန်တော်တို့ကဲ့သို့ အသက် ၈၀ ကျော်၊ ၉၀ ကျော်များကို တာဝန်ကျဝန်ထမ်းများက ဖေးမတွဲကူပေးသဖြင့် စင်မြင့်ပေါ်တက်ရောက် ဘွဲ့ယူနိုင်ခဲ့ကြပေသည်။



၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဒီဇင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့ရာ ကျောင်းသားကျောင်းသူများ၊ လူငယ်များ၊ ကလေးငယ်များဖြင့် အထူးစည်ကားခဲ့သည်။

**ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရ**

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းပွဲသို့ တက်ရောက်ခဲ့သူအားလုံး၏ သွားရေးလာရေး၊ နေရေးထိုင်ရေး၊ စားရေးသောက်ရေး၊ လုံခြုံရေးမှအစ လိုလေသေးမရှိ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပေသည်။ ယခုရက်များအတွင်း သတင်းများတွင် အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခြင်းမရှိဘဲ အဝေးရောက် လက်ခံရယူသည့် ကာယကံရှင်နှင့် မိသားစုများထံသို့ ဘွဲ့ထူးဂုဏ်ထူးများ၊ ဆုတံဆိပ်၊ ဆုလက်မှတ်များကို တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက လက်ရောက်ချီးမြှင့်အပ်နှင်းနေသည်ကိုလည်း ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရပေသည်။ ဂုဏ်ထူးဆောင်ဘွဲ့များကို ၂၀၂၂ ခုနှစ် တပ်မတော်နေ့မှ စတင်ပြီး အကြိမ်ကြိမ် စိစစ်ထုတ်ပြန်ခဲ့သည်ကို တွေ့ရပါသည်။ ဂုဏ်ထူးဆောင်ဘွဲ့များ ပေးသင့်ပေးထိုက်သူအချို့ ကျန်ကောင်းကျန်နိုင်သည့်အတွက် ပေးအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရှိခဲ့ရပါသည်။

၄-၁-၂၀၂၃ ရက်နေ့ နံနက် ၇ နာရီတွင် ကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားသို့ ဂုဏ်ထူးဆောင်ဘွဲ့ ရရှိသူအားလုံး တက်ရောက်ခဲ့ကြပေသည်။ နိုင်ငံခြားသံရုံးများမှ သံတမန်များ၊ ဖိတ်ကြားထားသော အထူးဧည့်သည်တော်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ၊ ကြည်း၊ ရေ၊ လေ တပ်မတော်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များသည် အခမ်းအနား၏ အံ့သြဖွယ်ရာ ခင်းကျင်းပြသမှုများကို တစ်ဝကြီး ကြည့်ရှုနိုင်ခဲ့ကြပေသည်။

မြန်မာတို့၏ လွတ်လပ်ရေး(ဝါ) မြန်မာပိုင် အချုပ်အခြာအာဏာရပ်ကြီးကို မြန်မာတို့ ပြန်လည်စိုးပိုင်ခဲ့သည်မှာ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် (၇၅)နှစ် တိတိကျကျ ပြည့်ခဲ့လေပြီ။ စိန်ရတုလွတ်လပ်ရေးနေ့ကို အစည်ကားဆုံး၊ အသိုက်မြိုက်ဆုံး၊ အကြီးကျယ်ဆုံး၊ အခမ်းနားဆုံး ကျင်းပနိုင်ခဲ့ပေပြီ။ ပြည်ထောင်စုတစ်ဝန်းလုံးတွင် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားများကို မြန်မာတို့ ဂုဏ်ယူဝမ်းမြောက်စွာ ကျင်းပကြလေသည်။

အချပ်ပိုစာမျက်နှာ (ဃ) သို့ »»»



၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2 သီချင်းဆိုပြိုင်ပွဲကို နေပြည်တော်အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ပြိုင်ပွဲဝင်များက ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိ သောကြာနေ့တိုင်း ရက်သတ္တ ၁၈ ပတ်ကြာ ယှဉ်ပြိုင်ကြရာ ပြည်သူများ တစ်ခဲနက် ကြည့်ရှုအားပေးခဲ့ကြသည်။

**စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနား မကျင်းပမီ ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ထုတ်လွှင့်သည့် တူယှဉ်နွဲပျော် ဂီတပွဲတော်၊ စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ပဒေသာကပွဲ၊ ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် လူငယ်နှင့် စာပေအနုပညာပြပွဲတို့ကိုလည်း တခမ်းတနား စီစဉ်ကျင်းပခဲ့သည်**



၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နေပြည်တော်ရှိ ဗိုလ်ရှုခံရင်ပြင်၌ ကျင်းပစဉ်။

»»» **အချပ်ပိုစာမျက်နှာ (ဂ) မှ**

ကျွန်တော့်အနေဖြင့် နေပြည်တော်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ကျင်းပရန် နိုင်ငံတော်က ကြိုတင်ပြင်ဆင်နေသည့် သတင်းများကို နေ့စဉ်ကြားသိနေခဲ့ရသည်။ ယခုနှစ် လွတ်လပ်ရေးနေ့ အခမ်းအနားသည် ယခင့်ယခင်နှစ်များထက် ထူးထူးကဲကဲ ခမ်းနားကြီးကျယ်စည်ကားလိမ့်မည်ဟု ကြိုတင်ခန့်မှန်းနိုင်ခဲ့ပါသည်။ စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားမကျင်းပမီ ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ထုတ်လွှင့်သည့် တူယှဉ်နွဲ့ပျော်ဂီတပွဲတော်၊ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ၊ ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် လူငယ်နှင့် စာပေအနုပညာပြပွဲတို့ကိုလည်း တခမ်းတနား စီစဉ်ကျင်းပခဲ့သည်ကို သတင်းများတွင် တွေ့ခဲ့ရပါသည်။

**အဆောင်နှစ်ဆောင် တိုးချဲ့**

ဗဟိုမဏ္ဍပ်၏ ဘေးတစ်ဖက်တစ်ချက်တွင် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုဆင်နွှဲနိုင်ရန် မဏ္ဍပ်များ ခင်းကျင်းထားသည်။ ယခင်က အဆောင်သုံးဆောင်သာရှိခဲ့သော ဗိုလ်ရှုခံမဏ္ဍပ်မှာ ကျယ်ဝန်းခမ်းနားနေသည်ကို တွေ့ရ၍ မေးမြန်းကြည့်ရာ ယခုနှစ်တွင် ယခင်ရှိပြီး ဗိုလ်ရှုခံမဏ္ဍပ်ကို မွမ်းမံပြင်ဆင်ခဲ့ရုံသာမက အဆောင်နှစ်ဆောင် ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့သည်ဟု သိရသည်။

ထိုနေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ဒုတိယသမ္မတ(ငြိမ်း) သရေစည်သူ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး၊ ဒုတိယသမ္မတ(ငြိမ်း) သရေစည်သူ ဦးညဏ်ထွန်းနှင့် ဇနီး၊ ခေတ်အဆက်ဆက် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံတော်အကြီးအကဲများ၏ မိသားစုဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်များ၊ တပ်မတော်မှ အငြိမ်းစားဗိုလ်ချုပ်ကြီးနှင့် ဒုတိယဗိုလ်ချုပ်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ဂုဏ်ထူးဆောင် ကောင်စစ်ဝန်များ၊ စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများ၊ NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် NCA စာချုပ် လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်နှင့်

**အချပ်ပိုစာမျက်နှာ (င) သို့ »»»**



၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။



**ဗဟိုမဏ္ဍပ်၏ ဘေးတစ်ဖက်တစ်ချက်တွင် ဖိတ်ကြားထားသူများ တက်ရောက်ကြည့်ရှုဆင်နွှဲနိုင်ရန် မဏ္ဍပ်များ ခင်းကျင်းထားသည်။ ယခင်က အဆောင်သုံးဆောင်သာရှိခဲ့သော ဗိုလ်ရှုခံမဏ္ဍပ်မှာ ကျယ်ဝန်းခမ်းနားနေသည်ကိုတွေ့ရ၍ မေးမြန်းကြည့်ရာ ယခုနှစ်တွင် ယခင်ရှိပြီး ဗိုလ်ရှုခံမဏ္ဍပ်ကို မွမ်းမံပြင်ဆင်ခဲ့ရုံသာမက အဆောင်နှစ်ဆောင် ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့သည်ဟု သိရ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ချီတက်အလေးပြုသည့် ဝန်ကြီးဌာနကိုယ်စားပြု တပ်ခွဲများကို ရင်းရင်းနှီးနှီး လက်ပြနှုတ်ဆက်စဉ်။

»»» **အချပ်ပိုစာမျက်နှာ (ဃ) မှ**

တပ်နယ်မှ အရာရှိကြီးများ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ အနုပညာရှင်များ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များကိုပါ ဗဟိုမဏ္ဍပ်နှင့် ဝဲဘက်/ယာဘက်မှ ဧည့်မဏ္ဍပ်များ၌ တက်ရောက်ခဲ့ကြသည်ကို တွေ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကို ချီတက်အလေးပြုကြသည့် စစ်ရေးပြမှူးကြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်အောင်ဦးဆောင်သော နိုင်ငံတော်အလံအဖွဲ့နှင့် စစ်ရေးပြတပ်ရင်းများက စုရပ်ကွင်းမှ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပမည့် ဥပစာရင်ပြင်သို့ ချီတက်နေရာယူကြသည်ကို တွေ့မြင်ရသည်။

မျက်နှာချင်းဆိုင် စင်မြင့်များ၏ အလယ်စင်မြင့်တွင် နေပြည်တော် ကောင်စီနယ်မြေရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက ရောင်စုံကတ်ပြားများ ကိုင်ဆောင်ကာ "(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ၄-၁-၂၀၂၃" စာသား၊ "75th Anniversary of Diamond Jubilee Independence Day (4–1–2023)" စာသား၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံပုံရိပ်၊ "စည်းလုံးခြင်းသည် အင်အား" စာသား၊ ထင်းစည်းချိုးရုပ်တုအား တိုင်းရင်းသားလူမျိုး ရှစ်မျိုးခြံရံထားသည့် ပုံရိပ်၊ "လွတ်လပ်ရေးကို ကာကွယ်ပါ"ဆိုသော စာသား၊ ချိုးဖြူငှက်က သံလွင်ခက်ကို ကိုက်ချီပျံသန်းနေပုံ၊ "ရှေ့သို့ ချီမည် ပန်းတိုင်ဆီ"စာသား၊ "Keep Moving Forward to Achieve Our Goal" စာသား၊ "ပြန်လည်ဆုံတွေ့ကြပါစို့"စာသားတို့ကို ပီပြင်လှပစွာ သရုပ်ဖော်တင်ဆက်နေကြပုံကို တွေ့မြင်ရသည်မှာ နှစ်ခြိုက်ကျေနပ်ဖွယ် ကောင်းနေပေသည်။

ကျွန်ုပ်တို့သည်... အစချီသည့် သစ္စာအဓိဋ္ဌာန်ပြုသံများ ကွင်းလုံးပြည့် ကျယ်လောင် ဟိန်းထွက်လာသည်။ သစ္စာအဓိဋ္ဌာန် ပြုကြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စစ်ရေးပြတပ်ရင်း၊ ဂုဏ်ပြုယာဉ်များ၊ တပ်မတော်နှင့် ပြည်ထဲရေးမှ ယန္တရားတပ်ခွဲများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနား မိန့်ခွန်းမြွက်ကြားရာတွင် **"တိုင်းရင်းသားသွေးချင်းညီအစ်ကို မောင်နှမများ သွေးစည်းချစ်ကြည်စွာ စုပေါင်းနေထိုင်ကြသော အမိမြန်မာနိုင်ငံတော်သည် အနော်ရထာမင်းတရားကြီး လက်ထက်၊ ဘုရင့်နောင်မင်းတရားကြီး လက်ထက်၊ အလောင်းမင်းတရားကြီး လက်ထက်တို့တွင် ဘုရင့်နိုင်ငံတော်အဖြစ် စည်းလုံးညီညွတ်မှုရှိခဲ့ကြသည့်အတွက် နိုင်ငံတော်၏ ဂုဏ်ရှိန်ရောင်ဝါ ထွန်းတောက်ခဲ့ကြောင်း၊ နိုင်ငံ၏ စည်းလုံးညီညွတ်မှု အားနည်းနေချိန်၌ ကိုလိုနီနယ်ချဲ့တို့က ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲခဲ့ပြီးနောက် ထီးကျိုးစည်ပေါက်ထီးနန်းပျောက်ပြီး တစ်နိုင်ငံလုံး သူ့ကျွန်ဘဝ ရောက်ခဲ့ရကြောင်း၊ နယ်ချဲ့များက မြန်မာနိုင်ငံကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍအသီးသီးတွင် နည်းအမျိုးမျိုးဖြင့် ဖိနှိပ်သွေးစုပ် အမြတ်ထုတ်ခဲ့ကြကြောင်း၊ မြန်မာနိုင်ငံကို ကိုလိုနီသက်ဆိုးရှည်စေရန် နယ်ချဲ့များက တောင်ပေါ်မြေပြန့်သွေးခွဲအုပ်ချုပ်ခဲ့ပြီး တိုင်းရင်းသားညီအစ်ကိုအချင်းချင်း သွေးကွဲအောင်**

အချပ်ပိုစာမျက်နှာ (စ) သို့ »»»









၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ဝန်ကြီးဌာနကိုယ်စားပြုတပ်ခွဲများ၏ ချီတက်အလေးပြုမှုများမှာ အားမာန်ပါပြီး တက်ကြွမှုအပြည့်ဖြင့် ညီညာလှသည်ကို တွေ့ရစဉ်။



တပ်မတော်(လေ) မှ ဂျက်တိုက်လေယာဉ်များ အုပ်စုဖွဲ့ ပျံသန်း၍ ချီတက်အလေးပြုကြစဉ်။



တပ်မတော်(လေ) မှ စမ်းသပ်ထုတ်လုပ်သည့် MTX – 1 A အပါအဝင် PC – 6 လေယာဉ် ၁၅ စင်းဖြင့် အင်္ဂလိပ်အက္ခရာ 75 ပုံစံ အုပ်ဖွဲ့ပျံသန်း၍ အလေးပြုစဉ်။

»»» အချပ်ပိုစာမျက်နှာ (င) မှ

**စနစ်တကျ သွေးခွဲသပ်လျှိုမှုများ ပြုလုပ်ခဲ့ကြကြောင်း၊ တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ ဦးဆောင်မှုနှင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့်အတွက် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြောင်း"** သမိုင်းကြောင်း နောက်ခံဖြင့် စတင်မြွက်ကြားခဲ့ပေသည်။

"တိုင်းရင်းသား ပြည်သူများ၏ အသက်၊ သွေး၊ ချွေးများကို စတေးပြီး ရယူခဲ့ရသော လွတ်လပ်ရေးသည် အလွန်အရင်းအနှီးကြီးမားလှကြောင်း၊ ထင်ရှားသော သာဓကပင်ဖြစ်ကြောင်း" လွတ်လပ်ရေးဆုံးရှုံးရမှု အကြောင်းရင်းခံနှင့် ညီညွတ်ချစ်ကြည်မှုတို့ဖြင့် လွတ်လပ်ရေးရပြီဟု သမိုင်းကြောင်းတို့ကို ရှင်းရှင်းပြတ်ပြတ်၊ ကွင်းကွင်းကွက်ကွက် ဖြစ်လာကြစေရန် ဗိုလ်ချုပ်မှူးကြီးက ရှင်းလင်းပြဆိုသွားခဲ့သည်။

ဆက်လက်၍ "တိုင်းပြည်ဖွံ့ဖြိုးရေးကို ပြည်တွင်းအားနှင့်သာ အဓိကထားတည်ဆောက်ကြရမည် ဖြစ်ကြောင်း၊ မြေပေါ်မြေအောက်၊ ရေသယံဇာတ ကြွယ်ဝပြီး လူသားအရင်းအမြစ်ရှိသော မိမိတို့နိုင်ငံသည် မဖွံ့ဖြိုးမတိုးတက်စရာ မရှိကြောင်း၊ မိမိတို့ညီညွတ်လျှင်၊ ကြိုးစားလျှင် မြန်မာနိုင်ငံသည် ဒေသအလက်များစွာကို ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာတွင်လည်း တွေ့ရသည့်အတွက် ဗိုလ်ချုပ်မှူးကြီးအနေဖြင့် လွတ်လပ်ရေးကို အလေးထားတန်ဖိုးထားရန် လိုအပ်သည်ကို ပြည်သူများ သိစေချင်သည့် ဆန္ဒရှိကြောင်း ပေါ်လွင်ထင်ရှားပါသည်။

အညာဒေသလည်းဖြစ်၊ ရိုးမအလယ်တွင် တည်ထားသည့်မြို့လည်းဖြစ်သော နေပြည်တော်၏ ဆောင်းရာသီနံနက်ခင်းသည် ချမ်းအေးလှပေသည်။ လွတ်လပ်ရေးအခမ်းအနားမိန့်ခွန်းကို နားထောင်မိသောအခါ ယနေ့မျက်မှောက်ကာလကြည်း၊ ရေ၊ လေ အလံများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုအလံများ၊ ဝန်ကြီးဌာနကိုယ်စားပြုအလံများ၊ ကာကွယ်ရေးအလံနှင့် ရောင်စုံအလံများ ချိတ်ဆွဲသယ်ဆောင်ကာ ဝေဟင်ထက်မှ မြေပြင်သို့ ဆင်းသက်၍ ချီတက်အလေးပြုကြသည်။

အခမ်းအနား ကြေညာသူများ၏ ကြေညာချက်အရ တပ်မတော်သားအရာရှိ၊ စစ်သည်၊ အရာရှိ စစ်သမီးများသည် လေထီးခုန်လေ့ကျင့်မှု အကြိမ်ရေ (၇၅)ကြိမ်မှ (၁၁၂၅)ကြိမ်ထိ လေ့ကျင့်ထားကြပြီး လေ့ကျင့်သားပြည့်ဝသူများဖြစ်သည်ဟု ကြားသိရ၍ နိုင်ငံတော်ကာကွယ်ရေးစွမ်းအားအတွက် ကျွန်တော့်အနေဖြင့် ပီတိများစွာဖြစ်မိပါသည်။

ထို့နောက် ဂုဏ်ပြုယာဉ်များဖြင့် ချီတက်အလေးပြုကြရာ ဦးဆောင်ဂုဏ်ပြုယာဉ်က စတင်ဝင်ရောက်လာသည်။ အဓိပ္ပာယ်ပြည့်ဝ၊ ခမ်းနားစွာ ပြင်ဆင်ထားသော ဂုဏ်ပြုယာဉ်နှင့်အတူ ရှေးမြန်မာ့အစဉ်အလာ ဝင်းခင်းချီတက်လာပုံကိုပါ တွေ့ရ၍ ရှေးခေတ်ဟောင်းအောက်မေ့ဖွယ် ဖြစ်ရသည်။ ဆက်လက်၍ တပ်မတော် ကြည်း၊ ရေ၊ လေ ဂုဏ်ပြုယာဉ်များနှင့် ခေတ်အဆက်ဆက် စစ်ရေးပြတပ်ခွဲများ၊ မြန်မာ့သိုင်းသရုပ်ပြ စစ်သမီးနှင့် စစ်သည်များ၊ အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး၊ ရေတပ်အထူးတပ်ဖွဲ့)၊

**အချပ်ပိုစာမျက်နှာ (ဆ) သို့ »»»**



အလွတ်ခုန် လေထီးအဖွဲ့မှ လေထီးအရာရှိ စစ်သည်၊ စစ်သမီးနှင့် အခြားအဆင့် လေထီးစစ်သည်၊ စစ်သမီး စုစုပေါင်း ၇၅ ဦးတို့က ဝေဟင်အမြင့်ပေ ၇၅၀၀ မှ အလွတ်ခုန်၍ အလံများ ချိတ်ဆွဲသယ်ဆောင်ကာ ဝေဟင်ထက်မှ မြေပြင်သို့ ဆင်းသက်၍ ချီတက်အလေးပြုကြစဉ်။





လွတ်လပ်ရေးရခဲ့ပြီး နောက်ပိုင်းတွင်လည်း နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု အကျိုးဆက် က ယနေ့ထက်တိုင် တင်ကျန်နေဆဲဖြစ်ပြီး နိုင်ငံတော်တွင် ပြည်တွင်းလက်နက်ကိုင် အဖွဲ့အစည်းများစွာ ပေါ်ပေါက်လာခဲ့ကြောင်း၊ သို့သော် လွတ်လပ်ရေးကပေးလိုက်သည့် ကြီးမြတ်သည့် လက်ဆောင်သည်ကား မြန်မာနိုင်ငံသား အားလုံး၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်နှင့် စည်းလုံးညီညွတ်မှုတို့ပင်ဖြစ်ကြောင်း၊ တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများအားလုံး အတူတကွ စည်းလုံးညီညွတ်ကြသောအခါ အောင်မြင်မှုကို မလွဲမသွေရရှိနိုင်သည်ဆိုသည်ကို လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမှာအတွင်းမှသည် ကမ္ဘာ့ထိပ်တန်းနိုင်ငံအထိ မလွဲကေန် ရောက်ရှိမည်ဖြစ်ကြောင်း၊ (၇၅)နှစ်တာအတွင်း အခက်အခဲပေါင်းများစွာကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့မှုအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူများအားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ (၇၅)နှစ်မှသည် နှစ်ရာထောင်မက ကမ္ဘာတည်သရွေ့ နိုင်ငံတော်ကြီး ဝင့်ကြွားစွာ ထာဝရတည်တံ့နေဖို့ မိမိတို့အားလုံး နိုင်ငံချစ်စိတ်၊ မြန်မာစိတ်နှင့် ကြိုးစားလုပ်ဆောင်သွားကြဖို့ တိုက်တွန်းလိုပါကြောင်း၊ "ကမ္ဘာတည်သရွေ့ မြန်မာပြည်ရှိရပါမယ်"ဟု ထည့်သွင်းပြောကြားခဲ့သည်။

မိန့်ခွန်းပါအကြောင်းအရာ၊ အချက်အလက်များစွာကို ... မြန်မာနိုင်ငံနှင့်ပတ်သက်၍ အကြောင်းအရာ ပြည့်ဝစုံလင်ခြင်း၊ သမိုင်းအချက်အလက်ပါ သတင်းအချက်အလက်များ ပါရှိခြင်းတို့ကြောင့် ကျွန်တော်သည် ချမ်းအေးရမှန်းမသိတော့ချေ။ မိန့်ခွန်းပြောပြီးသည်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီးဌာနကိုယ်စားပြု တပ်ရင်းများ၊ ရဟတ်ယာဉ်များ၊ လေယာဉ်များက မြေပြင်နှင့် ဝေဟင်ထက်မှ ချီတက်အလေးပြုကြသည်။

ထို့ပြင် အလွတ်ခုန် လေထီးအဖွဲ့မှ လေထီးအရာရှိ စစ်သည်၊ စစ်သမီးနှင့် အခြားအဆင့် လေထီးစစ်သည်၊ စစ်သမီး စုစုပေါင်း ၇၅ ဦးတို့က ဝေဟင်အမြင့်ပေ ၇၅၀၀ မှ အလွတ်ခုန်၍ တပ်မတော်အလံ၊



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ဘုရင်၊ အိမ်ရှေ့စံ၊ မိဖုရားများ၊ သားတော်သမီးတော်များ၊ ရံရွေတော်များ၊ ဝန်ကြီးများ၊ ပညာရှိအမတ်များ၊ စစ်သူကြီးများ၊ သူရဲသူကြွယ်များ၊ ဆွေတော်မျိုးတော်များ၊ ဆင်၊ မြင်း၊ ဗိုလ်ပါ မှူးမတ်များနှင့် ရဲမက်တော်များပါဝင်သည့် ရာဇဝင်ခင်း၍ ဤသို့ ချီတက်အလေးပြုကြစဉ်။

»»» **အချပ်ပိုစာမျက်နှာ (စ) မှ**

ပြည်ထဲရေး သိုင်းသရုပ်ပြအဖွဲ့များ ချီတက်လာကြသည်။ မြန်မာ့ရိုးရာ ကိုယ်ခံပညာရပ်များကို လှပစွာ ပြသသွားကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ် ၁၅ စီးက ဒေသအလိုက် သရုပ်ဖော်၊ သရုပ်ပြမှုများဖြင့် တန်ဆာဆင် ချီတက်လာကြသည်။ ထို့နောက် ဝန်ကြီးဌာန ကိုယ်စားပြုယာဉ် ၂၆ စီးက စီတန်းဝင်လာကြသည်။ ထိုယာဉ်များတွင် ဒေသအလိုက်၊ ဌာနအလိုက် ထင်ရှားသောနေရာ၊ အဆောက်အအုံ၊ ဓလေ့ထုံးတမ်း လုပ်ငန်းများကို သရုပ်ဖော်ဆင်ယင်ထားကြသည်။ ထိုယာဉ်တိုင်းလိုလိုပင် ယာဉ်၏အောက်မြေပြင်တွင် ချီတက်လာသော ယိမ်းအဖွဲ့၊ အကအပြအဖွဲ့၊ သရုပ်ပြအဖွဲ့များက ပါလာမြဲဖြစ်သည်။

ယင်းနောက် တပ်မတော် ယန္တရားတပ်ခွဲ ရှစ်ခွဲနှင့် ပြည်ထဲရေးတပ်ခွဲ တစ်ခွဲတို့က ချီတက်အလေးပြုကြသည်။ ဝေဟင်ယံတွင်လည်း တပ်မတော်(လေ)မှ လေယာဉ်အချို့က လေကြောင်းစွမ်းရည်ပြသရင်း ကောင်းကင်ယံမှ ပျံသန်းအလေးပြုကြသည်။ လေယာဉ်မျိုးစုံ စင်းရေ ၇၅ စင်းကို ဝေဟင်မော့ကြည့်ရှင်း၊ မြေပြင်ငုံ့ကြည့်ရှင်း၊ လွတ်လပ်ရေးနေ့အခမ်းအနား ဂုဏ်ပြုယာဉ်များ၊ ယန္တရားစစ်ကြောင်းတို့ကို ငေးကြည့်ရှင်းဖြင့် မွန်းလွဲ ၁၂ နာရီခွဲခန့်မှ အခမ်းအနားပြီးသည်။ အခမ်းအနားက ခြောက်နာရီမျှကြာမြင့်သည်။ ပြသမှုအစီအစဉ်များက အံ့မခန်းရှိလှသည်။ ပြည်သူများသည်လည်း ရုပ်မြင်သံကြားမှ တိုက်ရိုက်လွှင့်ထုတ်ချက်များကို ကြည့်လိုက်ကြရလေသည်။ ယခုနှစ်ကတော့ "ကြီးကျယ်ခမ်းနားပါ့။ အံ့လောက်ပါပေ့" ဟူသော မှတ်ချက်စကားသံများကိုလည်း ကြားခဲ့ရသည်။

ဝန်ကြီးဌာနကိုယ်စားပြုတပ်ခွဲများ၊ စစ်ရေးပြစစ်ကြောင်းများ၊ ယန္တရားစစ်ကြောင်းများ၏ ချီတက်အလေးပြုမှုများမှာ အားမာန်ပါပြီး တက်ကြွမှုအပြည့်ဖြင့် ညီညာလှသည်ကို တွေ့ရ၍ အနီးရှိ တာဝန်ရှိသူ တစ်ဦးကို မေးကြည့်ရာ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ နောက်ဆုံးပတ်မှ စတင်၍ အကြိမ်ကြိမ် စုဖွဲ့လေ့ကျင့်ခဲ့ပြီး ၃၁-၁၂-၂၀၂၂ ရက်နေ့အထိ လေ့ကျင့်ခဲ့ကြောင်း သိရှိခဲ့ရပါသည်။

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်အကြီးအကဲ၏ ဂုဏ်ပြုညစာစားပွဲကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝင်းအတွင်း ကျင်းပရာ ကျွန်တော့်အထင် ၁၀ ယောက်ထိုင် စားပွဲဝိုင်းတစ်ရာကျော် ရှိလောက်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းသော ဂုဏ်ပြုညစာစားပွဲဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝင်းအတွင်းရှိ ကွက်လပ်ကျယ်တွင် ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ တေးသံရှင်များ၊ အနုပညာရှင်များ၊ နိုင်ငံကျော်တေးသံရှင်များ၊ အနုပညာရှင်များက အဆို၊ အကများဖြင့် ဧည့်ခံ၏။ မီးရှူးမီးပန်းများ၏ ကောင်းကင်မြင်ကွင်းအလှ၊ မီးလျှံလေးများကို ဒရုန်းအသုံးပြု၍ ဝေဟင်သို့ လွှတ်တင်ကာ စာတန်းများပေါ်လာလိုက်၊ ရုပ်ပုံများပေါ်လာလိုက်ဖြင့် တင်ဆက်မှုကိုလည်း စိတ်ဝင်တစားရှိကြသည်။ လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ချီတက်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ တပ်မတော်နှင့် ဝန်ကြီးဌာန ဂုဏ်ပြုယာဉ်များကို အကဲဖြတ်စိစစ်ကာ ဆုချီးမြှင့်ခြင်းကိုလည်း ညစာတည်ခင်းစဉ်မှာပင် ကျင်းပခဲ့သည်။ **အချပ်ပိုစာမျက်နှာ (ဇ) သို့ »»»**



အကြမ်းဖက်နှိမ်နင်းရေးတပ်နှင့် လုံခြုံရေးတပ်ရင်းမှ စစ်သည်များ စွမ်းရည်ပြကွက်များကို ဤသို့ ပြသခဲ့စဉ်။

## စိန်ရတု မြန်မာ့လွတ်လပ်ရေးနေ့

(တျာချင်း)

☆ ကိုယ့်ထီးကိုယ့်နန်း၊ ကြငှန်းစိုက်ထူ၊
ထီးဖြူစိုးမိုး၊ တန်ခိုးတေဇာလူ။
ပြည်သားပြည်သူ၊ ဂုဏ်ယူကြွားဝင့်၊
အချုပ်အခြာ၊ ပြည့်အာဏာ၊
တို့မြန်မာတံခွန် လွှင့်သည်နှင့်လေး။

☆ ရွှေနှင့် ပတ္တမြား၊ စပါးကောက်နှံ။
သတ္တုကြွယ်ပေ့၊ ဓာတ်ငွေ့ပြည့်ဖြိုးလျှံ။
ကျွန်းသစ်ရေနံ၊ နိုင်ငံအနှံ့။
ယဉ်ကျေးမှုအမွေ၊ ပုဂံမြေ၊
မြန်မာတွေ ဂုဏ်ရောင်ပျံ့သည်နှင့်လေး။

☆ ခံ့ခံ့ညားညား၊ မားမားစွင့်ကာ
သယံဇာတ၊ ပေါကြွယ်ဝ ပြည်မြန်မာ။
သွားရည်ယိုကာ၊ ကျူးလာနယ်ချဲ့။
တို့အချုပ်အခြာ၊ တို့အာဏာ၊
ကောက်ကျစ်စွာ လုယက်ခဲ့သည်နှင့်လေး။

☆ နယ်ချဲ့တိုက်ထုတ်ရေး၊ အသက်သွေးရင်းကာ၊
ညီနောင်သားချင်း၊ ရိုင်းပင်းစည်းလုံးစွာ။
တိုက်ယူခဲ့တာ၊ တို့ မြန်မာလွတ်လပ်ရေး။
ပြည်သူ့အားမာန်၊ ကြွေ့ကြွေ့လျှံ၊
မြန်မာ့အောင်သံ၊ တို့ဟစ်ကြွေးသည်နှင့်လေး။

☆ လွတ်လပ်ရေးအောင်ပန်း၊ သက်တမ်းစိန်ရတုတိုင်။
(၇၅)နှစ်ပြည့်၊ ကျင်းပသည့်အောင်ပွဲလှိုင်။
ကောင်းခြင်းဖြိုင်ဖြိုင်၊ နိုင်ငံ့ဂုဏ်တက်၊
အေးချမ်းသာယာ၊ ခေတ်မီစွာ၊
ပြည်မြန်မာ ရွှေရောင်လက်သည်နှင့်လေး။

☆ ရောင်ဝါပြိုးပြက်၊ ထွန်းလက်လင်းဖြာ၊
ထေရဝါဒ - မြတ်ဗုဒ္ဓသာသနာ။
တရားဓမ္မကြားနာ၊ ကျင့်ကြံကာ နိဗ္ဗာန်ဆိုက်၊
ရှစ်ပါးမဂ္ဂင်၊ စိတ်ကြံအစဉ်၊
အဓိဋ္ဌာန်ဝင် - လုံ့လစိုက်ကြသည်နှင့်လေး။

- ဗုဒ္ဓသာသနာ အထွတ်အမြတ်တွေး
  စိရံတိဋ္ဌတု။
- မုချ မြန်မာ့လွတ်လပ်ရေး
  ပကတိအမှန် စိန်ရတု။

တက္ကသိုလ်မြတ်သူ



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ယန္တရားတပ်ခွဲများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးစဉ်။





»»» အချပ်ပိုစာမျက်နှာ (ဆ) မှ

ကျွန်တော့် အသက် ၉၂ နှစ်။ ကိုဗစ်ရောဂါဖြင့် ဆေးရုံတက်ရင်း နှလုံးသွေးကြောကျဉ်းသည်ကို ကုသနေရပြီး ဇရာထောင်းရုံမျှမက အနာရောဂါအမျိုးမျိုး ဖိစီးခံရ၍ ယခင်ကလို သွက်လက်ကြံ့ခိုင်ခြင်းမရှိသည့်တိုင် နေပြည်တော်၌ ကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကို ကျန်းမာပျော်ရွှင်စွာ လန်းလန်းရွှင်ရွှင် ဆင်နွှဲနိုင်ခဲ့ပါသည်။

ကျွန်တော်သည် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနား တက်ရောက်ပြီး ပီတိဖြစ်ရသဖြင့် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တောင်ဘက် တပေါင်းကွင်းအတွင်း စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများနှင့် ဂုဏ်ပြုယာဉ်များအား ၄-၁-၂၀၂၃ ရက်နေ့မှ ၈-၁-၂၀၂၃ ရက်နေ့အထိ ခင်းကျင်းပြသထားသည့် ပြပွဲသို့ သွားရောက်နိုင်ခြင်းမရှိခဲ့ပါ။ သို့သော် သတင်းများအရ ထိုပြခန်းများသို့ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ပြည်သူများ စိတ်ဝင်တစားဖြင့် နေ့စဉ်ပျားပန်းခပ်မျှ လာရောက်ကြည့်ရှုလေ့လာကြသည်ကို သိရသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက် ယခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့၏ ခမ်းနားကြီးကျယ်မှုကို ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်မိပါသည်။

ပထမအကြိမ် ၄-၁-၁၉၄၈ ရက်နေ့ လွတ်လပ်ရေးပွဲမှသည် ယခု ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိ အခမ်းအနား စုစုပေါင်း (၇၅)ခု၊ (၇၅)ကြိမ် ဆင်နွှဲခဲ့ရသည်ကို မှတ်မှတ်ရရ ရှိနေပါသည်။ ၁၉၄၈ ခုနှစ်က ဝမ်းသာဂုဏ်ယူစွာ ဆင်နွှဲခဲ့သည့်နည်းတူ (၇၅)နှစ်မြောက် စိန်ရတုပွဲတော်ကိုလည်း ဝမ်းမြောက်ဂုဏ်ယူစွာ ဆင်နွှဲရကြောင်းပါခင်ဗျာ။ ။



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ဂုဏ်ပြုယာဉ်များကို တွေ့ရစဉ်။



